နိုက်တင်ဂေးလ်

NIGHTINGALE

ကျန်းမာရေးဂျာနယ်

အတွဲ - ၁၊ အမှတ် - ၉၊ ဇန်နဝါရီ၊ ၂၀၀၇ - ခုနှစ်

လွတ်မြောက်နယ်မြေမှ ကျန်းမာရေးလုပ်သားများ စုစည်းထုတ်ဝေသည်။

နိုင်ငံတကာ ကလေးများနေ့

နိုင်ငံတကာကလေးများနေ့ အထိမ်းအမှတ် အခမ်းအနား စီဒီစီ(မယ်တော်)ကျောင်းတွင် ကျင်းပ

❐ ကမ္ဘာပေါ်မှာရှိတဲ့ ကလေးသူငယ်များရဲ့ ဘဝလုံခြုံရေး၊ တိုးတက် မြင့်မားရေး၊ ဆုံးရှုံးနေတဲ့ အခွင့်အရေးတွေကို ရရှိကာကွယ်ရေးအတွက် လုပ်ဆောင်ကြဖို့ တိုက်တွန်း နှိုးဆော်တဲ့ အနေနဲ့ ၂၀၀၇ခုနှစ်ဇန်နဝါရီလ(၂၀)ရက်နေ့က (International Children's Day Celebration) 'နိုင်ငံတကာကလေးများနေ့'အခမ်းအနားကို စီဒီစီ(မယ်တော်)ကျောင်းမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီနေ့မှာ ကမ္ဘာအနှံ့က နိုင်ငံတိုင်းမှာ 'ကလေးများနေ့' အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ အားကစား၊ ဟောပြောပွဲ စသည်ဖြင့် စည်စည်ကားကား ပြုလုပ်ကျင်းပမြဲဖြစ်ပါတယ်။ ဒီနှစ် (၂၀၀၇)ခုနှစ် ဇန်နဝါရီလ (၂၀)ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ 'နိုင်ငံတကာကလေးများနေ့'အခမ်းအနားသို့ မဲဆောက်မြို့ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသူ/သားများနဲ့ ဆရာ/မများ၊ ဧည့်သည်တော်များ စုစုပေါင်းလူဦးရေ (၂၀၀၀) ကျော်ခန့် တက်ရောက်ခဲ့ကြပါတယ်။ လူထုရွှေ့ပြောင်းမှု၊ ပြည်တွင်းစစ်ဒဏ်ခံရမှု၊ စီးပွားရေးချို့တဲ့မှု၊ အခွင့်အရေးချိုးဖောက်မှုတွေကြောင့် ထိုင်း-မြန်မာနယ်စပ်မဲဆောက်မြို့ကိုရောက်ရှိလာရတဲ့ ကလေးသူငယ်များအနေနဲ့ သူတို့ရဲ့အနာဂတ်ယုံကြည်ချက်၊ ရည်မှန်းချက်၊မျှော်လင့်ချက်တွေ ရှင်သန် ထက်မြက်နေဖို့ လိုပါတယ်။ မိမိတို့ အနေနဲ့လည်း မေတ္တာ ငတ်မွတ်နေတဲ့ ကလေးတွေရဲ့ အလိုဆန္ဒတွေကို ဖြည့်ဆည်းပေးနိုင်ရမှာ ဖြစ်ပါတယ်။ ငယ်ရွယ်နုပျိုတဲ့ကလေးတွေရဲ့ နှလုံးသားမှာ အတိတ်က ခံစားခဲ့ရတဲ့ သမိုင်းအရိပ်မဲက ကြီးစိုးမနေစေပဲ သူတို့လေးတွေရဲ့ အနာဂတ်မှာ ထွန်းတောက်လာစေဖို့အတွက် ကလေးတွေရဲ့ စိတ်ဓာတ်ကို ဝိုင်းဝန်းမြှင့်တင် ပေးရမှာ ဖြစ်ပါတယ်။

ဒီနှစ် အခမ်းအနား ပြုလုပ်တဲ့နေရာမှာ နေကပူပူ၊ ဖုန်တလိမ့်လိမ့်နဲ့ ဆိုပေမယ့် ကလေးများနဲ့ ရောက်ရှိလာတဲ့ ဧည့်သည်များ၊ ဆရာ/မများ၊ ကလေး မိဘတွေဟာ အပြုံးမပျက်ပဲအခမ်းအနားကို ပျော်ပျော်ရွှင်ရွှင်နဲ့ တက်ရောက်လာတာကိုတွေ့ရပါတယ်။ အခမ်းအနား ကျင်းပရာ ကွင်းပတ်လည်မှာလည်း ကလေးများ ပျော်ပျော်ရွှင်ရွှင် ကစားနိုင်ဖို့ အတွက် ဘောလုံးကန်ပြိုင်ပွဲ၊အုန်းသီးရိုက်ပြိုင်ပွဲ

စာမျက်နှာ (၁၂)သို့...

အယ်ဒီတာချုပ် - ဒေါက်တာစင်သီယာမောင်
တာဝန်ခံအယ်ဒီတာ - ဒေါက်တာလွဏ်းဆွေ
အဖွဲ့ဝင်အယ်ဒီတာ - မန်းမန်းမန်း
- မန်းရွှေနှင်း
စီစဉ်သူ - နိုင်အေးလွင်
Layout & Design - ကျော်အဲနယ်
စာစီစာရိုက် - ကျော်မူးလာ

အယ်ဒီတာ့အာဘော်

လူသားတို့၏လုံခြုံရေးကို ခြိမ်းခြောက်နေသည့် ကပ်ဆိုးများကို ပူးပေါင်းကျော်လွှားရေး

ဆင်းရဲမွဲတေမှုနှင့် ငတ်မွတ်ခေါင်းပါးမှုအပါအဝင် ဘေးဒုက္ခများကြောင့် ကလေးငယ်များအနေနှင့် မူလတန်းအဆင့်ပညာကိုပင် သင်ကြားနိုင်ခွင့် မရရှိနိုင်သေးခြင်း၊ နို့စို့ကလေးနှင့် မိခင်များ၏ ကျန်းမာရေး အလွန်အမင်းဆိုးဝါးနေခြင်း၊ သဘာဝပတ်ဝန်းကျင် ပြုန်းတီးခြင်း၊ HIV/AIDS၊ ငှက်ဖျားရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါ အပါအဝင် ကူးစက်ရောဂါပျံ့နှံ့မှု ကပ်ဆိုက်ခြင်း စသည်တို့သည် ကမ္ဘာပေါ်ရှိ လူသားတို့၏ လုံခြုံမှုကို နေ့စဉ်နှင့်အမျှ ခြိမ်း ခြောက်လျက်ရှိပါသည်။ ဤပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် စွမ်းဆောင်ရည် တိုးမြှင့်အောင် လုပ်ဆောင်ခြင်းများအပြင် လူမှုအသိုင်းအဝိုင်းအချင်းချင်း၊ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၊ စုစည်းမှုများလည်း လိုအပ်ကြောင်း အထင်အရှား လက်ခံထားကြပြီဖြစ်သည်။

မတူညီ ကွဲပြားခြားနားမှုများရှိသော လူမှုအသိုင်းအဝိုင်းများတွင် အပြန်အလှန်လေးစားမှု၊ ပံ့ပိုးမှုများ တည်ဆောက်နိုင်မှသာလျှင် လူသားများကို ခြိမ်းခြောက်နေသော ဤကပ်ဆိုးများကို ကျော်လွှားအောင်မြင်နိုင်မည်ဖြစ်ပြီး ကလေးများ၊ လူငယ်များ၏ အနာဂတ်ကို ပိုမိုလှပလာအောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးရေးစီမံချက်နှင့်အညီ မိမိသည် မည်သည့်ကဏ္ဍ၊ မည်သည့်တာဝန်တွင် ပါဝင်ဆောင်ရွက်ပါသနည်းဟူသော မေးခွန်းကို ဤနှစ်သစ်အတွက် မိမိတို့၏လုပ်ငန်းစဉ်ကို စဉ်းစားပြင်ဆင်နေသူများ အလေးထားကြရန် တိုက်တွန်းအပ်ပါသည်။

ဒေါက်တာစင်သီယာမောင်
အယ်ဒီတာချုပ်
နိုက်တင်ဂေးလ် ကျန်းမာရေးဂျာနယ်

ကျန်းမာရေးဂျာနယ်သို့ စာမူပေးပို့လိုလျှင် ...
အယ်ဒီတာအဖွဲ့
နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်
စာကြည့်တိုက်၊ မယ်တော်ဆေးခန်း
မဲဆောက်မြို့။
P.O.Box (21), Mae Sot, 63110
Tak Province, Thailand
E-mail : ntg05journal@yahoo.com
doctorlunswe@yahoo.com
sorpdb@yahoo.com
Ph : BMA Office - 055544495
Dr Lun Swe - 0812841418
Nai Aye Lwin - 0895626248

စာမူဖိတ်ခေါ်ခြင်း

- လစဉ်ထုတ်ဝေမည့် နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်အတွက် စာမူများရေးသားပေးပို့ကြပါရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။
- ရွေးချယ်အသုံးပြုသော စာမူများအတွက် စာမူခချီးမြှင့်ပါမည်။

ပန်းချီပညာရှင် – ဉာဏ်စိုး
သတင်းဓာတ်ပုံ – ဒေါက်တာလွဏ်းဆွေ၊ စောအဲအဲ

မယ်တော်ဆေးခန်းရောက်ကျန်းမာရေးဒုက္ခသည်များ၏ရင်ဖွင့်သံ

❒ နိုင်ငံတကာမှာ ကျန်းမာရေးနဲ့ ပညာရေးစနစ်ကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်နေကြချိန်မှာ မြန်မာပြည်တွင်းက လူနာတွေကတော့ တဖက်နိုင်ငံမှာရှိတဲ့ မယ်တော်ဆေးခန်းကိုသာ အားကိုးနေကြရရှာပါတယ်။ မြန်မာပြည်တွင်း ဆေးရုံ၊ဆေးခန်းတွေမှာ ဆေးကုသမှုစားရိတ် ကြီးမားလွန်းတဲ့အတွက် ကျေးလက်နေပြည်သူတွေဟာ ဆေးရုံ၊ဆေးခန်းကို အကြောက်လွန်ပြီး မသွားရဲကြပါဘူး။ ဒီတော့ ဆေးမြီးတိုကလေးတွေကိုပဲ အားကိုးပြီး မဖြစ်မနေ အခြေအနေရောက်မှ ဆေးရုံ၊ဆေးခန်းကို သွားတတ်ကြပါတယ်။ ဆေးမြီးတိုကလေးတွေနဲ့ပဲ လက်ပူတိုက် ကုသနေရတဲ့အတွက် အသက်ဆုံး၊ ဘဝဆုံးခဲ့ရသူတွေ များစွာရှိနေပါတယ်။ အထူးသဖြင့် မြန်မာပြည်တွင်းထဲက ကလေးသူငယ်တွေရဲ့ ကျန်းမာရေးဟာ အထူးစိုးရိမ်ဖွယ်ရာ အခြေအနေမှာ ရှိနေပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်လို့ မယ်တော်ဆေးခန်း ကလေးအတွင်းလူနာဆောင်မှာ ဆေးဝါးကုသမှု ခံယူနေကြတဲ့ ကလေးတွေရဲ့ မိဘတွေက အခုလိုပြောပြခဲ့ပါတယ်။

'ကျနော်တို့သဲပုံရွာမှာနေပါတယ်။ တောင်ယာလုပ်ပါတယ်။ ကလေးနှစ်ယောက် ငှက်ဖျားဖြစ်လို့ အလုပ်ပစ်ပြီး လာရတာပါ။ သိပ်ပြီးတော့ သွားတတ်လာတတ်တာမဟုတ်ဘူး။ ဗမာစကားလည်း သိပ်မတတ်ဘူး။ ဒီဘက်လည်း တခါမှမလာဖူးဘူး။ ကျနော့် မိန်းမကတော့ လာဖူးတယ်။ အခု အကြီးမတယောက်ကို မယ်တော်ဆေးခန်းမှာလာပြတာပါ။ ဒီမှာလည်း ကရင်တွေ အများကြီးရှိတယ်ဆိုလို့ အားတင်းပြီး လာရတာ။ ကိုယ့်ကလေးရဲ့ ကျန်းမာရေးအတွက်လည်း ပါတယ်။ ရွာမှာကတော့ ငှက်ဖျားဆိုတာ မထူးဆန်းပါဘူး။ ဖြစ်လိုက် ပျောက်လိုက်ပဲ။ တအား အခြေအနေ ဆိုးမှ မယ်တော်ဆေးခန်းမှာ လာပြကြတာ။ ကျနော်တို့နေတဲ့နေရာမှာ ဆေးရုံမရှိဘူး။ ဆေးလိုက်ကုတဲ့ ဆရာတော့ရှိတယ်။ ဒါပေမယ့် သူကဆေးဆရာ မဟုတ်ဘူး ထင်တယ်။ ကျနော့်ကလေး စဖြစ်ကာစကဆိုရင် အလုပ်တဖက်နဲ့မို့ သိပ်ဂရုမစိုက်နိုင်ဘူး။ နောက်ပြီး အခြားသူတွေလည်း ဖြစ်နေကျဆိုတော့ သိပ်အလေးမထားမိဘူး။ အခြေအနေ သိပ်မကောင်းတော့မှဘဲ ကျနော့်မိန်းမက ဒီလို ထားလို့မဖြစ်ဘူး။ မယ်တော်ဆေးခန်းကို ပို့ရမယ်ဆိုပြီးပြောတာနဲ့ အလုပ်ပစ်ပြီးလာတာ။ ရွာကဆေးဆရာနဲ့တော့မကုရဲဘူး'

အသက်တနှစ်နဲ့ ရှစ်လရှိပြီဖြစ်တဲ့ ကလေးငယ်ကို ပြုစုစောင့်ရှောက်နေတဲ့ ဖခင်တဦးက ပြောပြတာဖြစ်ပါတယ်။

မြဝတီမြို့ကလာတဲ့ မိခင်တဦးကလည်း ...

'ကလေးက အားမရှိဘူး။ တပိန်ပိန် တလိန်လိန်နဲ့ ဖြစ်နေတော့ စိုးရိမ်တာပေါ့။ ဒါပေမယ့် ဆိုးဆိုးရွားရွားကြီး မဖြစ်သေးတော့ သိပ်အလေးမထားမိဘူး။ အိမ်နီးချင်းတွေကတော့ ဒီအရွယ်ကလေးတွေဟာ အာဟာရရှိတဲ့ အစားအသောက်တွေ ကျွေးရမယ်တဲ့။ ဘယ်အစားအသောက်က ဘာအာဟာရရှိတယ်ဆိုတာ ကျမတို့မှမသိဘဲ။ နောက်ပြီး ဖအေလုပ်တဲ့ သူရဲ့ ကုန်ထမ်းလို့ရတဲ့ငွေနဲ့ ဒီအစားအစာတွေကို ဝယ်ကျွေးနိုင်ပါ့မလား။ ကိုယ့်ကျန်းမာရေးအတွက်ပဲ မနည်း ဂရုစိုက်နေရတယ်။ တော်ရုံတန်ရုံ နေမကောင်းဖြစ်တယ်ဆိုရင် ဆေးခန်းမသွားရဲဘူး။ ဆေးဖိုးတွေ၊ ကုန်ဈေးနှုန်းတွေကလည်း ကျတယ်လို့ကို မရှိဘူး။ နောက်ပိုင်းကလေး နေမကောင်းဖြစ်တော့ အရင်ကလည်း အားမရှိတဲ့ကြားက ဒီလိုဖြစ်လာတော့ သူ့ခမျာခံရတာပေါ့။ ကျမ အရမ်းစိုးရိမ်တယ်။ ဆေးခန်းပြဖို့လည်း ပိုက်ဆံမရှိဘူး။ ဒါနဲ့ပဲ မယ်တော်ဆေးခန်းမှာသွားပြဖို့ အမတစ်ယောက်ကပြောတာနဲ့ ရှိစုမဲ့စုလေးတွေကို လမ်းစရိတ်လုပ်ပြီးလာတာ။ ဒီရောက်တော့ ကလေးလည်း အတော်သက်သာလာပါတယ်။ ဒီမှာ နေဖို့၊ စားဖို့လည်း ပူစရာမလိုဘူး' လို့ ပြောပြခဲ့ပါတယ်။

ဝမ်းရေးအတွက် ခက်ခဲပင်ပန်းစွာ ရုန်းကန်နေရတဲ့ အပြင် ဖြစ်လာတဲ့ ကျန်းမာရေး ပြဿနာအတွက် ရတက်မအေးဖြစ်နေကြရတဲ့ ဒီမိသားစုတွေလိုမျိုး မြန်မာပြည်တွင်းမှာ မြောက်များစွာ ရှိနေမှာသေချာပါတယ်။ ဆေးကုသစားရိတ် ကြီးမားတဲ့အတွက် ကျေးလက်နေပြည်သူတွေမှာ ဆေးရုံ၊ ဆေးခန်းဆိုရင် အသံကြားရုံနဲ့ပင် ကြောက်လန့်နေကြပေပြီ။ မြို့ပြနေ ပြည်သူတွေလည်း ထိုနည်းလည်းကောင်းပင်။ ဆေးရုံ၊ ဆေးခန်းဆိုရင် ယောင်လို့တောင် လှည့်မကြည့်ရဲကြတော့ပေ။ ကျန်းမာရေးနဲ့ပတ်သက်ပြီး တစုံတရာ ဖြစ်လာရင် မယ်တော်ဆေးခန်းကိုသာ လာရောက်ပြသဖို့ပဲ တွေးတောကြ တော့တယ်။ နိုင်ငံတကာမှာ ကျန်းမာရေးစနစ်ကို ကောင်းသထက် ကောင်းအောင် အင်တိုက်အားတိုက် ဆောင်ရွက်နေချိန်မှာ မြန်မာပြည်ကို လက်နက်အားကိုးနဲ့ မတရားအုပ်ချုပ်နေတဲ့ စစ်ဗိုလ်ချုပ်တွေကတော့ တိုင်းသူပြည်သားတွေရဲ့ ကျန်းမာရေး အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တာ ထင်ထင်ရှားရှား မတွေ့ရဘဲ သူတို့အာဏာတည်မြဲရေးအတွက် လက်နက်ဝယ်ယူ စုဆောင်းရေးဘက်မှာသာ ဘဏ္ဍာငွေတွေ ပုံအောသုံးစွဲနေတာကို တွေ့မြင်နေရတဲ့အတွက် တိုင်းသူပြည်သားတွေရဲ့ နောင်ရေးကတော့ ရင်လေးစရာ အခြေအနေမှာ ရှိနေဆဲပဲဖြစ်ပါတယ်။ ■

NTG News

တရုတ်အပ်စိုက်ပညာနှင့်တရုတ်တိုင်းရင်းဆေးပညာ မိတ်ဆက်ဟောပြောပွဲနှင့်ရက်တိုသင်တန်းမယ်တော်ဆေးခန်းတွင်ပြုလုပ်

တရုတ်အပ်စိုက်ကုပညာ (Acupuncture) ဗဟုသုတနဲ့ တရုတ်တိုင်းရင်းဆေး (Traditional Chinese Medicine - TCM) မိတ်ဆက်၊ 'ချီကုန်း'(Qigone) လေ့ကျင့်ခန်းပညာမိတ်ဆက်ဟောပြောပွဲ၊

လက်တွေ့သရုပ်ပြခြင်း ရက်တိုသင်တန်းကို မယ်တော်ဆေးခန်းမှာ ၂၀၀၇ ဇန်နဝါရီ (၁၅)ရက်နေ့မှ (၁၉)ရက်နေ့ အထိပြုလုပ်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

သင်တန်းကို မြောက်အမေရိကက တရုတ်တိုင်းရင်းဆေးနှင့် တရုတ်အပ်စိုက်ကုပညာအသင်း အဖွဲ့ဝင်၊ တရုတ်အပ်စိုက်ကုပညာရှင်၊ တရုတ်တိုင်းရင်းဆေးနှင့် 'ချီကုန်း' ကျွမ်းကျင်သူဖြစ်တဲ့ ကနေဒါနိုင်ငံသူ ဟာမိုနီဝက်ဂနာက ပို့ချပေးတယ်လို့သိရပါတယ်။ အဲဒီသင်တန်းကို မယ်တော်ဆေးခန်းမှ ကျန်းမာရေးလုပ်သား စုစုပေါင်း(၃၀)ဦး တက်ရောက်ခဲ့ပါတယ်။

စာမျက်နှာ (၃)သို့ ▸▸▸

နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့အခမ်းအနား မယ်တော်ဆေးခန်းတွင်ကျင်းပ

နိုဝင်ဘာ(၂၅)ရက်နေ့မှာ ကျရောက်တဲ့ 'နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးနေ့' အခမ်းအနားကို မယ်တော်ဆေးခန်းမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါအခမ်းအနားသို့ အမျိုးသမီးအဖွဲ့အစည်းများ၊ ပညာရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးနဲ့ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ အသီးသီးတက်ရောက်ခဲ့ကြပါတယ်။

'မမေ့နိုင်သော လိပ်ပြာများ' (Unforgettable Butterflies) လို့ တင်စားပြောဆိုခဲ့ကြတဲ့ ၁၉၆၀ ခုနှစ် နိုဝင်ဘာလ(၂၅)ရက်နေ့က မီရာဘဲလ် ညီအမသုံးဦး အကြမ်းဖက် လုပ်ကြံသတ်ဖြတ်ခံခဲ့ရတဲ့နေ့ကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေးနေ့အဖြစ်သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။ 'အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုကြောင့် ရင်သွေးငယ်များရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာတွေလည်း ထိခိုက်နိုင်ပါတယ်။ အမျိုးသမီးများနဲ့ ကလေးသူငယ်တွေဟာ အကြမ်းဖက်မှုကို နေ့စဉ် ကြုံတွေ့နေရတယ်။ ဒါကြောင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို လျော့နည်းအောင်၊ ပပျောက်အောင် အမျိုးသမီးများနဲ့ အတူ အမျိုးသားများလည်း ဝိုင်းဝန်းပါဝင်လုပ်ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ်' လို့ ဒေါက်တာစင်သီယာမောင်က အဖွင့်အမှာစကားမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

လိင်ကွဲပြားမှုအပေါ်အခြေခံတဲ့ အကြမ်းဖက်မှုများကို ဆန့်ကျင်တဲ့ (၁၆)ရက်တာ လှုပ်ရှားမှုမှာ ဖဲကြိုးဖြူများကို ချည်နှောင်ချိတ်တွယ်ကြဖို့ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) (WLB) မှ တိုက်တွန်းနှိုးဆော်ခဲ့ပါတယ်။ အခမ်းအနားမှာ ပြဇာတ်တိုပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကျင်းပပြီး ဆုရရှိသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါတယ်။ ■ NTG News

အိမ်ငှက်သူ

ကြွေရမယ်ဆိုရင်လည်း
ကြယ်တွေလို အစွမ်းရှိသမျှ တောက်ပ
သင်္ခါရမိုးကောင်းကင်အောက်မှာ ...။

ငှက်မွှတ်ခေါင်းပါးခြင်းရဲ့ တံခါးဝမှာ
အချင်းချင်းတိုးမိ၊ တိုက်မိ
လမ်းတွေဟာ အလျားလိုက် ကောက်ကွေ့စီးဆင်းခဲ့။

အိမ်ကိုပြန်ဖို့ အိမ်ကထွက်လာတာတဲ့
သူပြောတယ်
သားသမီးတွေကို သတိရ လွမ်းလို့တဲ့
သူလွမ်းတယ်
အမိအဖတွေကို အလုပ်အကျွေးပြုချင်တို့တဲ့
မျက်နှာတည်မျက်နှာထားနဲ့ ဆိုပြန်ရော
အရာခပ်သိမ်းကင်းငြိမ်းဖို့ရာ
သူ့ရင်ထဲတောက်လောင်နေတဲ့ မီးများ
သူ ... အိမ်မပြန်နိုင်တော့ဘူး။

ပန်းလေးတပွင့်လို
သစ်ရွက်ကလေးတရွက်လို
ကြွေရမယ်ဆိုရင်လည်း
ကြယ်တွေလိုအစွမ်းရှိသမျှ တောက်ပ
သင်္ခါရမိုးကောင်းကင်အောက်မှာ ...။ ။

ကမာပုလဲ
၁၇၊ ၀၁၊ ၀၇

မျက်စိဝေဒနာရှင်များအတွက်ကုသိုလ်ဖြစ်ခွဲစိတ်ကုသမှု မယ်တော်ဆေးခန်းတွင်ပြုလုပ်

မယ်တော်ဆေးခန်းမှာ မျက်စိဝေဒနာရှင်များအတွက် ကုသိုလ်ဖြစ် ခွဲစိတ်ကုသမှုကို ဖေဖော်ဝါရီလ (၃)ရက်နေ့ကနေ (၉)ရက်နေ့အထိ ခွဲစိတ်ကုသမှုပေးသွားမယ်လို့ သတင်း ရရှိပါတယ်။

'လူနာတွေက မဲဆောက်ထိကလာတာလည်းရှိတယ်။ မြန်မာပြည်တွင်းကဆိုရင် ရန်ကုန်တို့၊ ရေးမြို့ဘက်ကလူတွေ နောက်ပြီး သထုံ၊ ဘားအံ၊ ကော့ကရိတ်၊ ဒီဘက် ကရင်ပြည်နယ်၊ မော်လမြိုင်၊ ပဲခူး အဲဒီဘက်ကလာတာများပါတယ်။ ဒီတခေါက်တော့ အရင်ထက်ပိုများတယ်။ စုစုပေါင်း (၃၆၀) ရှိတယ်။ ဒါပေမယ့် အချို့ခွဲစရာမလိုတဲ့သူတွေ၊ ခွဲစိတ်ကုသလို့မရတော့တဲ့လူနာတွေကတော့ ပြန်သွားကြပါပြီ။ ခွဲစိတ်ပေးမယ့် ဆရာဝန်တွေက စနေနေ့ရောက်လာလိမ့်မယ်။ အစကတော့မျက်စိလူနာတွေကို ဇန်နဝါရီလ (၂၇) ရက်ကနေ (၂၉)ရက်နေ့အထိပဲ လက်ခံမယ်လို့စီစဉ်ထားကြတယ်။ ဒါပေမယ့် လူနာတွေက (၂၄)ရက်နေ့ကတည်းကစရောက် နေကြပြီ။ စာရင်းလာသွင်းတဲ့သူ သိပ်များတဲ့အတွက် (၃၁)ရက်နေ့အထိ ထပ်တိုးပြီး လက်ခံလိုက်ရတယ်။ အရင်ကဆိုရင် လူနာတွေနေဖို့ နေရာအခက်အခဲရှိပေမယ့် အခုအခေါက်မှာတော့ လူနာတွေကို အဆောက်အဦးသစ်မှာ နေရာချထားပေးနိုင်လို့လူဦးရေများပေမယ့် နေရာထိုင်ခင်းအခက်အခဲ သိပ်မရှိတော့ပါဘူး'လို့ မယ်တော်ဆေးခန်း လူမှုဆက်ဆံရေးဌာနမှ တာဝန်ရှိသူတဦးက ပြောကြားခဲ့ပါတယ်။

မျက်မှန်လုပ်ဖို့စောင့်နေတဲ့ အဖွားတယောက်က 'အဖွားမျက်စိက စာဖတ်ရင်မြင်ရတယ်။ ဒါပေမယ့် အဝေးကိုကြည့်ရင် မမြင်ရတော့ဘူး။ ရွာကလူတွေက တိမ်လား ဘာလားပြောပြီး ကြာရင် မျက်စိကွယ်လိမ့်မယ်လို့ ပြောတာနဲ့ ကြောက်ပြီးလာပြတာ။ တခါမှ မရောက်ဖူးဘူး၊ အမျိုးတွေက ကားပေါ်တင်ပေးလိုက်တယ်။ ဒီရောက်တော့ အသိတွေနဲ့တွေ့ပြီး အဆင်ပြေသွားပါတယ်'လို့ ပြောပါတယ်။

မြန်မာပြည်တွင်းမှာလည်း နယ်လှည့်မျက်စိစမ်းသပ်တဲ့အဖွဲ့ရှိတဲ့အတွက် မပြဘူးလားလို့မေးကြည့်တဲ့အခါမှာ 'ပြီးခဲ့တဲ့နှစ်က ဘားအံမှာလာသွားသေးတယ်။ (၂)ရက်ပဲ ကုပေးတယ်။ အဲဒီ(၂)ရက်တွင်းမှာ ကြံ့ဖွံ့တွေ၊ သူ့အမျိုးတွေနဲ့ပဲ ပြီးသွားတယ်။ အဖွားတို့အလှည့်ကို တခါမှ မရောက်တော့လို့ ဘာမှ မစမ်းသပ်လိုက်ရဘူး'လို့ အရင်းအတိုင်း ဖွင့်ပြောကြားသွားခဲ့ပါတယ်။ ■ NTG News

▶▶▶ စာမျက်နှာ(၂)မှအဆက်

'ချိကုန်း' ဆိုတာ ကျန်းမာရေးလေ့ကျင့်ခန်းတမျိုးပါ။ ငွေကုန်ကြေးကျသက်သာတယ်။ သင်ယူဖို့လည်း လွယ်ကူတဲ့အပြင် ထိရောက်မှုရှိတဲ့ အသုံးချဆေးပညာရပ်တမျိုး ဖြစ်ပါတယ်။ နယ်စပ်ဒေသနဲ့ဝေးလံခေါင်သီတဲ့ အရပ်ဒေသတွေမှာ ကျန်းမာရေးလုပ်သားတွေအနေနဲ့ ပြည်သူလူထုကို တဖက်တလမ်းကနေ အကျိုးပြုနိုင်ဖို့ရည်ရွယ်ပြီး ဒီသင်တန်းကို ပြုလုပ်တာပါ။

ရှေ့ဆက်ပြီးတော့ (၂၀၀၇)ခုနှစ်အထဲမှာ တရုတ်တိုင်းရင်းဆေးပညာနဲ့ အပ်စိုက်ပညာကို ပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ဖို့အတွက် မယ်တော်ဆေးခန်း၊ မြန်မာနိုင်ငံဆေးပညာရှင်များအသင်း၊ နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားအဖွဲ့၊ ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာနတို့နဲ့ အပ်စိုက်ပညာကိုစိတ်ဝင်စားတဲ့ အခြားသူတွေ တက်ရောက် လေ့လာ သင်ကြားနိုင်ဖို့အတွက် အခြေခံသင်တန်းတွေ၊ အဆင့်မြင့်သင်တန်းတွေ ဆက်ပြီးဖွင့်သွားဖို့ အစီအစဉ် ရှိပါတယ်'လို့ သင်တန်း ဖြစ်မြောက်ဖို့အတွက် ဆက်စပ်ညှိနှိုင်း ဆောင်ရွက်ပေးသူ ဒေါက်တာသီဟမောင်က ပြောကြားခဲ့ပါတယ်။

ဆေးလိပ်၊ အရက်/မူးယစ်ဆေး စွဲလမ်းတဲ့ဝေဒနာရှင်တွေကို ကုသနိုင်ဖို့နဲ့ တရုတ်အပ်စိုက်ကုပညာနဲ့ တရုတ်တိုင်းရင်း ဆေးပညာရပ်တွေ ပြန့်ပွားရေးအတွက် ဒီသင်တန်းကို ပြုလုပ်ခဲ့တာဖြစ်တယ်လို့ သတင်းရရှိပါတယ်။ ■

NTG News

နိုက်တင်ဂေးလ် ကျန်းမာရေးဂျာနယ် ထုတ်ဝေခြင်း၏ ရည်ရွယ်ချက်

၁။ ပြည်သူလူထု၏ကျန်းမာရေးအသိပညာများ မြင့်မားတိုးတက်လာစေရန်။

၂။ ပြည်သူလူထု၏ကျန်းမာရေးအသိအမြင်၊ ဗဟုသုတများကို မြှင့်တင်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်။

၃။ ပြည်သူလူထုအနေနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ လူမှုရေးကိစ္စရပ်များတွင် လုံခြုံမှုရှိစေပြီး အနာဂတ်ဘဝကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဖန်တီးလာနိုင်စေရန်။

၄။ ကျန်းမာရေးဆိုင်ရာနားလည်တတ်သိမှု၊ ကျွမ်းကျင်မှုနှင့် ဂုဏ်သိက္ခာရှိသည့်ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန်။

၅။ ကျန်းမာရေးလုပ်သားအချင်းချင်း ကျန်းမာရေးအသိပညာများ၊ သတင်းအချက်အလက်များ ဖလှယ်နိုင်ရန်နှင့် ဝေမျှလက်ဆင့်ကမ်းနိုင်ရန်။

၆။ နယ်စပ်ဒေသတွင် ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် ကျန်းမာရေးလုပ်သားများအနေနှင့် နိုင်ငံတကာတွင် ရောက်ရှိနေသည့် ကျန်းမာရေးလုပ်သားများ၏ ကျန်းမာရေးအသိအမြင်များနှင့် ချိတ်ဆက်မိစေရန်။

၇။ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် လိုအပ်သည့်ဆန်းစစ်ရှာဖွေဖော်ထုတ်ချက်များကို တင်ပြပေးခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရာတွင် အထောက်အပံ့ ဖြစ်စေရန်။

၈။ လူမှုအဖွဲ့အစည်းအတွင်း တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးလုပ်သားများထံသို့ နောက်ဆုံးရရှိသည့် ကျန်းမာရေးသတင်းများနှင့် အသိပညာများကို ဖြန့်ဝေပေးရန်။

၉။ လူ့အခွင့်အရေး၊ ကျန်းမာရေးဆိုင်ရာကျင့်ဝတ်များနှင့် ဆက်နွယ်နေသည့် ကျန်းမာရေးဗဟုသုတများကို မြှင့်တင်ပေးရန်။

သီတာထွေး(ဖြူး)

တနိုင်းမမီတဲ့ ကရုဏာရှင်

❒ နွေအကူး လေရူးတွေ တသုန်သုန်တိုက်ခတ်နေတဲ့ ညနေခင်းလေးတခုမှာ ကျမသူငယ်ချင်းတယောက် မယ်တော်ဆေးခန်းတက်ရတယ်ဆိုတဲ့ သတင်းကြားခဲ့ရတယ်။ ကျမလည်း သတင်းမေးရင်းနဲ့ လူနာကိုတညလောက်စောင့်အိပ်ပေးဖို့သွားခဲ့တယ်။ မယ်တော်ဆေးခန်းဆိုတော့ ခပ်သေးသေးလေးပဲ ထင်ခဲ့တာ။ အထဲရောက်တော့မှ အဆောင်ခွဲတွေနဲ့ သန့်သန့်ရှင်းရှင်းလေးပဲ။ လူနာဆောင်တွေမှာလည်း မီးတွေလင်းထိန်ပြီး လူနာတွေနဲ့ပြည့်နေတာပဲ။

ကျမလည်း နေရာအသစ်ကိုရောက်သွားတော့ လူနာကိုပြုစုရင်းနဲ့ တချိန်တည်းမှာလည်း ပြင်ပဗဟုသုတ လေ့လာရေးလည်း လုပ်နေမိတယ်။ တဖြည်းဖြည်းနဲ့ အချိန်တွေကုန်မှန်းမသိ ကုန်သွားလိုက်တာ ညရောက်ခဲ့တာပေါ့။ ကျမလည်း သူငယ်ချင်းကို အားပေးစကားပြော၊ ပြုစုပေးရင်း သူအိပ်ပျော်သွားချိန်မှာတော့ အဆင်သင့်ယူလာတဲ့ ရေဒီယိုလေးကို ထုတ်ကာ သတင်းနားထောင်ရင်း လမ်းလျှောက်နေချိန်မှာပဲ လူနာဆောင်တွေထဲက ထွက်လာလိုက်တဲ့လူတွေ တချို့လည်းဆီးပိုက်တွေတန်းလန်းနဲ့။ တချို့လည်း ပလာစတာတွေနဲ့ ခွဲစိတ်လူနာတွေနဲ့ တူပါတယ်။ ကျမအနားလာပြီး သတင်းလာနားထောင်ကြတယ်။ ဒါကြောင့်ပဲ ကျမလည်းလမ်းလျှောက်ရပ်ပြီးရေဒီယိုလေးကို အဆောင်ဝင်းအပြင်ဘက် အုတ်ခုံလေးပေါ်တင်ပေးလိုက်ပြီး ကျမလည်း ထိုင်ရင်းပဲ နားထောင်နေခဲ့တယ်။

သတင်းကြေညာသူကတော့ မြန်မာနိုင်ငံမှာ စပါးကို တသီးစားသာမက နှစ်သီးစားစိုက်နိုင်ပြီး တောင်သူလယ်သမားတွေမှာ အားရဝမ်းသာ ဖြစ်နေကြောင်းနဲ့ နောက်သတင်းတခုကတော့ ရခိုင်ပြည်ဘက်မှာ ကလေးတယောက် ရန်ကုန်သွားပြီး မျက်စိကုချင်ပေမယ့် မိဘက မူဆလင်လူမျိုးဖြစ်လို့ မှတ်ပုံတင်မရှိဘဲ ခရီးသွား ခွင့်မရတဲ့အကြောင်းပါလာခဲ့တယ်။

သတင်းနားထောင်နေရင်း ကျမလည်း စိတ်မကောင်းဖြစ်မိတယ်။ မြန်မာပြည်မှာမွေးတဲ့ မြန်မာပြည်သားတယောက်ဟာ ကိုယ့်နိုင်ငံအတွင်းမှာ ဆေးကုသခွင့်မရတာတော့ ရင်နာစရာကောင်းပါတယ်။ မတော်လို့ အဲဒီကလေး မျက်စိကွယ်ခဲ့ရင် နောက်ဆက်တွဲအနေနဲ့ ဖြစ်လာနိုင်တဲ့ ဆိုးကျိုးတွေကို သားသမီးချင်း ကိုယ်ချင်းစာကြည့်မိရင် ဘယ်လောက်ကောင်းလိုက်မလဲ။

ထိုင်းနိုင်ငံ မယ်တော်ဆေးခန်းလေးကတော့ လူမျိုးမရွေး၊ ဘာသာမရွေး ဆေးကုသခွင့်ရှိတယ်။ ဆေးဝါးကုသခ ပေးဖို့မလိုပဲ လူနာအသစ်အတွက် မှတ်ပုံတင်ကြေး (၃၀)ဘတ်ကိုပဲ ကောက်ခံပါတယ်။ လူနာ အဟောင်းဆိုရင် (၁၀)ဘတ်ပဲ ကုန်တာ။ ဆေးလည်း အလကားပေးတာ။ အနည်းဆုံး တပတ်စာပဲ။ မြန်မာပြည်ရဲ့ စစ်အာဏာရှင်ကြီးများ မယ်တော်ဆေးခန်းလေးရဲ့ တစိတ်တပိုင်းလောက်များ မြန်မာပြည်သားတွေ အပေါ် ကရုဏာထားလိုက်ရင် ဘယ်လောက်များ ကောင်းလေမလဲလို့ တွေးထင်မိတယ်။

မယ်တော်ဆေးခန်းကဝန်ထမ်းဆရာ၊ ဆရာမလေးတွေနဲ့ မြန်မာပြည်စစ်အာဏာရှင် အုပ်ချုပ်မှုအောက် ဆေးရုံဆေးခန်းတွေက ဝန်ထမ်းတွေများ ကွာခြားလိုက်တဲ့ဖြစ်ခြင်း။ မယ်တော်ဆေးခန်းကဆရာ၊ ဆရာမလေးတွေကတော့ မိုးလင်းကမိုးချုပ် ပြုစုနေကြလိုက်ကြတာ လူသာပြောင်းသွားတယ်။ အသက်အရွယ်အားဖြင့်တော့ ငယ်ကြပေမယ့် စေတနာကောင်းလိုက်ကြတာ၊ တာဝန်ကျေလိုက်ကြတာ၊ မျက်နှာလေးတွေလည်း ပြုံးလို့ ရွှင်လို့၊ သူတို့အချင်းချင်းကတော့ တိုင်းရင်းသားသံဝဲဝဲလေးတွေနဲ့ပဲ ပြောနေကြတယ်။ ကျမလည်း စာဖတ်ရင်း မှေးကနဲ အိပ်ပျော်သွားလိုက်တာ ဆရာမလေးက ကျမကိုလာနှိုးပြီး ဆေးတိုက်ခိုင်းတယ်။ ကျမရင်ထဲမှာတော့ လူနာအပေါ် စေတနာထားလိုက်ကြတာလို့ ချီးကျူးထောပနာပြုမိသလိုပဲ။ လူနာတွေ၊ လူနာရှင်တွေရဲ့ ရင်ထဲမှာလည်း ကျမလိုပဲ ထပ်တူထပ်မျှ ကျေးဇူးတင်နေကြမှာပါ။

မနက်မိုးလင်းတော့ ဆေးခန်းထဲမှာရှိတဲ့ လူနာတွေ၊ လူနာရှင်တွေဟာ တကိုယ်ရေသန့်ရှင်းမှုတွေ လုပ်နေကြတာ ကျိတ်ကျိတ်တိုးပဲ။ ကျမလည်းသူငယ်ချင်းကို မျက်နှာသစ်ပေးပြီး သူ့ရဲ့ဆီးအိုးကို သွားသွန်ဖို့ သန့်စင်ခန်းကို သွားတာ သန့်ရှင်းနေတာ တွေ့ရတယ်။ ဒီလောက်လူအများကြီးကိုလည်း နိုင်အောင်၊ သန့်ရှင်းအောင် လုပ်ပေးနိုင်ကြပါတယ်။ တံမျက်စည်းလှဲသူ၊ မိလ္လာဆေးသူ သီးသန့်ရှိတယ်။ ဒီလိုနဲ့ သူငယ်ချင်းနဲ့ စကားပြောနေရင်း ကျမတို့ကုတင်နံဘေးက အဒေါ်ကြီး တယောက် လက်တွန်းလှည်းလေး တွန်းပြီးထွက်လာတယ်။ (၁၅)နှစ်အရွယ်လောက်ရှိတဲ့ ကောင်လေးကို တင်လို့ပေါ့။အဆောင်ဝရဲ့ တံတားလေးလည်း ရောက်ရော လှည်းဘီးလေးဟာ မရွေ့ဘဲ ဖြစ်နေတာမြင်လို့ ကျမလည်း သွားကူတွန်းပေးခဲ့တယ်။ အဒေါ်ကြီးက ကျေးဇူးတင်ကြောင်း ပြောနေတုန်းမှာပဲ ကျမက ကလေးကဘာဖြစ်တာလဲလို့ မေးလိုက်မိတယ်။ အဒေါ်ကြီး ပြန်ပြောတာကတော့ လှည်းပေါ်က ပြုတ်ကျလို့ ပေါင်မှာ အနာဖြစ်တာတဲ့။ မြန်မာပြည်မှာ ငွေအများကြီး မတတ်နိုင်လို့ ဒီဆေးခန်းကို လာခဲ့တာ။ သားလေးက သေမလိုဖြစ်နေတာ အဖျားတွေတက်ပြီး သတိလစ်လို့ပေါ့။ ဒါနဲ့ အသိတယောက်က ညွှန်လိုက်လို့ ရှိတာလေးတွေ ရောင်းချပြီး ဒီမဲဆောက် မယ်တော်ဆေးခန်းမှာ ဆေးလာကုတာ။ အခုတော့ ခွဲစိတ်ကုသလို့ ကောင်းသွားပြီပေါ့။ ဆရာမကြီး ဒေါက်တာစင်သီယာမောင်နဲ့ ဆေးခန်းက ဝန်ထမ်းတွေကို အရမ်းပဲ ကျေးဇူးတင်တာ။ အဒေါ်က အသက်ကြီးနေလို့၊ ထိုင်ပြီးတောင် ကန်တော့ချင်တာလို့ ပြောရင်းနဲ့ သူ့ဘဝ တစိတ်တပိုင်းကိုလည်း ပြောနေရှာတယ်။ ■

သီတာထွေး(ဖြူး)

မညှိုးပန်း၊ ဖန်မီးအိမ်

ကဗျာဘဝ
ကဗျာအလှတွေနဲ့
စာသခဲ့တဲ့ ဖန်မီးအိမ်။

ဘဝမီးရှိန် နေညိုချိန်
ဆိတ်ငြိမ်စွန့်ခွာ ဤကမ္ဘာလည်း
လူ့ရွာစခန်း သည်မြေနန်းဝယ်
သူလှမ်းခဲ့ရာ သာယာရှုမော
ကဗျာတောမှာ အတောမသတ်
မရပ်မနား ချန်ထားကျန်ရစ်
အနှစ်ကဗျာ ပျို့လင်္ကာတို့
ဝေဖြာလန်းဆန်း မညှိုးပန်း ... ဖန်မီးအိမ်။

လူသာသေလည်း တပြည်တရွာ
ကမ္ဘာတဝှမ်း အံ့မခန်းမျှ
တမ်းတမ်းတတ လွမ်းဆွတ်ရတဲ့ ... ဖန်မီးအိမ်။

ဒီမိုကရေစီ ပြည်သစ်ဆီသို့
တူညီလက်တွဲ ခိုင်မြဲချီစဉ်
သင်လျှင်စွန့်ခွာ လူ့ပြည်ရွာလည်း
သင့်မှာမသေ ဒို့တတွေနှင့်
ရှိနေအမြဲ ချီတက်ဆဲတည့် ။ ။

ဒေါက်တာသီဟမောင်
(မယ်တော်ဆေးခန်း)

(၂၂.၁.၂၀၀၇)နေ့တွင် ဘဝတပါးသို့ ထွက်ခွာသွားသော ကဗျာဆရာကြီး တင်မိုး (ကန်မြဲ-နန်းမြင့်နွယ်)သို့ လွမ်းဆွတ်တသ သတိရဂုဏ်ပြု ရေးဖွဲ့ပါသည်။

သတင်းဓာတ်ပုံရသ

အမျိုးသမီးကွန်ဒုံးသင်တန်း ဦးဆောင်ဖွင့်လှစ်သူ ဆရာမနော်ဒါးနှင့် တွေ့ဆုံမေးမြန်းခြင်း

မေး။ ။ လွတ်မြောက်နယ်မြေမှာ ဆရာမလက်ရှိလုပ်ကိုင်နေတဲ့ အဖွဲ့အစည်းအမည်နဲ့ ဆရာမတာဝန်ယူထားတဲ့ လုပ်ငန်းတာဝန်ကို အရင်ပြောပြပေးပါ။

ဖြေ ။ ။ ကျမလက်ရှိလုပ်ကိုင်နေတဲ့အဖွဲ့အစည်းကတော့ မဲဆောက်မြို့မှာ အခြေစိုက်တဲ့ မြန်မာနိုင်ငံဆေးပညာရှင်များအသင်းဖြစ်ပါတယ်။ ကျမတာဝန်ယူထားတဲ့ လုပ်ငန်းတာဝန်ကတော့ မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးစီမံကိန်း တာဝန်ခံဖြစ်ပါတယ်။

မေး။ ။ ဆရာမ တာဝန်ယူလုပ်ကိုင်နေတဲ့ လုပ်ငန်းတာဝန်တွေအကြောင်း ပြောပြပေးပါဦး။

ဖြေ ။ ။ အဓိကကတော့ ကျမတို့ပစ်မှတ်ထားဆောင်ရွက်နေတဲ့ နေရာတွေမှာ နေထိုင်ကြတဲ့ ရွှေ့ပြောင်းလူထုတွေကို မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးသင်တန်းတွေပေးတယ်။ ရိုးရာလက်သည်တွေကိုလည်း သင်တန်းပေးတယ်။ နောက်ပြီး မျိုးပွားခြင်းဆိုင်ရာနဲ့ပတ်သက်ပြီး ဆယ်ကျော်သက်အရွယ်တွေကိုလည်း သီးသန့်သင်တန်းပေးတယ်။ လက်တွေ့လုပ်ငန်း အကောင်အထည်ဖော်နေတဲ့နေရာတွေမှာလည်း ကျန်းမာရေးလုပ်သားတွေရဲ့ လုပ်ဆောင်မှုတွေကို ကြီးကြပ်ဆောင်ရွက်မှုပေးတယ်။ ကွန်ရက်သဖွယ် ဆက်စပ်လုပ်ဆောင်နေတဲ့ ထိုင်း–မြန်မာနယ်စပ်မှာရှိတဲ့ အဖွဲ့အစည်းတွေကိုလည်း မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးလုပ်ငန်းနဲ့ပတ်သက်ပြီး အစည်းအဝေးတွေ (၂)လတကြိမ် လုပ်ဆောင်ဖြစ်အောင် နှိုးဆော်ပေးပါတယ်။ မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးနဲ့ပတ်သက်တဲ့ စာစောင်တွေကိုလည်း ကျန်းမာရေးလုပ်သားတွေကတဆင့် ရွှေ့ပြောင်းအလုပ်သမားတွေ၊ ရွှေ့ပြောင်းလူထုတွေနဲ့ ဒုက္ခသည်တွေဆီရောက်အောင် ဖြန့်ဝေပေးတာတွေ လုပ်ဆောင်ပါတယ်။

မေး။ ။ လက်ရှိဆရာမ လုပ်ကိုင်နေတဲ့ နေရာဒေသတွေမှာ ပြည်သူလူထုရဲ့ မျိုးပွားခြင်းဆိုင်ရာကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိအမြင် ဗဟုသုတရှိမှု အနေအထားကရော ဘယ်လိုရှိပါသလဲ။

ဖြေ ။ ။ အဓိကအားဖြင့် လူထုတွေမှာ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဗဟုသုတ အရမ်းနိမ့်ကျနေတာကို တွေ့ရတယ်။ မြန်မာပြည်တွင်းမှာ နေထိုင်ခဲ့စဉ်ကတည်းက လူထုတွေဟာ ကျန်းမာရေးဗဟုသုတတွေ မရရှိခဲ့ကြဘူး။ ကျောင်းသင်ခန်းစာတွေမှာ ကြည့်မယ်ဆိုရင်လည်း မျိုးပွားခြင်းနဲ့ဆိုင်တဲ့ သင်ကြားပေးမှုမျိုး လုံးဝမတွေ့ရဘူး။ တွေ့ရတဲ့ဟာတွေကလည်း တကိုယ်ရေကျန်းမာသန့်ရှင်းရေးလောက်ပဲရှိတယ်။ ထိုင်းနိုင်ငံကိုရောက်တော့လည်း သူတို့တွေက ဝမ်းရေးကိုပဲ အဓိကထားလုံးပန်းနေရတဲ့အတွက် ကျန်းမာရေးဆိုင်ရာ ဗဟုသုတတွေ လေ့လာသိရှိနိုင်ဖို့ အခွင့်အရေးမရကြဘူး။ နောက်ပြီးတော့ တချို့နေရာတွေမှာဆိုရင် ကျန်းမာရေးနဲ့ပတ်သက်တဲ့ စာစောင်တွေ သူတို့ဆီကို ရောက်တာမတွေ့ရဘူး။ ကျန်းမာရေးဌာနတွေကိုလည်း သူတို့လက်လှမ်းမမီကြဘူး။ မျိုးပွားခြင်းဆိုင်ရာ အသိပညာဗဟုသုတတွေ မရှိတဲ့အတွက် သူတို့မှာ မရည်ရွယ်ဘဲ ကိုယ်ဝန်ရတာတို့၊ ကိုယ်ဝန်ဖျက်ချတာတို့၊ လိင်ကတဆင့် ကူးစက်တဲ့ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နဲ့ ကာလသားရောဂါတွေကို ထိထိရောက်ရောက် မကာကွယ်နိုင်ကြဘူး။ ဥပမာဆိုရင် ဆယ်ကျော်သက်အရွယ်တွေမှာ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ကိုယ်ဝန်ရရှိသွားတော့ သူတို့မှာ ရှေ့ဆက်ပညာသင်ကြားနိုင်ဖို့ အခွင့်အလမ်းတွေ မရှိတော့ဘူး။ ငယ်ရွယ်လွန်းအားကြီးတော့ အိမ်ထောင်ထိန်းသိမ်းမှု လုပ်ငန်းတွေ၊ ကလေးကိုစောင့်ရှောက်တာတွေလည်း မလုပ်တတ်ကြဘူး။ ငယ်ရွယ်လွန်းသေးတဲ့အတွက် မျိုးပွားအင်္ဂါတွေ ကောင်းကောင်းမွန်မွန် မဖွံ့ဖြိုးသေးလို့ ကလေးမွေးတဲ့ အခါမှာ အခက်အခဲနဲ့ ကြုံကြတာတွေလည်း တွေ့ရတယ်။ နောက်ပြီး စီးပွားရေးအရလည်း အခက်အခဲတွေ ကြုံရပြီးတော့ အိမ်ထောင်ကွဲတာတွေ မကြာခဏ တွေ့ရလေ့ရှိတယ်။ တချို့အမျိုးသမီးလေးတွေကျတော့ မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးဗဟုသုတ မရှိကြတော့ ရောင်းစားခံရပြီး ပြည့်တန်ဆာဖြစ်သွားသူတွေ၊ သူဌေးတွေရဲ့ တိတ်တိတ်ပုန်းမယား လုပ်ရသူတွေ ဖြစ်ကုန်ကြတာကို တွေ့ရတယ်။ အမျိုးသားလေးတွေမှာကျတော့ ထင်ရာစိုင်းပြီး မူးယစ်ဆေးဝါးသုံးစွဲတာတို့၊ အပျော်အပါးလိုက်စားတာတို့ဖြစ်ပြီး ရောဂါရတာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ပျက်စီးကုန်တာ၊ သေဆုံးကြတာတွေတွေ့ရတယ်။

မေး။ ။ အခု ဆရာမတို့အနေနဲ့ မျိုးပွားခြင်းဆိုင်ရာ အသိပညာပေးမှုတွေ လုပ်လာပြီးတဲ့နောက်ပိုင်း လူထုထဲမှာ ကျန်းမာရေးနဲ့ပတ်သက်လို့ တိုးတက်လာတဲ့ အနေအထားတွေ တွေ့ရပါသလား။

ဖြေ ။ ။ ကျမတို့ မျိုးပွားခြင်းဆိုင်ရာအသိပညာတွေ၊ သင်တန်းတွေ ပေးပြီးတဲ့ နောက်ပိုင်းမှာတော့ ပြည်သူလူထုအနေနဲ့ သူတို့ကိုယ်သူတို့ ပြန်ပြီး သတိပြုမိတဲ့ အနေအထားတွေ ရှိလာတာကို တွေ့လာရတယ်။ ဥပမာ လိင်ဆက်ဆံမယ်ဆိုရင် ကိုယ်ဝန်မရအောင် ဘယ်လိုကာကွယ်ရမလဲ၊ ရောဂါမကူးစက်အောင် ဘယ်လိုကာကွယ်ရမလဲ ဆိုတာမျိုးတွေ၊ လိင်ဆက်ဆံဖော်တွေနဲ့ လိင်မဆက်ဆံခင် ပွင့်ပွင့်လင်းလင်း ပြောဆိုညှိနှိုင်းတာမျိုးတွေ လုပ်ဆောင်လာကြတာတွေ တွေ့ရတယ်။ သူတို့ကတဆင့် သူတို့သိထားတဲ့ မျိုးပွားခြင်းဆိုင်ရာ အသိပညာတွေကို တခြားလူတွေ ဆီကို တဆင့်ဖြန့်ဝေပေးတာမျိုးတွေ လုပ်ဆောင်လာကြတယ်။ ကျန်းမာရေးစာစောင်တွေကို ဖတ်ရတဲ့အတွက်လည်း သူတို့ရဲ့ ကျန်းမာရေးအသိအမြင်တွေ ပိုကျယ်လာတယ်။ ရိုးရာလက်သည်တွေနဲ့ ပတ်သက်ပြီးတော့လည်း သူတို့မှာ လွဲမှားစွာ လက်ခံထားတဲ့ အယူအဆတွေ ပြောင်းလဲလာကြတာတွေ့ရတယ်။ ဥပမာ– အရင်တုန်းကဆိုရင် အာဟာရဖြစ်တဲ့ အစားအစာတွေကို မစားရဲကြဘူး။ စားရင်ခလေးမွေးရခက်တယ်ဆိုပြီး လွဲမှားစွာ သိတထားကြတော့ မိခင်မှာ သွေးအားနည်းတာတို့၊ မွေးတဲ့အခါမှာ ညှစ်အားမရှိတာတို့၊ မွေးလာတဲ့ ကလေးတွေမှာ ပေါင်မပြည့်တာတို့ အသေမွေးတာတို့ တွေ့ရတယ်။ အခု နောက်ပိုင်း သင်တန်းတက်ပြီးတဲ့အခါကျတော့ လူထုထဲမှာရှိတဲ့ ကိုယ်ဝန်ဆောင်တွေကို အာဟာရရှိတဲ့ အစားအစာတွေစားဖို့ တိုက်တွန်း ပညာပေးတာမျိုးတွေ လုပ်ဆောင်တတ်လာတယ်။ မိသားစုစီမံကိန်းအကြောင်းကို ပိုသိလာကြတဲ့အခါကျတော့ လူထုကို သားဆက်ခြားနည်းတွေ ပိုမို ပညာပေးနိုင်တာကို တွေ့ရတယ်။ သင်တန်းတက်ပြီးတဲ့နောက် သူတို့တတွေကတဆင့် အန္တရာယ်ရှိတဲ့ ကိုယ်ဝန်ဆောင်တွေ၊ မွေးပြီးတဲ့နောက် မိခင်ရောကလေးပါ နောက်ဆက်တွဲ အန္တရာယ်ရှိနိုင်တာမျိုးတွေကို ဆေးရုံဆေးခန်းတွေဆီ အချိန်မီ လွှဲပြောင်းပေးပို့နိုင်ကြတဲ့အတွက် မိခင်နဲ့ကလေးသေနှုန်းတွေ လျော့ကျလာတာတွေ့ရတယ်။

မေး။ ။ အခု ဆရာမ ဦးစီးပြီး အမျိုးသမီးကွန်ဒုံး အသုံးပြုနည်းနဲ့ ပတ်သက်တဲ့ သင်တန်းဆရာဖြစ်သင်တန်း ဖွင့်လှစ်သင်ကြားပေးခဲ့တယ်လို့သိရတယ်။ သင်တန်းလုပ်ဆောင် ဖြစ်ခဲ့ပုံလေးကို အကျဉ်းချုပ် ပြောပြပေးပါဦး။

ဖြေ ။ ။ ပထမဆုံး အမျိုးသမီးကျန်းမာရေးဖောင်ဒေးရှင်းက ဆရာမ ပက်တီကနေ မယ်တော်ဆေးခန်းမှာ အမျိုးသမီး ကွန်ဒုံးအကြောင်းကို ဆွေးနွေးဖို့ ကျမကို ဆက်သွယ်လာတယ်။ နောက်ပြီး သူနဲ့အတူ အမျိုးသမီး ကွန်ဒုံးတွေ ယူလာတယ်။ ကျမနဲ့အတူ တခြားအဖွဲ့တွေဆီ သွားပြီး တော့ အမျိုးသမီးကွန်ဒုံးနဲ့ပတ်သက်ပြီး မိတ်ဆက်ပေးတာမျိုးတွေ ဆက်စပ်လုပ်ကိုင်ဖို့လည်း သူကကမ်းလှမ်းလာတယ်။ အဲဒီနောက် ကျမတို့ မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေးနဲ့ပတ်သက်တဲ့ နှစ်လတကြိမ် အစည်းအဝေးမှာ ခေါင်းစဉ်တွေအများကြီးရှိတဲ့အနက်က ဒီအမျိုးသမီးကွန်ဒုံးသင်တန်း ပေးမယ့်အကြောင်းကို ကျမက စပြီးတင်ပြတဲ့အခါမှာ ကျန်တဲ့ အဖွဲ့တွေကလည်း သဘောတူကြတဲ့အတွက် ဒီသင်တန်းကို ဦးဆောင်ပြီး လုပ်ဖြစ်သွားတာပါ။

မေး။ ။ ဆရာမအနေနဲ့က ဒီအမျိုးသမီးကွန်ဒုံးသင်တန်းပေးဖို့ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ တင်ပြခဲ့တာလဲ။

ဖြေ ။ ။ အဓိကက အမျိုးသမီးတွေအတွက် ရွေးချယ်မှုတခု အနေနဲ့ အခွင့်အလမ်းရှိဖို့ရယ်၊ ဒီကွန်ဒုံးနဲ့ပတ်သက်ပြီး မရှက်မကြောက်ဘဲ စိတ်သက်တောင့် သက်သာဖြစ်ဖို့၊ နည်းလမ်းမှန်ကန်စွာသုံးဖို့၊ လက်တွေ့ လုပ်ဆောင်တတ်ဖို့၊ လိင်ဆက်ဆံတဲ့ အခါမှာလည်း လက်တွေ့အသုံးပြုမှု ပိုများလာအောင် ရည်ရွယ်ပါတယ်။

မေး။ ။ အဲဒီတော့ အမျိုးသမီးကွန်ဒုံးသုံးတဲ့အတွက် ဘယ်လိုကာကွယ်မှုမျိုးတွေ ထိထိရောက်ရောက်လုပ်ဆောင် နိုင်မလဲဆိုတာ ပြောပြပေးပါဦး။

ဖြေ ။ ။ အထူးသဖြင့်ပေါ့နော်။ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နဲ့ လိင်ကတဆင့်ကူးစက်တဲ့ရောဂါတွေ မဖြစ်ပွားမကူးစက်အောင်၊ ကိုယ်ဝန်မရအောင် ထိထိရောက်ရောက် ကာကွယ်ပေးနိုင်တယ်။ လိင်ဆက်ဆံဖက် နှစ်ဦးစလုံး ဒါမှမဟုတ် တဦးဦးမှာ အိပ်ချ်အိုင်ဗွီပိုး ရှိနေခဲ့ရင်လည်း ပိုမဆိုးအောင်၊ မကူးစက်အောင် ထိထိရောက်ရောက် ကာကွယ်ပေးနိုင်တယ်။ မမျှော်လင့်တဲ့ အခြေအနေမှာ လိင်ဆက်ဆံ ခံရတာမျိုးတွေ ရှိခဲ့ရင်လည်း ကာကွယ်မှုတခုအနေနဲ့ အသုံးပြုလို့ရတယ်။

မေး။ ။ အမျိုးသားသုံး ကွန်ဒုံးကိုတောင်မှ အသုံးပြုဖို့ စည်းရုံးတာ ရာနှုန်းပြည့် မအောင်မြင်သေးခင်မှာ အခုလို အမျိုးသမီးကွန်ဒုံးကို သုံးမယ်ဆိုတော့ လိင်ဆက်ဆံဖက် အမျိုးသားတွေကရော အသာတကြည် လက်ခံနိုင်မယ့် အနေအထား ရှိပါ့မလား။ တကယ်လို့မရှိခဲ့ရင် ဘယ်လိုလုပ်မလဲ။ တဆက်တည်းအနေနဲ့ အမျိုးသမီးကွန်ဒုံး အသုံးပြုခြင်းရဲ့ ကောင်းကျိုး ဆိုးကျိုးတွေကိုလည်း ပြောပြပေးပါ။

ဖြေ ။ ။ ကျမတို့ဒီလိုမျိုး အမျိုးသားသုံးကွန်ဒုံးနဲ့တကွ အမျိုးသမီးကွန်ဒုံးကိုပါ နှစ်ခုစလုံး ကြိုက်ရာအသုံးပြုဖို့ တိုက်တွန်းတဲ့အခါ သူတို့ဘာသာ နှစ်သက်တဲ့ နည်းလမ်းကို ရွေးချယ်အသုံးပြုနိုင်ပါတယ်။ အမျိုးသားကွန်ဒုံးဆိုရင် လိင်တံတောင့်တင်းအချိန်ကျမှ စွပ်လို့ရတယ်။ ဒါပေမယ့် အမျိုးသမီးကွန်ဒုံးကတော့ လိင်မဆက်ဆံခင် အမျိုးသမီးရဲ့ ယောနိလမ်းကြောင်းထဲမှာ (၈)နာရီ ကြိုတင်ပြီး ထည့်ထားလို့ရတယ်။ အမျိုးသားကွန်ဒုံးမသုံးချင်တဲ့သူတွေအတွက် အမျိုးသမီးဘက်ကနေ ဦးဆောင်ပြီး လုပ်ပေးလို့ရတာပေါ့။ အမျိုးသမီးတွေအနေနဲ့ ကိုယ့်ရဲ့ လိင်ဆက်ဆံဖော်က အရက်သေစာနဲ့ မူးယစ်ဆေးဝါးသုံးစွဲပြီး မူးမူးရူးရူး ဖြစ်နေခဲ့ရင် အခုလို အမျိုးသမီးကွန်ဒုံးသုံးပြီး ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်တာပေါ့။ နောက်ပြီး အမျိုးသမီးကွန်ဒုံးက အမျိုးသားကွန်ဒုံးထက် ပိုပြီးခိုင် ခန့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို Polyurethane လို့ခေါ်တဲ့ ပလပ်စတစ်(ရာဘာပျော့)တမျိုးနဲ့ ပြုလုပ်ထားတာကြောင့်ဖြစ်တယ်။ Polyurethane ဟာ အပူဓာတ်ကို ပေးတဲ့အတွက် လိင်ဆက်ဆံရာမှာ ခံစားမှု ပိုမိုကောင်းမွန်စေပါတယ်။ အမျိုးသမီးတွေကို သားအိမ်လည်တံကင်ဆာရောဂါ မဖြစ်အောင် ကာကွယ်ပေးဖို့လည်း အထောက်အကူပြုပါတယ်။ ယောကျ်ားသုံးကွန်ဒုံးဆို ရင် သတ်မှတ်ထားတဲ့ ချောဆီတွေနဲ့သာ အသုံးပြုလို့ရတယ်။ အမျိုးသမီးကွန်ဒုံးကျတော့ အဆီပါတဲ့ ချောဆီမှန်သမျှ တွဲသုံးလို့ရတယ်။ အမျိုးသား ကွန်ဒုံးဆိုရင် သတ်မှတ်ထားတဲ့ နေရာမှာပဲ သိမ်းဆည်းရတယ်။ အမျိုးသမီး ကွန်ဒုံးကတော့ နေရာမရွေး သိမ်းဆည်းလို့ရတယ်။ ဒါပေမယ့် အခုအချိန်မှာတော့ အမျိုးသမီးကွန်ဒုံးက အမျိုးသားသုံး ကွန်ဒုံးထက် ဈေးကြီးနေသေးတယ်။ ထိထိရောက်ရောက် အသုံးပြုတတ်ဖို့အတွက် အမျိုးသားကွန်ဒုံးထက်စာရင် လက်တွေ့လေ့ကျင့်မှုတွေ လုပ်ဖို့ ပိုလိုတယ်။

မေး။ ။ အဲဒီတော့ အမျိုးသမီးကွန်ဒုံးကို အသုံးပြုချင်တဲ့ သူတွေရှိလာခဲ့ရင် ဆရာမတို့အ နေနဲ့ ဘယ်လိုကူညီဆောင်ရွက်ပေးနိုင်မလဲ။

ဖြေ ။ ။ ကျမတို့ ဖေဖော်ဝါရီလမှာ သင်တန်းသားတွေကို Follow up လုပ်ဖို့ အစီအစဉ်ရှိတယ်။ အခုလောလောဆယ်တော့ ကျမတို့ သင်တန်းပေးလိုက်တဲ့ သင်တန်းဆရာတွေကတဆင့် ကျန်းမာရေးလုပ်သားအချင်းချင်းနဲ့ လူထုကြားထဲမှာ နည်းစနစ်မှန်ကန်စွာ အသုံးပြုနည်းကို မိတ်ဆက်ပေးနေပါတယ်။ Follow up သင်တန်းကို သူတို့ပြန်မလာခင် ဘယ်လိုလူတွေက အသုံးပြုဖို့ တောင်းဆိုနေသလဲ၊ ဘယ်လိုလူတွေကို အဓိကပစ်မှတ်ထားသလဲ၊ ကွန်ဒုံးအသုံးပြုမယ့် လူအရေအတွက် ဘယ်လောက်ရှိနိုင်မလဲဆိုတာတွေ စာရင်းပြုစုဖို့ တာဝန်ပေးထားတယ်။ အဲဒီကနေရလာတဲ့ အချက်အလက်တွေပေါ် မူတည်ပြီးတော့ လူထုကြားကို အမျိုးသမီးကွန်ဒုံးတွေ ဖြန့်ဝေနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

မေး။ ။ နောက်ဆုံးအနေနဲ့ အမျိုးသမီးထုကို အမျိုးသမီးကွန်ဒုံးတွေ အသုံးပြုချင်လာအောင် ဆရာမအနေနဲ့ ဘယ်လိုတိုက်တွန်း စကားတွေ ပြောကြားချင်ပါသလဲ။

ဖြေ ။ ။ ကျမပြောချင်တာကတော့ အမျိုးသမီးတွေကိုယ်တိုင် ရရှိလာတဲ့ အခွင့်အရေးတွေကို အမိအရယူဖို့၊ မရှက်မကြောက်ကြဖို့၊ နည်းစနစ် မှန်မှန်ကန်ကန် အသုံးပြုကြဖို့၊ ကျန်းမာရေးလုပ်သားတွေနဲ့တကွ ပြည်သူလူထု အားလုံးကနေပြီးတော့ အလေးထားပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားချင်ပါတယ်။ ဒါမှလည်း ကိုယ်ဝန်ဖျက်ချတဲ့ နှုန်းထားတွေ၊ မရည်ရွယ်ဘဲ ကိုယ်ဝန်ရလာတဲ့ နှုန်းထားတွေ၊ လိင်ကတဆင့် ကူးစက်တဲ့ရောဂါ ဖြစ်ပွားနှုန်းတွေ အဓိကအားဖြင့် အိပ်ချ်အိုင်ဗွီပိုး ကူးစက်နှုန်းတွေ ကျဆင်းလာမယ်လို့ ယုံကြည်ပါတယ်။ ■

NTG

လူငယ်+ပြဿနာ=အဖြေ

ပီတာအောင်

❐ လူငယ်တွေကို ပြဿနာအဖြစ် ထင်ကြမြင်ကြသူတွေ ကျနော်တို့ရဲ့ပတ်ဝန်းကျင်မှာ ရှိကောင်း ရှိပါလိမ့်မယ်။ ဒါပေမယ့် အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဆိုတဲ့ ပြဿနာကြီးကို လူငယ်တွေရဲ့အားမာန်နဲ့ ကြိုးပမ်းအဖြေထုတ်နေတဲ့ ထိုင်းယပ် (TYAP) အဖွဲ့ကတော့ 'လူငယ်ဆိုတာ ပြဿနာမဟုတ်ပါဘူး၊ ပြဿနာရဲ့အဖြေပါ' တဲ့။

ထိုင်းလူငယ်အေအိုင်ဒီအက်စ်ကာကွယ်ရေးစီမံကိန်း (TYAP) လို့ အမည်ရတဲ့ ထိုင်းယပ်အဖွဲ့ကို ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့လေးမှာ လွန်ခဲ့တဲ့ (၁၀) နှစ်ကာလ စတင်တည်ထောင်စအချိန်တုန်းက ထိုင်းဘာသာစကားနဲ့ 'လုံးခြေတယ်' လို့ အဓိပ္ပာယ်ရတဲ့ဒီအဖွဲ့ကို ထိုင်းတွေက ထိုင်းတနိုင်ငံလုံးကို လုံးခြေပစ်မယ့်သူတွေလို့ လှောင်ပြောင်ခဲ့ကြဖူးပါတယ်။

ဒီကနေ့မှာတော့ ထိုင်းယပ်အဖွဲ့ဟာ အိတ်ချ်အိုင်ဗွီပိုးရှိနေသူတွေပါ ပါဝင်တဲ့ စေတနာ့ဝန်ထမ်း လူငယ်ပေါင်း (၃၀၀) ကျော်နဲ့ အိတ်ချ်အိုင်ဗွီကာကွယ်ရေးသင်တန်းတွေ၊ လိင်ပညာပေးလုပ်ငန်းတွေ၊ လူငယ်အချင်းချင်းဆွေးနွေးဖလှယ်ပွဲတွေ၊ ကွန်ဒုံးအခမဲ့ဖြန့်ဝေရေးလုပ်ငန်းတွေကို ထိုင်းနိုင်ငံမြောက်ပိုင်းမှာ ကျယ်ကျယ်ပြန့်ပြန့် လုပ်နေရုံသာမက ထိုင်း–မြန်မာနယ်စပ် မယ်လဒုက္ခသည်စခန်းထိပါ လက်တံရှည်ရှည်နဲ့ ဖြန့်ကျက်လုပ်ကိုင်လို့နေပါပြီ။

'အိတ်ချ်အိုင်ဗွီပိုးဟာ နေရာတိုင်းမှာရှိနေပါပြီ၊ ဘယ်နေရာဘယ်လူမျိုးမှာမဆို ရှိနေပါပြီ၊ နေရာဒေသမခွဲခြားဘူး၊ လူမျိုးမခွဲခြားဘူး၊ ဘယ်နေရာမှာမဆို၊ ဘယ်အခြေအနေမှာမဆို၊ ဘယ်သူ့ကိုမဆို အချိန်မရွေး ကူးစက်သွားနိုင်ပါတယ်' လို့ထိုင်းယပ်အဖွဲ့ရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဖိသွန် (ခေါ်) အမ်ဖွန်ဘွန်တန်က ပြောပါတယ်။

'ဒီရောဂါပိုး ကူးစက်ပြန့်ပွားမှုမဖြစ်အောင် လူငယ်တွေမှာ ဒီရောဂါပိုးနဲ့ပတ်သက်တဲ့ အသိညဏ်ဗဟုသုတတွေရှိရပါမယ်။ မြန်မာလူငယ်တွေကိုလည်း ဒီဗဟုသုတရစေချင်တဲ့အတွက် ဒုက္ခသည်စခန်းတွေဆီကို သွားရောက်ဖြန့်ဝေနေတာပါ။ ဒုက္ခသည်စခန်းကလူငယ်တွေကို တခြားနေရာကလူငယ်တွေ ဘာတွေလုပ်နေတယ်ဆိုတာ သိစေချင်တယ်။ သူတို့ကိုလည်း ပူးပေါင်းပါဝင်စေချင်ပါတယ်။ ဒီရောဂါပိုး ကာကွယ်ရေးလုပ်ငန်းတွေမှာ ဘယ်နေရာဘယ်ဒေသက ဘယ်လူငယ်တွေမဆို ပါဝင်လုပ်ဆောင်သင့်နေပါပြီ' လို့ဖိသွန်က ပြောပါတယ်။

နေ့စဉ်နေ့တိုင်း မိနစ်တိုင်းမှာ အသက် (၁၅) နှစ်အောက် ကလေးတဦးဟာ အိတ်ချ်အိုင်ဗွီဆက်စပ်ရောဂါနဲ့ သေဆုံးနေတယ်။ (၁၅) စက္ကန့်တိုင်းမှာ အသက် (၁၅) နှစ်နဲ့ (၂၄) နှစ်အကြား လူငယ်တဦးဦးဟာ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေရတယ်။ ၂၀၀၄ ခု တနှစ်တည်းမှာတင် လူပေါင်း (၃) သန်းဟာ အေအိုင်ဒီအက်စ်ကြောင့် သေဆုံးခဲ့ရတယ်လို့ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က ဆိုပါတယ်။

မြန်မာနိုင်ငံမှာတော့ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေရသူပေါင်း (၃) သိန်း (၆) သောင်းရှိတယ်လို့ UNAIDS က ခန့်မှန်းပါတယ်။ အဲဒီအထဲကမှ လူငယ်တွေ ဘယ်နှစ်ယောက်သေဆုံးကုန်ကြပြီလဲ၊ ဘယ်သူမှမသိနိုင်တဲ့ စကြဝဠာတွင်းနက်ကြီး တခုလိုပါပဲ။

ဒါဆို ဒီရောဂါပိုးနဲ့ ပတ်သက်တဲ့ အသိညဏ်ဗဟုသုတတွေကိုရော မြန်မာလူငယ်တွေ သိနေကြပြီလား။ နောက်ဒီရောဂါပိုး မကူးစက်အောင် ကိုယ်တိုင်ကာကွယ်ဖို့ရယ် အခြားသူတွေကို မကူးစက်အောင်ကာကွယ်ဖို့ရယ်၊ ဒီရောဂါပြဿနာ ကာကွယ်လုပ်ငန်းတွေမှာရယ်ရော လူငယ်တွေ ပူးပေါင်း လုပ်ကိုင်နေကြပြီလား။ နောက်ပြီး လုပ်နိုင်ခြေကောရှိများရှိပါရဲ့လား။

စာရေးဆရာမမေငြိမ်းကတော့ 'မြန်မာလူငယ်တွေဟာ ဘာမဆိုလုပ်နိုင်ပါတယ်။ လုပ်ခွင့်မရတာရယ်၊ ဘယ်လိုလုပ်ရမှန်းမသိတာရယ်ဘဲ ရှိပါတယ်။ ဒီကိစ္စမှာ တတ်သိနားလည်တဲ့လူကြီးတွေက ဦးဆောင်သင့်သလို လူငယ်တွေလက်ခံနိုင်တဲ့ အဆိုတော်တွေ၊ စာရေးဆရာတွေက ဦးဆောင်လမ်းညွှန်မယ်ဆိုရင်တော့ လူငယ်တွေလိုက်လုပ်လာနိုင်ပါတယ်'တဲ့။

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရဲ့ အကျိုးအပြစ်တွေကိုရော မြန်မာလူငယ်တွေ တကယ်တမ်း သိနေကြပြီလားဆိုတော့ 'ဒီရောဂါပိုးဟာ မူးယစ်ဆေး အကြောထဲ သွင်းမှုကနေ၊ လိင်ဆက်ဆံမှုတွေကနေ အဓိက ကူးစက်နိုင်တယ်ဆိုတာကို သိကြပါတယ်။ ဒါပေမယ့် မကြောက်ကြပါဘူး။ သူတို့ရဲ့ အလေ့အထတွေကို မပြင်နိုင်ကြသေးပါဘူး' လို့ ဆရာမမေငြိမ်းက ပြောပါတယ်။

ဆရာမတွေ့ဖူးတဲ့ လူငယ် (၁၀) ဦးမှာ (၆) ဦးဟာ ကွန်ဒုံးမသုံးပါဘူး။ မရှောင်နိုင်ရင် ဦးထုပ်တော့ဆောင်းကြနော်လို့ သတိပေးပေမယ့် 'ဆရာမရယ် မိုးရေချိုးချင်ပါတယ်ဆိုမှ မိုးကာကြီးနဲ့ ရေချိုးခိုင်းနေပါပြီလို့' လူငယ်တွေအတွန့်တက်ကြတယ်လို့ ဆရာမက ဆိုပါတယ်။

ဖျော်ဖြေရေးအလုပ်သမတဦးကတော့ ဒါဟာ တဒင်္ဂလေးများစွာပါပဲ။ ခေတ္တခဏသာယာမှုလေးအတွက် ဘဝတခုလုံး ဒုက္ခရောက်ရမယ့်အဖြစ်မျိုးမို့ ကွန်ဒုံးသုံးဖို့မရွေးချယ်ဘဲ မနေချင်ပါနဲ့တဲ့။

သူမပေးတဲ့ ဥပမာတခုကတော့ 'မြန်မာဟင်းပဲ နေ့တိုင်းစားနေရာက ထိုင်းဟင်းပြောင်းစားရင် အရသာအနည်းငယ်တော့ ကွာခြားမှုရှိမယ်၊ ဒါပေမယ့် အချိန်ကြာရင်တော့ ထိုင်းဟင်းကို ကြိုက်သွားမှာပါ'' တဲ့။

မြန်မာယောက်ျားလေးတချို့ဟာ ကွန်ဒုံးဝယ်ရမှာ ရှက်နေကြတုန်းပါပဲ။ မြန်မာမိန်းကလေးတွေဆိုရင်လည်း ကိုယ့်ရဲ့ချစ်သူရည်းစားနဲ့ မဆင်မခြင်ဖြစ်ကြတဲ့အခါ ကိုယ့်ရည်းစားကို ကွန်ဒုံးသုံးဖို့ တောင်းဆိုရကောင်းမှန်းတောင် မသိကြဘူး။ နောက်ပြီး ပတ်ဝန်းကျင် အသိုင်းအဝိုင်းကလည်း ကွန်ဒုံးဆောင်သူတွေကို အပျော်အပါးလိုက်စားသူတွေအဖြစ် အထင်သေးအမြင်သေးတဲ့မျက်လုံးတွေနဲ့ ကြည့်နေတုန်းပါပဲ။ ဒီအပြုအမူတွေ မြန်မာ့လူမှုအသိုင်းအဝိုင်းမှာ ပြောင်းလဲပစ်ဖို့ လိုအပ်နေပါပြီ။

အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲတခုမှာ ဆုံလိုက်ရတဲ့ ကရင်လူငယ်တဦးကတော့ ကျောင်းသင်ခန်းစာတွေထဲမှာ ဒီရောဂါနဲ့ပတ်သက်တဲ့ အိတ်ချ်အိုင်ဗွီနဲ့ လိင်ပညာပေးသင်ခန်းစာတွေ ထည့်သွင်းသင့်သလို အိမ်တွေမှာလည်း မိဘတွေက သားသမီးတွေကို ပွင့်ပွင့်လင်းလင်း ပညာပေးမယ်၊ ဒါ့အပြင် မိဘတွေကိုပါ ပညာပေးသင်တန်းတွေ တက်ခိုင်းမယ်ဆိုရင် ဒီရောဂါပြဿနာကို ထိထိရောက်ရောက် ကာကွယ်နိုင်မယ်လို့ ပြောပါတယ်။

ကရင်နီလူငယ်တဦးကတော့ ဒီရောဂါနဲ့ ပတ်သက်ပြီး သူတို့အသိုင်းအဝိုင်းမှာ သိပ်ကိုလျှို့ဝှက်လွန်းတယ်။ လျှို့ဝှက်လွန်းအားကြီးလို့ ဒီရောဂါပြဿနာ ဖြစ်နေမှန်း၊ ရှိမှန်းမရှိမှန်းတောင် မသိတဲ့အခြေအနေပါတဲ့။ ဒါကြောင့် ကရင်နီတွေ ပွင့်လင်းကြဖို့ လိုအပ်နေပြီတဲ့။

မွန်လူငယ်တဦးကတော့ ဒီရောဂါသည်တွေကို သူတို့အရပ်ဒေသမှာ နှိမ့်ချခွဲခြားဆက်ဆံကြတယ်၊ ပစ်ပယ်ထားကြတယ်တဲ့။ သေဆုံးသွားရင်တောင်မှ သင်္ချိုင်းမှာ သီးခြားမြှုပ်နှံထားကြတယ်။ ဒီလိုခေတ်အခါမျိုးမှာ ဒီလိုအပြုအမူမျိုးတွေ ရပ်တန်းက ရပ်သင့်ပါပြီတဲ့။

အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေရသူ မြန်မာလူငယ်တဦးကတော့ သူအလိုချင်ဆုံးအရာဟာ 'သူတို့အပေါ်မှာ လူတွေရဲ့ စာနာနားလည်ပေးမှုလေးပါပဲ'တဲ့။ သူ့ရဲ့ သူငယ်ချင်းလူငယ်တွေကို အကြံပေးချင်တာတော့ အပျော်အပါးလိုက်စားမယ်ဆိုရင် မဖြစ်မနေ ကွန်ဒုံးတော့သုံးကြပါ၊ ကိုယ့်အတွက်ရော မိသားစုအတွက်ပါ ကာကွယ်ရာရောက်ပါတယ်တဲ့။

လူငယ်တွေ အားလုံးဟာ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေရသူတွေကို စာနာနားလည်ပေးဖို့၊ ဒီရောဂါနဲ့ပတ်သက်တဲ့ ဗဟုသုတတွေကို ကိုယ်တိုင်လေ့လာဆည်းပူးဖို့၊ သိထားတဲ့အသိပညာတွေကို အများတကာကို ပြန်ပြီးဖြန့်ဝေပေးဖို့နဲ့ ဒီရောဂါပြဿနာ ကာကွယ်ရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။

ထိုင်းယပ်အဖွဲ့က ဖိသွန်ကတော့ 'ဒီရောဂါအကြောင်း သိရုံတင် မဟုတ်ပါဘူး၊ ကိုယ်တိုင်လိုက်နာကြဖို့က ပိုလို့တောင် အရေးကြီးပါတယ်' လို့ဆိုပါတယ်။ အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရရင် ခုခေတ်ခုအခါမှာတော့ အရင့်အရင်အချိန်တုန်းကလို ကုရာနတ္ထိ ဆေးမရှိရောဂါ မဟုတ်တော့ပါဘူး။ ဆေးဝါးနဲ့ ကုသမှုကောင်းကောင်းရရင် လူတန်းစေ့နေနိုင်တဲ့အနေအထား ရောက်နေပါပြီ။ ဒါပေမယ့် ကုန်ကျမယ့်စရိတ်စကနဲ့ ဘဝတလျှောက်လုံး ဆေးသောက်ရမယ့်အခြေအနေနဲ့ မြန်မာနိုင်ငံလို အရာရာခက်ခဲနေတဲ့ တိုင်းပြည်အတွက်တော့ လွယ်လင့်တကူ မဟုတ်တာတော့ အမှန်ပါ။

ဒါကြောင့် တဒင်္ဂလေးများစွာမှာ လူငယ်တွေအနေနဲ့ ကိုယ့်ကိုယ်ကို ဆင်ခြင်ထိန်းသိမ်းနိုင်မယ်၊ သူငယ်ချင်းအပေါင်းအသင်းတွေကိုလည်း ပညာပေးစည်းရုံးနိုင်မယ်၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေးအတွက် တက်တက်ကြွကြွ ပူးပေါင်း ဆောင်ရွက်ကြမယ် ဆိုရင်ဖြင့် လူငယ်တွေဟာ ပြဿနာမဟုတ်တော့ဘဲ သူတို့ကိုယ်နှိုက်က ပြဿနာရဲ့ အဖြေတခုဆိုတာ ဧကန်မလွဲဖြစ်ပါတော့တယ်။ ■

ပီတာအောင်

▸▸▸ မျက်နှာဖုံးမှ အဆက်

အရှန်းဖောက်တော်သည့် မန်းမျိုးမြင့်က 'မနော်ထူးသာ သီချင်းဆို ကောင်းတာမဟုတ်ဘူး တို့ဆရာမစင်သီယာလည်း သီချင်းဆိုဝါသနာပါတယ်။ ကျနော်ဟိုတလောက ဆရာမအိမ်ကို သွားတော့ ဆရာမက ဆုန်သင်းပါရဲ့သီချင်းကိုဆိုရင်း ကိုကျော်ဟိန်းကို ထမင်းစားဖို့ လိုက်ရှာနေတာတွေ့ခဲ့တယ်' ဟု ပြောလိုက်တော့ ဆရာမအပါအဝင် ပရိသတ်တွေလည်း ပါးစပ်ပင်မစေ့နိုင်တော့။ မေသဇင်ထွန်းက 'ဦးရေဒီ(၁၀)ယောက်က သိပ်တော်တော့ စီးရီးထုတ်လို့ရတယ်သိလား၊ ဦးမောင်မောင်ကြီးက စီးရီးထုတ်ပေးမယ်ပြောတယ်'ဟု ပြောတော့ မန်းမျိုးမြင့်က 'ဘယ်ကလာထုတ်ပေးနိုင်မှာလဲ၊ သူ့ကို ဆရာမနော်လေးဒီ ခိုင်းထားတာ ဝလချီးကို လည်လို့၊ ဒါပေမယ့် ပြောလို့တော့မရဘူး၊ သောင်းတန်ချိုက ထုတ်ပေးမယ်ပြောတယ်'ဟု ဘော်လီဘောပုတ်သလို ပြောသည်ကို ပရိသတ်က တဖြောင်းဖြောင်းတဝါးဝါးနှင့် အားရောင်ရွှန်းမြ ညချမ်းအောက်တွင် စိုးရွံ့သိမ်ငယ်စွာ လဲလျောင်းလို့နေလေရဲ့။

သီချင်းဆိုအပြီး ဆုရရှိသူသုံးဦးကို ကြေညာလိုက်ချိန် ကျမ မှန်းထားသည့်အဆိုရှင်က ပထမရသွား၍ ရင်ထဲအနည်းငယ်ကြည်နူးသွားခဲ့သည်။ ဆုရရှိသူသုံးဦးနှင့် ပြိုင်ပွဲဝင်သူအားလုံး စတိတ်ပေါ်ကို တက်လာပြီးနောက် ဆရာမက မွေးနေ့ဂုဏ်ပြုဆုချီးမြှင့်ပြီး အခမ်းအနားပြီးဆုံးကြောင်း နှုတ်ဆက်စကားကို ပြောကြားလိုက်သည်။ သူမ၏ မွေးနေ့ အောင်အောင်မြင်မြင်ပြီးဆုံးသွားသည့်အတွက် လုပ်ဖော်ကိုင်ဖက် ညီအကိုမောင်နှမများကို ကျေးဇူးတင်ကြောင်းနှင့် ခုလို အောင်အောင်မြင်မြင် ပြုလုပ်နိုင်ခြင်းသည် တဦးနှင့်တဦး အပြန်အလှန် နားလည်မှုရှိရှိနှင့် ပူးပေါင်းဆောင်ရွက်သွားခြင်းကြောင့် အောင်မြင်တာဖြစ်ကြောင်းနှင့် နောင်တွင် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းများအတွက်လည်း ယခုလို နားလည်မှုရှိရှိနှင့် အပြန်အလှန် ဖေးမ

ပေးကြ၏။

အမှတ်ပေါင်းပြီး ခပ်တည်တည်နှင့် စတိတ်ပေါ်တက်လာသည့် ဒေါက်တာလွဏ်းဆွေကလည်း 'ပြည်တော်ဝင်'သီချင်းနှင့် ဂုဏ်ပြုလိုကြောင်း ပြောပြီး ဆွေးဆွေးမြေ့မြေ့ သီဆိုသည်ကို နားထောင်ရင်း ၁၀ စုနှစ်ကျော် ခွဲခွာနေရသည့် အမိမြန်မာပြည်ကို လွမ်းဆွတ်သတိရခြင်းများက ရင်ကို နွမ်းလျသွားစေခဲ့သည်။ ထိုအချိန်တွင် နတ်တော်လ၏ လဝန်းဝိုင်းဝိုင်းပြည့်ပြည့်ကြီးက အေးချမ်းသည့် ရိပ်မြုံတခုကို နွေးထွေးညင်သာစွာ ငုံ့မိုးကြည့်လို့နေသည်။ စိတ်သက်တောင့်သက်သာ ဖြတ်ကျော်အသုံးပြုခွင့်မရသော ထိုင်း–မြန်မာ ချစ်ကြည်ရေး တံတားကြီး၏ တဘက်ကမ်းရှိ အမိမြန်မာပြည်ကတော့ လကူညီရင်း ပူးပေါင်းဆောင်ရွက်မှုများနှင့် လက်တွဲလုပ်ဆောင်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း အမှတ်တရထည့်သွင်း ပြောကြားသွားသည်။

စစ်တပ်အာဏာသိမ်းပြီး ကြားဖြတ်အစိုးရ အုပ်ချုပ်နေသည့် နိုင်ငံတခုတွင် လူမျိုးပေါင်းစုံ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေးလုပ်ငန်းများကို စွန့်လွှတ်အနစ်နာခံ ဆောင်ရွက်နေသော အာရှအမျိုးသမီးသူရဲကောင်း ဒေါက်တာစင်သီယာမောင်၏ မွေးနေ့စည်ကားမှုနှင့် အသက်ဝင်လှုပ်ရှားမှုကို ပိုစတာပေါ်မှ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်က ကြည်နူးပြုံးနှင့် ငေးကြည့်နေတော့သည်။ ■

ထနော်င်း

စုပေါင်းတိုက်ဖျက် အေအိုင်ဒီအက်စ်

ဆန်တာကလော့စ်

❒ ဟိုက်ရှာလပတ်ရည် ...။ ဒီတနှစ်မှာလည်း အစဉ်အလာမပျက် ချီတက်ကြတဲ့ ကမ္ဘာ့အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးနေ့ လူထု လမ်းလျှောက်ပွဲဟာ စည်ကားမြဲ၊ သိုက်မြိုက်မြဲ၊ ပျော်ရွှင်စရာကောင်းမြဲပါကလား။ သို့ဂလို အတွေးဖြင့် ဂုရုကြီး ဆန်တာကလော့(စ်) တယောက် ဆောင်းအေးအေးမှာ နွေးနွေးထွေးထွေးဖြစ်သွားသည်။ ဂုရုဆန်နှင့် အဖော်သဟာတသိုက်၊ ဘော်ဒါတသိုက်တို့သည် ၂၀၀၆-ခုနှစ်၊ ဒီဇင်ဘာ (၁)ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာ အေအိုင်ဒီအက်(စ်)တိုက်ဖျက်ရေးနေ့ လူထုလမ်းလျှောက်ပွဲကြီး၌ ကုလားနည်းတူ(အဲလေ) အများနည်းတူ တခဲနက်၊ နှစ်ခဲနက်၊ သုံးလေးခဲနက် ပါဝင်ချီတက်ခဲ့ကြသည်။ မယ်တော်(ကျောင်းသား)ဆေးခန်း မိသားစု၊ ဝေါ်ဇ္ဇီရှင်းမိသားစု၊ ထိုင်းနှင့်မြန်မာစာသင်ကျောင်းများမှ ကျောင်းသားလေးများ၊ စောမိသားစု၊ မက်(ပ်)ဖောင်ဒေးရှင်းနှင့် ရွှေ့ပြောင်းအလုပ်သမားများ၊ အက်(စ်)ဝိုင်စီဘီကျောင်းသားလူငယ်များအဖွဲ့၊ ဂျေအေစီဘီအေမှ ကြီးမှူးသည့် ရွှေ့ပြောင်းအလုပ်သမားများ စသဖြင့် စစ်ကြောင်းများက ဂုဏ်ပြုချီတက်ခဲ့ကြတာက စုပေါင်းတိုက်ဖျက်ဖို့၊ ဝိုင်းဝန်း တိုက်ဖျက်ကြဖို့ မဟုတ်ပါလား။

ဂုရုဆန်၊ ဒေါက်တာလွမ်းဆွေး(အဲလေ)ဒေါက်တာလွင်ဆွေ၊ မန်းမျိုးမြင့်၊ စိန်အေးမာ စသူတို့သည် ချီတက်ရာလမ်းတလျှောက်မှ ဂျေအေစီဘီအေနှင့် မက်(ပ်)ဖောင်ဒေးရှင်းတို့ ကြီးမှူးသည့် ရွှေ့ပြောင်းအလုပ်သမားတို့၏ ဒိုးပတ်နှင့် သံချပ်ဆီမှ ထွက်ကျလာသော စကားလုံးများကို လိုက်ကောက်ကြည့်ကြသည်။ (ဒီဇင်ဘာ အားကစားလ အာလူးကောက်ပွဲ အကြိုအဖြစ် လေ့ကျင့်နေခြင်းဟု ယူဆော်ရ၏) ဟော လာပါပြီ၊ အော်ပါပြီ သံချပ်မောင် တို့ရဲ့ အသံဖလ်တွေ ...။

> **'ယနေ့ကြွလာ...မိတ်သဟာ...ချမ်းသာကိုယ်စိတ်မြဲပါစေ**
> **ယနေ့ရောက်လာ...များသူငှါ...ချမ်းသာကိုယ်စိတ်မြဲပါစေ**
> **တနေ့တာဝမ်းစာ...ရှာဖွေရာ...ချမ်းသာကိုယ်စိတ်မြဲပါစေ**
> **ဘေးဘယာဝေးကွာ...အစဉ်သာ...ချမ်းသာကိုယ်စိတ်မြဲပါစေ**
> **အမေး-(ကုရာနတ္တိ၊ ဆေးမရှိတာ၊ အဲဒါဘာလဲ ပြောပါကွဲ)၂**
> **အဖြေ-(ရောဂါသိလျက်၊ ဆေးရှာခက်၊ အေအိုင်ဒီအက်စ်)၂**
> **အမေး-(အေအိုင်ဒီအက်စ် ဟုတ်ပါစ၊ အဲဒါဘယ်ကစ)၂**
> **အဖြေ-(တထောင့်ကိုးရာရှစ်ဆယ့်တစ်၊ စဖြစ်သက္ကရာဇ်)၂**
> **အမေး-(ဘယ်နိုင်ငံမှာ စဖြစ်တာ၊ ဘယ်သူကနေစဖြစ်တာ၊ ဒို့ကို ပြောစမ်းပါ)၂**
> **အဖြေ-(ရှော့ခ်ဟတ်ဆန်ဆိုတဲ့ ရုပ်ရှင်စတား၊ အဲဒါအမေရိကန်သား)၂**
> **အမေး-(မြန်မာနိုင်ငံမှာစဖြစ်တာ ဆက်ပြောပါဦးကွာ)၂**
> **အဖြေ-(တထောင့်ကိုးရာ ကိုးဆယ့်တစ်၊ အဲဒါမြန်မာဖြစ်)၂**
> **အမေး-(အေအိုင်ဒီအက်စ်ရောဂါဟာ၊ဘာကိုရွေးသလဲကွာ)၂**
> **အဖြေ-(လူမျိုးဘာသာမရွေးပါ၊ အားလုံးဖြစ်နိုင်တာ... နိုင်ငံဒေသမရွေးပါ၊ အားလုံးဖြစ်နိုင်တာ ... ဆင်းရဲ၊ ချမ်းသာမရွေးပါ၊ အားလုံးဖြစ်နိုင်တာ လူကြီးလူငယ်မရွေးပါ၊ အားလုံးဖြစ်နိုင်တာ ... ယောကျာ်း၊ မိန်းမမရွေးပါ၊ အားလုံးဖြစ်နိုင်တာ**
> **အမေး-(ဒီနေ့ကမ္ဘာမှာ၊သေဆုံးတာ၊ဘယ်လောက်ရှိပလဲကွာ)၂**
> **အဖြေ-(ဒဗလျူအိပ်ချ်အို ကြေညာတာ၊ ၁၇သန်းရှိပြီကွာ)၂**
> **(ဟော့ငစိန်လား၊ ညှော်မထလား၊ ညှော်မထလား ... ဟော့ငစိန်လား ဟေးလား မောင်ရို့ဝါး)**

ဟော ... ဟိုမှာကြည့်ပါဦး။ လမ်းဘေးဝဲယာတလျှောက်မှာ ရှိနေကြတဲ့ ပွဲကြည့်ပရိတ်သတ်(ဂ်) လူထုတွေလက်ထဲကို လက်ကမ်းစာစောင်လေးတွေ၊ ကွန်ဒုံအစွပ်ကလေးတွေ ဝေငှနေကြပုံများ။ ကြည့်မှကြည့်ကောင်းသေးတော့ကွာ။ အဲ ...အဲ ဒိုးပတ်သံ စီစီညံလာတာက ဒီလိုပါခင်ဗျ။ ဒိုးပတ်နဲ့ သံချပ်အဖွဲ့ရှေ့က အိပ်ချ်အိုင်ဗွီပိုးစံ လိပ်မရုပ်ကလေးက လှလှပပ ကပြနေတာက ဂလိုလေဗျာ။

'ကွန်ဒုံလေးနဲ့ .. လှသော လိပ်မရယ် ... အဝါရောင်လေးနဲ့ ကြွသော လိပ်မရယ် ... ဒဇ္ဇကိုတို့လာရင်ကွယ် ... ဖုံးကာကွယ်လိုက်ဟယ် ... တိုးတိုးလို့ ... မဆိုးမဆိုးဖို့ ... ဂိုးဂိုးတို့ပြောပြချင်တယ်ကွယ် ...'

အီကြာကွေး ။ ။ ဟုတ်ပေတာပေါ့။ ဟုတ်တာပေါ့ဗျာ။ အိပ်ချ်အိုင်ဗွီပိုးဆိုတာက လူ့ရဲ့ခုခံစွမ်းအားကို ကျဆင်းစေတဲ့ ဗိုင်းရပ်စ်ပိုး တမျိုးရယ်ပါ။ အိပ်ချ်အိုင်ဗွီက ပိုး၊ အေအိုင်ဒီအက်စ်က ရောဂါ။ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရပြီဆိုရင် အဲဒီပိုးဟာ ခန္ဓာကိုယ်ထဲက ရောဂါ ခုခံစွမ်းအားကို ဖျက်ဆီးပစ်တယ်လေ။ အဲဒီလို ဖျက်ဆီးခြင်းခံရတာကို မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းတဲ့ရောဂါ (အေအိုင်ဒီအက်စ်)လို့ ခေါ်တာပဲဗျ။ ဒီအခါမှာ လူဟာ ပြင်ပကဝင်လာတဲ့ရောဂါတွေကို ခုခံနိုင်စွမ်းမရှိတော့ဘဲ အဲဒီရောဂါနဲ့ သေဆုံးကြရတာပဲခင်ဗျ။

ဂုရုဆန် ။ ။ မင်းအတော်တိုးတက်လာပါလား ဖိုးအီကြာ။ ဒါပေါ့ကွာ ဗဟုသုတဆို တာ လျှာပေါ်မှာမြည်းရင်(အဲလေ) ရှာမှီးရင် ဘယ်ကုန်နိုင်ပါ့မလဲ။ ရှာမှီးလို့ မကုန်နိုင်တဲ့ ဗဟုသုတတွေကို အောက်ဈေးနဲ့ ထုတ်ရောင်း (အဲဟုတ်ပေါင်) ရှာရင်း၊ လိုက်ရင်း၊ ဆီးပေါက်ရင်း (အဲ) ဆည်းပူးရင်းနဲ့ ကိုင်း-ကြည့်ကွာ၊ ဒီကနေ့ နိုင်ငံတကာ အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးနေ့မှာ အပြန်အလှန်အားဖြင့် လေ့လာထားသမျှတွေကို ဖလှယ်ကြရတာပေါ့ကွာ။ ကဲ ... ကဲ ဆက်ဖော(အဲ) ဆက်ပြောကြပါအုံး။

ပေါက်စီ ။ ။ အီကြာကွေးပြောသွားတဲ့အထဲမှာ တခု ကျန်နေသေးတယ်ဗျ။ အဲသလို အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံရပေမယ့်လည်း သာမန်လူ တယောက်လို သွားလာလှုပ်ရှားနိုင်တယ်ဆိုတာ မမေ့နဲ့ဗျ။

ဂုရုဆန် ။ ။ အိန်း ကောင်းကွာ။ ဒါဆိုရင် အိပ်ချ်အိုင်ဗွီပိုးကို ကာကွယ်ဖို့၊ ကုသဖို့ ဆေးရှိသလားကွ။

ပေါက်စီ ။ ။ ဆေးမ ရှိသေးဘူးခင်ဗျ။

ဂုရုဆန် ။ ။ ကူးစက်နိုင်တဲ့နည်းလမ်းတွေကို ဘယ်သူ သိသလဲ။ သိရင်ပြောကြကွာ။

နံ့ပြား ။ ။ ကျနော် သိတာကတော့ လိင်တူ၊ လိင်ကွဲ (လိင်ဆက်ဆံခြင်း)ကနေ ကူးစက်နိုင်တယ်ခင်ဗျ။

စမူဆာ ။ ။ ရောဂါပိုးရှိတဲ့သူ့ရဲ့သွေးကို သွင်းမိတာမျိုး၊ ရောဂါပိုးရှိတဲ့သူအသုံးပြုတဲ့ ချွန်ထက်ပြတ်ရှတဲ့ အသုံးအဆောင်တွေ (ဥပမာ-ဘရိတ်ဓား၊ ဆေးထိုးအပ်၊ ဆေးမှင်ကြောင်ထိုးတာ)အဲသလိုဟာတွေကို မျှဝေသုံးစွဲခြင်းကနေ ကူးစက်နိုင်တယ်ခင်ဗျ။

အီကြာကွေး ။ ။ ကိုဝင်းဆောင်ရဲ့မိခင် (အဲလေ) ကိုယ်ဝန်ဆောင်မိခင်ကနေ သန္ဓေသားဆီကို ကူးစက်နိုင်တယ်ခင်ဗျ။ (ဥပမာ-ကိုယ်ဝန်ဆောင်စဉ်အတွင်း ချက်ကြိုးကတဆင့် ကူးစက်တာမျိုး၊ မွေးဖွားစဉ်အတွင်း မိန်းမကိုယ်အရည်နဲ့ သွေးတွေကတဆင့် ကူးစက်တာမျိုး၊ နို့တိုက်တဲ့အခါ နို့ရည်ကတဆင့် ကူးစက်တာမျိုး) ဖြစ်နိုင်ပါတယ် ခင်ဗျ။

ဂုရုဆန် ။ ။ ဟုတ်ပေသကွာ။ မင်းတို့ပြောတာတွေကို အနှစ်ချုပ်ပြီး ပြောရရင် (နံပါတ်တစ်) လိင်ဆက်ဆံခြင်းကနေ၊ (နံပါတ်နှစ်) သွေးကနေ၊ (နံပါတ်သုံး) ကိုယ်ဝန်ဆောင်မိခင်ကနေ ကူးစက်နိုင်တယ်ပေါ့ကွာ။ ကိုင်းသဟာဆိုရင် မကူးစက်နိုင်တဲ့ နည်းလမ်းတွေရော သိကြသလား။

(ကွေး၊ ပေါက်၊ နံ့၊ စမူ)။ ။ မသိပါဘူး ဂုရုကြီး၊ ပြောပြပါခင်ဗျ။

ဂုရုဆန် ။ ။ ဒီလို လင်္ကာစပ်ပြီးမှတ်ရင် မှတ်မိကြမှာပါ။ ကြည့်နော်။

> **'အတူနေ၊ ပွေ့ဖက်**
> **နှုတ်ဆက်၊ ကစား**
> **ကားအတူစီး၊ တွဲပြီးကျောင်းတက်**
> **တွဲဖက်အလုပ်လုပ်၊ နှာသုတ် ချောင်းဆိုး**
> **တို့ထိချွေးရည်၊ သူ့မျက်ရည်နှင့်**
> **နမ်းသည်သူ့ပါး၊ နဖူး၊ လက်များကြောင့်**
> **သင့်အား မကူးနယ်၊ ဆယ်ချက်မှတ်'**

ရောဂါရှင်တွေမှာ ဘယ်အခြေအနေပဲရောက်ရောက် သင်တို့၊ ငါတို့ အားလုံးတို့ကို မကူးစက်နိုင်တဲ့ အနေအထား (၁၀)ချက်ရှိတယ်နော်။
(နံပါတ်တစ်) အတူနေ- တအိမ်ထဲမှာအတူနေထိုင်တာ။
(နံပါတ်နှစ်) ပွေ့ဖက်- ပွေ့ဖက်ဖော့ယမ်းတာ။
(နံပါတ်သုံး) နှုတ်ဆက်- လက်ဆွဲနှုတ်ဆက်တာ။
(နံပါတ်လေး) ကစား- အတူတူကစားတာ။
(နံပါတ်ငါး) ကားအတူစီး- ကားအတူတူစီးတာ။
(နံပါတ်ခြောက်) တွဲပြီး ကျောင်းတက်- အတူတူတွဲလျက် ကျောင်းတက်တာ။
(နံပါတ်ခုနစ်) တွဲဖက်အလုပ်လုပ်- တနေရာထဲမှာ အတူတူတွဲဖက်အလုပ်လုပ်တာ။
(နံပါတ်ရှစ်) နှာသုတ်ချောင်းဆိုး- နှာရည်သုတ်တာ၊ ချောင်းဆိုးတာ။
(နံပါတ်ကိုး) တို့ထိချွေးရည်၊ သူ့မျက်ရည်နှင့်- သူ့ရဲ့ချွေးရည်၊ မျက်ရည်တွေနဲ့ ထိမိတာ။
(နံပါတ်တဆယ်) နမ်းသည် သူ့ပါး၊ နဖူး၊လက်များကြောင့်- သူ့ရဲ့ပါး၊ နဖူး၊ လက်တွေကို နမ်းတာ။
အဲဒါအဲဒါတွေလောက်ပြုမူရုံ၊ သာမာန်ထိတွေ့ဆက်ဆံရုံနဲ့ မကူးစက်နိုင်ပါဘူးတဲ့။

မန်းမျိုးမြင့် ။ ။ ဂလုဂလုဆန် ဒီနေရာမှာတော့ တကွက်ကျန်သွားတယ်။ အတူတကွအသုံးပြုခြင်းကနေလဲ မကူးစက်နိုင်ဘူးဗျ။ ဥပမာဗျာ- အိမ်သာအတူတူသုံးတာ၊ မျက်နှာသုတ်ပုဝါ အတူတူသုံးတာ၊ ရေကန်တခုတည်း အတူတူရေချိုးတာ၊ အိုးခွက်ပန်းကန်တွေ အတူအသုံးပြုတာ၊ အဝတ်အစား၊ အိပ်ရာခင်း အတူသုံးတာ အဲဒါတွေကနေ မကူးစက်နိုင်ဘူးလေဗျာ။

ဂုရုဆန် ။ ။ ခင်ဗျား ထောက်ပြတာ ကောင်းပါတယ်။ ကျုပ်ပြောတဲ့အထဲက နံပါတ်တစ် အချက် (အတူနေ)ဆိုတာ အဲ့ဒီ သဘောပဲ မဟုတ်လားဗျ။

စိန်အေးမာ ။ ။ ရှင်တို့ နှစ်ယောက်စလုံး လောက်စလုံး (အဲလေ) ကျန်နေတာတချက်ရှိသေးတယ်။ ခြင်တွေ၊ ကြမ်းပိုးတွေ၊ အခြားပိုးကောင်တွေ၊ တိရစ္ဆာန်တွေ အကိုက်ခံရတာမျိုးကနေ မကူးစက်နိုင်ဘူးရှင့်။

ဤသို့ထိုသို့ အပြန်အလှန် ပြောဆိုနေကြစဉ်မှာပင် ရွှေ့ပြောင်းအလုပ်သမားများ၏ ဒိုးပတ်နှင့်သံချပ်ဆီမှ သူတို့ဘက်ဆီကို ထွက်ကျလာတဲ့ သံချပ်စကားလုံးတွေက ဒီလိုပါခင်ဗျ။

> **'လိင်ကိစ္စကို ဆင်ခြင်ရင်၊ (မဝင်ပါ)၂ အေအိုင်ဒီအက်စ်**
> **သွေးသွင်းတာကို ဆင်ခြင်ရင်၊ (မဝင်ပါ)၂ အေအိုင်ဒီအက်စ်**
> **မူးယစ်ဆေးကို ဆင်ခြင်ရင်၊ (မဝင်ပါ)၂ အေအိုင်ဒီအက်စ်**
> **သုံးပြီးသားကိရိယာ၊ဆင်ခြင်ရင်၊ (မဝင်ပါ)၂ အေအိုင်ဒီအက်စ်**
> **အိမ်ထောင်မပြုမီ၊ ဆေးစစ်ရင်၊ (မဝင်ပါ)၂ အေအိုင်ဒီအက်စ်**
> **တခါသုံးပြွန်အပ်၊ သုံးစွဲရင်၊ (မဝင်ပါ)၂ အေအိုင်ဒီအက်စ်**
> **ကွန်ဒုံကိုသာ၊ အမြဲသုံးရင်၊ (မဝင်ပါ)၂ အေအိုင်ဒီအက်စ်'**

စိန်အေးမာ ။ ။ အေအိုင်ဒီအက်စ်ရောဂါ မပေါ်ခင်ကတော့ ဆစ်ဖလစ်ရောဂါ (ကာလသားရောဂါ)ဆိုတာ ရှိခဲ့တယ်လေ။ ဒီတော့ကာ ဆစ်ဖလစ်ပဲဖြစ်ဖြစ်၊ အေအိုင်ဒီအက်စ်ပဲဖြစ်ဖြစ် ကွန်ဒုံးဟာ မရှိမဖြစ် ကာကွယ်ရမယ်။ လူထုလက်စွဲ အသုံးအဆောင်ဖြစ်တယ်ဆိုတာ သက်သေပြနေတယ်လေ။

မန်းမျိုးမြင့် ။ ။ ဟုတ်တယ် ..ဟုတ်တယ်။ ကွန်ဒုံးဟာ သုံးကိုသုံးရမယ့် ကာကွယ်ရေး ကိရိယာပဲဗျ။

> **'ကွန်ဒုံးသုံးတာ၊ မရှက်ရ၊ သုံးပါမိတ်ဆွေရာ ...။**
> **အကာအကွယ်မဲ့၊ ရောဂါဖွဲ့၊ သင့်ရဲ့ဘဝခရာ ...။**
> **အဲဒါကြောင့်သာ၊ ကွန်ဒုံးဟာ၊ သုံးကိုသုံးရမှာ ...။**
> **(သံပြိုင်)။ ။ သင့်ဘဝမတုံးအောင်၊ သင့်ဘဝမရှုံးအောင်၊**
> **ကွန်ဒုံးကို သုံးကြပါ။'**
> **'(ချစ်မိပြီ)၂ ... အရမ်းကို ချစ်မိပြီ**
> **ချစ်သူမှာလေ ... ကွန်ဒုံးမပါ ... မင်းထွက်သွားစမ်းပါ ...**
> **ချစ်သူမှာလေ ... ကွန်ဒုံးပါ ... ခဏခဏလာခဲ့ပါ ...**
> **နှစ်ယောက်အတူ ... နှစ်ကိုယ်တူ ... ကာကွယ်ကြတာ ...**
> **ကွန်ဒုံးလေးပါ ... (ဟေ့ ... ရွှေကွန်ဒုံးလေးကွာ)**
> **(သံပြိုင်ဆို)-(ချစ်မိပြီ ... ချစ်မိပြီ ... အရမ်းကို ချစ်မိပြီ)၂'**

ကြည့်စမ်း ...၊ ကြည့်စမ်း ကွေးနေအောင် ကပြနေတဲ့ အေအိုင်ဒီအက်စ် လိပ်မလေးတဲ့လေ။ အို ... ဘာတဲ့တုန်း။

အဲသည်နောက် မဲဆောက်မြို့ မယ်တော်(ကျောင်းသား)ဆေးခန်းရှေ့သို့အရောက် ချီတက်သွားကြသော လူထုစစ်ကြောင်း အသီးသီးတို့၏ ရင်ထဲ၊ အသည်းထဲ၊ နှလုံးထဲမှ သံပြိုင်ဟစ်ကြွေးမိတာကတော့ **'စုပေါင်းတိုက်ဖျက်၊ အေအိုင်ဒီအက်စ်'**ဟူ၍လည်းကောင်း၊ **'အေအိုင်ဒီအက်စ် ရပ်တန့်ရန်၊ ဖြောင့်မှန်ကတိ၊ တာဝန်သိ'** ဟူ၍လည်းကောင်း စုပေါင်းအား သစ်လောင်းကြလေသတည်း။ ■

ဆန်တာကလော့(စ်)
ခေတ္တ-အင်္ဂပူနိုင်ငံ

ဒီဇင်ဘာရဲ့ အစိမ်းပွါယ်ရှိသော ည

ထနောင်း

(၁)

ယနေ့ ဒီဇင်ဘာလ ၆ ရက်နေ့သည် မြန်မာပြည်သူများ၏ အသိအမှတ်ပြုမှုကို သာမက နိုင်ငံတကာက ချီးမြှင့်သော ဆုပေါင်း(၁၁)ဆုကို လက်ခံရှိထားသူ စေတနာ ဆရာဝန် ဒေါက်တာစင်သီယာမောင်၏(၄၇) နှစ်မြောက် မွေးနေ့ပွဲဖြစ်သည်။ သူမကတော့ လရောင်အောက်ရှိ သစ်ပင်ရိပ် တနေရာတွင် ထိုင်ခုံလေးတလုံးပေါ်ထိုင်ရင်း သူမ၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုအစီအစဉ်များကို ရင်ခုန်ကြည်နူးစွာ အားပေးလို့ နေသည်။

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးအပြီးတွင် ကျောင်းသားလူငယ်အပါအဝင် ပြည်သူလူထုနှင့်အတူ ထိုင်းမြန်မာနယ်စပ်ဒေသသို့ ထွက်ခွာလာသော ဆရာဝန်မလေးဖြစ်သူ သူမသည် ထိုစဉ်က ဆေးဘက်ဆိုင်ရာ ကျန်းမာရေးစာအုပ် အနည်းငယ်ကလွဲလျှင် ဘာဆိုဘာမျှ ပိုင်ဆိုင်မှုတွေ ပါမလာခဲ့။ သူမရင်ထဲတွင် အာဏာရှင်ကို ဆန့်ကျင်လိုသော၊ ဖိနှိပ်မှုကို တွန်းလှန်လိုသော စိတ်ဓာတ်ပြင်းပြင်းသာ ရင်နှင့်အပြည့် သယ်ဆောင် လာနိုင်ခဲ့သည်။ တော်လှန်ရေးသမား သူမသည် နအဖစစ်ကြောင်းများ၏ တိုက်စစ်ကို ခံခဲ့ရသလို တောတောင်များအတွင်း အများကဲ့သို့ပင် မဟာငှက်ဖျား ၏ ကျူးကျော်စစ်ကိုလည်း အန်တုရင်ဆိုင်ခဲ့ရဖူးသည်။ ထိုင်းမြန်မာနယ်စပ်တလျှောက်ရှိ အတိဒုက္ခရောက်နေသူများကို တဲငယ်လေးအတွင်းမှာပင် ဆေးဝါးကုသမှုများ စတင် ပြုလုပ်ပေးရင်းနှင့် ယနေ့ကာလ မြန်မာပြည်သူလူထု၏ အားထားမှီခိုရသော 'မယ်တော်ဆေးခန်း'ကို စတင် တည်ထောင်ခဲ့သူဖြစ်သည်။

မေတ္တာတရားပြည့်ဝလှသော သူမလို အမျိုးသမီးမျိုးသည် လူ့ဘောင်လောကကို အလှဆင်ပေးသူသာဖြစ်သည်။ သမီးတယောက်နှင့် သားတယောက်ကို ပိုင်ဆိုင်သော သူမက လူထောင်ပေါင်းများစွာကို မိခင်စိတ်အရင်းခံနှင့် နွေးထွေးသောရင်ခွင်ကို ပေးနိုင်သူလည်းဖြစ်သည်။ အကြင်နာတရားကြီးမားသော သူမက သူမနှင့်လက်တွဲလုပ်ကိုင်လိုသူမည်သူ့ကိုမဆို အသားအရောင်၊ လူမျိုး၊ လိင်ခွဲခြားမှုမရှိဘဲ တန်းတူဆက်ဆံတတ်သူလည်းဖြစ်သည်။ မာန်မာန ထောင်လွှားခြင်းမရှိသော သူမက အတိဒုက္ခရောက်သူမှန်သမျှကို သူမ၏ရင်ခွင်တွင် လုံခြုံစွာနားနေစေရင်း အရဏ်ဦးကို တွေ့မြင်စေသူဖြစ်သည်နှင့်အညီ စိတ်ပိုင်းဆိုင်ရာအရ ထိခိုက်နာကျင် ခံစားနေရသူများအား နှစ်သိမ့်ဆွေးနွေးပေးသူလည်းဖြစ်သည်။

ထိုသို့သော သူမ၏မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို မနက် ၉ နာရီတွင် စတင်လိုက်သည်။ ရွှေ့ပြောင်း အလုပ်သမားများနှင့် ကလေးသူငယ်များ၏ မိခင်များက အေးချမ်းမှုများ ဝန်းရံနေသော အပြုံးများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေများကို ကြည်ကြည်နူးနူး ပြုံးပြရင်း မင်္ဂလာရှိစွာ ကြိုဆိုနှုတ်ဆက်လို့ နေခဲ့သည်။ မယ်တော်ဆေးခန်းဝန်းအတွင်း သူမအားဂုဏ်ပြု လက်ဆောင်ပေးချင်သူ၊ ဂုဏ်ပြုစကားပြောချင်သူ၊ ဂုဏ်ပြုတေးသီချင်းသီဆိုပေးချင်သော လူကြီးလူငယ်အပါအဝင် ကျောင်းသားလူငယ်များ တနည်းအားဖြင့် အနာဂါတ်ရဲ့ ခေါင်းဆောင်လောင်းများ၊ ဆေးဝါးကုသမှုခံယူနေသော လူနာများနှင့် ဆေးဝန်ထမ်းများတို့သည် ဆေးခန်းဝန်းတခုလုံး ပျားပန်းခတ်လှုပ်ရှားလျက်ရှိသည်။ မွေးနေ့အခမ်းအနားတွင် အမှတ်တရစကားအဖြစ် သူမက မယ်တော်ဆေးခန်းတွင် စတင်ဖွင့်လှစ်ခဲ့သည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်ခံစားနေသူများအတွက် နှစ်သိမ့်ဆွေးနွေး အကြံပေးရေးဌာနသစ်တခုကို ဖွင့်လှစ်ကြောင်း သူမ၏မွေးနေ့မင်္ဂလာနေ့တွင် သတင်းကောင်းတခု ပါးခဲ့သည်။ ထို့ပြင် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် စာသင်ကျောင်းများကိုလည်း သူမ၏အမှတ်ရမွေးနေ့ မေတ္တာလက်ဆောင်ကို အပြန်အလှန် ပေးအပ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

(၂)

မနက်ပိုင်းနှင့် နေ့လည်ပိုင်း အစီအစဉ်များအပြီး ညပိုင်းအစီအစဉ်အဖြစ် သူမအား အမှတ်တရဂုဏ်ပြုအစီအစဉ်ကို တင်ဆက်ရာ ညချမ်းအေးအေးတွင် စတိတ်စင်၏ဘေး၌ ချိတ်ဆွဲထားသော ပိုစတာတွင် သူမနှင့် ဒေါ်အောင်ဆန်းစုကြည်တို့နှစ်ဦးက လူသားအားလုံးကို အေးချမ်းကြည်မွေ့စွာ ငုံ့မိုးကြည့်လျက်။

ညနေ ၆ နာရီတွင် စတင်သော ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ရိုးရာယဉ်ကျေးမှု ဖျော်ဖြေရေးအစီအစဉ်နှင့် သီချင်းဆိုပြိုင်ပွဲတို့ဖြစ်သည်။ ပဟေဠိပြိုင်ပွဲကို သူမ၏ဆန္ဒအရ မွေးနေ့ဖြစ်မြောက်ရေးကော်မတီမှ ဝိုင်းဝန်းပံ့ပိုးစီစဉ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ကျောင်းသား၊ လူငယ်များ၊ ကျန်းမာရေးလုပ်သားများ၊ အမျိုးသမီးအဖွဲ့အစည်းမှ အမျိုးသမီးငယ်များ ဆေးရုံတွင် ဆေးကုသမှုခံယူနေသော လူနာများနှင့် လူနာစောင့်များအတွက် မေးခွန်းများကို အုပ်စုလိုက် ခွဲခြားသတ်မှတ်ပြီး ကျန်းမာရေး၊ ပညာရေး၊ အမျိုးသမီးရေး၊ နိုင်ငံရေး၊ အထွေထွေဗဟုသုတဆိုင်ရာ အပိုင်းငါးပိုင်းဖြင့် စီစဉ်ထားသည်ကို တွေ့ရသည်။ အနာဂါတ်ခေါင်းဆောင်ကောင်းများဖြစ်လာမည့် ကျောင်းသားလူငယ်များအပေါ်တွင် ထားရှိသော သူမ၏စေတနာကတော့ အံ့မခန်းပင်ဖြစ်သည်။

ကျောင်းသားလူငယ်များအတွက် ပညာရေးနှင့်ပတ်သက်သော ဉာဏ်စမ်းပဟေဠိအစဉ်အစီကို ပထမဆုံး စတင်ပါသည်။ အစီအစဉ်မှူးအဖြစ် တာဝန်ယူထားသော ဦးမောင်မောင်ကြီးက ကျောင်းသားကျောင်းသူများ နေရာယူရန် ကြေငြာလိုက်သောအခါ ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်ရှိသော ကျောင်းသားလူငယ် ၁၀ ဦးထွက်လာသည်။ ပရိသတ်မှလည်း ရင်ခုန်လှုပ်ရှားစွာဖြင့် လက်ခုပ်တဖြောင်းဖြောင်းတီးပြီး အားပေးနေခဲ့သည်။ နံပါတ်တစ်မေးခွန်းအဖြစ် 'ရွှေ့ပြောင်းအလုပ်သမားများအကြားတွင် ဖွင့်လှစ်ထားသော စာသင်ကျောင်း ဘယ်နှစ်ကျောင်း ရှိပါလဲ'ဟု မေးတော့ ရှေ့ကို ပထမဆုံး ခြေတလှမ်းတိုးလာသူကတော့ အရပ်ပုပုနှင့် ကျောင်းသူလေးဖြစ်သည်။ တဖြည်းဖြည်းနှင့် ၃ ယောက်ပြည့်တော့ အရင်ဆုံးထွက်လာသူ ကျောင်းသူလေးက '၄၆ ကျောင်းရှိပါတယ်' ဟုဖြေသည်။ အဖြေမှန်သော်လည်း နောက်ထပ် ကျောင်းသားလေး တယောက်ကို ဆက်လက်မေးမြန်းရာ '၄၇ ကျောင်း'ဟု ဖြေလိုက်သဖြင့် ဦးမောင်မောင်ကြီးမှ 'ဟ သူက တကျောင်းပိုများတယ်'ဟုအရွှန်းဖောက်သည်။ နောက်ထပ်တယောက်က '၄၈ ကျောင်း'ဟုဖြေပြန်တော့ 'ဟာ– သူက အများဆုံးပဲ'ဟု ထပ်ဆင့်အရွှန်းဖောက်လိုက်တော့ ပရိတ်သတ်က ဝါးကနဲ ပွဲကျသွားသည်။ ပညာရေးနှင့်ပတ်သက်သည့် မေးခွန်းတော်တော်များများကို ကျောင်းသားလူငယ်တွေ ဖြေဆိုနိုင်သည်ကို တွေ့ရတော့ အမိမြန်မာပြည်က တန်ဖိုးရှိသော ရတနာများကို မိခင်ရင်ခွင်(မြန်မာပြည်)မှာ ခိုလှုံခွင့် မပေးနိုင်ရှာသေးပါလားဟု ရင်နာနာနှင့် တွေးမိဖြစ်လိုက်သည်။ ဆုရတဲ့ ၃ ဦးအပြင် ကျန်သူများကိုပါ သူမကိုယ်တိုင် လက်ဆောင်များ ပေးအပ်သည်။

ဒုတိယ အုပ်စုအနေနဲ့ ကျန်းမာရေးနှင့်ပတ်သက်သော မေးခွန်းတွေကိုမေးတော့ မယ်တော်ဆေးခန်းက ကျန်းမာရေးလုပ်သားများ ဆေးမှူးများ ပြိုင်တူထွက်လာရင်း ဖြေဆိုကြသည်။ အိတ်ချ်အိုင်ဗွီ၊ အိဒ်စ်နှင့် အခြားကျန်းမာရေးနှင့်ပတ်သက်သော မေးခွန်းများကို ကောင်းစွာ ဖြေဆိုသွားနိုင်ခဲ့သည်ကိုတွေ့ရပြီး ချို့ယွင်းချက်အနေဖြင့် မယ်တော်ဆေးခန်းက 'တနေ့ကို လူနာဘယ်နှစ်ယောက်လောက် နေ့စဉ်ဆေးကုသပေးနေပါသလဲ' မေးတော့ တယောက်က '၂၀၀၀'လို့ ဖြေသည့်အတွက် ဦးမောင်မောင်ကြီးက မိုက်ကရိုဖုန်းကိုကိုင်ရင်း မျက်လုံးကြီးပြူးပြကာ 'ဆရာသမားရေ သေချာပါရဲ့လား'ဟု မေးတော့ ပရိသတ်မှ လက်ခုပ်ကို အဆက်မပြတ်တီး အားပေးနေခြင်းအပေါ် သူက ပြန်လည်ပြင်ဆင်ဖြေဆိုရန် အခွင့်ကောင်းကို စောင့်လေရဲ့။ တိုက်ဆိုင်စွာ ထိုမေးခွန်းကို တိကျအောင် ဖြေဆိုမသွားနိုင်ခဲ့ကြပါ။ ပဟေဠိအစီစဉ်များကိုလည်း အမျိုးသမီးငယ်များနှင့် လူနာစောင့်များက အားရဖွယ်ကောင်းစွာ တက်တက်ကြွကြွ ပါဝင်ဖြေဆိုသွားတာကို တွေ့ရတော့ လရိပ်အောက်တွင် အားပေးနေသော သူမရင်ထဲတွင် ပီတိတွေနှင့်အတူ အနာဂါတ်လုပ်ငန်းများအတွက် အားအင်သစ်တွေ ပြည့်လျှမ်းနေပါတော့သည်။

(၃)

လက်မှ နာရီကို ကြည့်လိုက်ချိန်တွင် (၁၁) နာရီထိုးတော့မည်ဖြစ်၍ ကျမလည်း နောက်ဆုံး အစီအစဉ်ကို စိတ်လှုပ်ရှားစွာနှင့် စောင့်နေမိသည်။ ထိုအစီအစဉ်က ဒီဇင်ဘာ ၅ ရက်နေ့က အဆိုဝါသနာရှင် ၆၀ ကျော်ထဲမှ စီစစ်ရွေးချယ်ထားသော ၁၀ ဦးကို ယနေ့ညတွင် ဆက်လက်အဆိုယှဉ်ပြိုင်စေမှာဖြစ်ပါသည်။ ဆရာမန်းရွှေနှင်းမှ 'ကျနော်တို့ ဇကာပေါ်မှာ တင်နေတဲ့ ၁၀ ဦးကို နောက်ထပ်အတင်းလှုပ်ချရင်း နောက်ဆုံးတင်နေမယ့် ၃ ဦးကို ဆုပေးမှာဖြစ်ပါတယ်'ဟု ကြေငြာလိုက်တော့ စိတ်ရှည်လက်ရှည် အစအဆုံး အားပေးနေသော ပရိသတ်ထံမှ လက်ခုပ်သြဘာသံတွေ ဟိန်းထွက်လာသည်။

အဆိုရှင်အားလုံးက ပီပီပြင်ပြင်နှင့် အကောင်းဆုံး သီဆိုပြသွားတာနိုင်တာကို တွေ့ရသည်။ အဲ…တခုတော့ရှိသည် အလှည့်ကျမဲနှိုက်ပေးပြီး သီဆိုစေတာဖြစ်သဖြင့် တဦးနှင့်တဦး အကူးအပြောင်းကာလလေးတွင် အစီအစဉ် တင်ဆက်သူ မန်းမျိုးမြင့်နှင့် မေသဇင်ထွန်းတို့က ပရိသတ်တွေကို တဝါးဝါးနှင့် ပွဲကျနေအောင် ထိန်းထားပေးနိုင်တာကိုလည်း ချီးကျူးဖွယ်ရာ တွေ့ရပါသည်။ ဖြတ်ထိုးဉာဏ်ကောင်းပြီး အာဝဇ္ဇန်းရွှင်သည့် မန်းမျိုးမြင့်က အာဏာရှင်လက်အောက်မှ ပြည်သူလူထုကို ရရာလက်နက်ဆွဲပြီး ခုခံတော်လှန်ဖို့ တိုက်တွန်းထားသည့် သီချင်းအား လက်တန်းစပ်ဆိုသွားသည်ကို ပရိသတ်မှ ပွဲအတွေ့ဆုံး ဖြစ်ပြီး ရှေ့ဆုံးမှ ထိုင်၍အားပေးနေသော ABSDFမှ ကိုလွမ်းဏီနှင့် အဖွဲ့ကလည်း လက်မထောင်ပြပြီး အပြတ်အသတ် အားပေးနေတာကို တွေ့ရသည်။

နောက်ဆုံးသီဆိုမည့်သူ အလှည့်လည်းရောက်ရော ည၁၂ နာရီထိုးနေပြီ။ စတိတ်ပေါ်တက်လာသော ဖြူဖြူနွဲ့နွဲ့နှင့် အဆိုရှင်လူငယ်က မန်းမျိုးမြင့်ဆီမှမိုက်ကို ယူလိုက်ပြီး 'ကျနော့်ကို စကားအနည်းငယ်ပြောခွင့်ပြုပါဗျာ'ဟု ခွင့်တောင်းတော့ မန်းမျိုးမြင့်က မြန်မာပြည်ဘက်ကမ်းကို မေးငေါ့ပြပြီး 'ဟာ…ရပါတယ် ဟိုဘက်ကမ်းလို မဟုတ်ပါဘူး ညီလေး၊ မင်းပြောချင်ရာကို လွတ်လွတ်လပ်လပ် ပြောလို့ရပါတယ်' ဟု စကားထောက်လိုက်တော့ ပရိသတ်များသဘောကျပြီး အသံပေါင်းစုံနှင့် ဟစ်အော် အားပေးကြပါသည်။ ထိုလူငယ်လေးက တီဗွီဖန်သားပြင်ကို လုံးဝမကြည့်ဘဲ စတိတ်ပေါ်တွင် လမ်းလျှောက်ရင်း ပီပီပြင်ပြင် သီဆိုပြနေသည်ကို ကြည့်ရင်း ကျမစိတ်ထဲတွင် အင်း… နောက်ဆုံးပိတ် အိတ်နှင့်လွယ်ထင်ပါရဲ့ဟု တွေးမိလိုက်သည်။

သီဆိုယှဉ်ပြိုင်ခြင်းပြီးသွားတော့ အမှတ်ပေးဒိုင်လူကြီးတွေ အမှတ်ပေါင်းနေစဉ် ပရိသတ် နှင့် ဆရာမအတွက် မနော်ထူးက သီချင်းတပုဒ်နှင့်သီဆိုဂုဏ်ပြုသလို ခင်ပွန်းဖြစ်သူ ကိုစိန်ဟန်ကလည်း နဂါးနီသီချင်းကို ဆိုပြီး မနော်ထူးက အကဖြင့် စုံတွဲ ဖျော်ဖြေသွားတာကို တွေ့ရသည်။

စာမျက်နှာ (၆)သို့ ▸▸▸

အိပ်ချ်အိုင်ဗွီပညာရှင်များ၏ကာကွယ်ရေးအကြံကြီးများနှင့် ခရီးလမ်းကြောင်း

စိုးနေလင်း

❒ ကမ္ဘာပေါ်မှာရှိတဲ့ လူသားတွေရဲ့ အသက်အန္တရာယ်ကို အချိန်နဲ့အမျှ ခြိမ်းခြောက်ရန်ပြုနေတဲ့ ကိုယ်ခံအားကျဆင်းမှုရောဂါ (AIDS) ကြီးကို ဆန့်ကျင်တိုက်ဖျက်ကြဖို့ နိုင်ငံတကာကို နှိုးဆော်တဲ့အနေနဲ့ သတ်မှတ်ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ AIDS နေ့ကြီးကတော့ ဒီဇင်ဘာ (၁) ရက်နေ့က ပြီးဆုံးသွားခဲ့ပြန်ပါပြီ။ အထိမ်းအမှတ်နေ့အပြင် နိုင်ငံတကာမှာ လှုပ်ရှားမှုအမျိုးမျိုးနဲ့ သတိပေး ဆန့်ကျင်ခဲ့ကြပေမယ့် ဒီရောဂါဆိုးကြီးကို အမြစ်ကဖြိုဖျက်ပယ်ရှင်းပစ်ဖို့လုပ်ရမယ့် လုပ်ငန်းဆောင်တာတွေကတော့ မပြီးပြတ်နိုင်သေးဘဲ အများအပြား ကျန်ရှိနေပါသေးတယ်။ တကယ်တမ်း လူသားအားလုံးရဲ့ အကျိုးစီးပွား၊ အမျိုးသားအကျိုးစီးပွားနဲ့ယှဉ်ပြီး AIDS ရောဂါဆန့်ကျင် တိုက်ဖျက်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်နေကြတဲ့ နိုင်ငံတွေ၊ လူပုဂ္ဂိုလ်တွေရှိသလို ငါနဲ့ငါ့မိသားစု မဖြစ်ရင်ပြီးရောဆိုပြီး အဲဒီရောဂါဆိုးကြီးရဲ့ အန္တရာယ်ကို မသိကျိုးကျွံပြုမနေနိုင်လို့ လာပြီးကူညီဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေ လူပုဂ္ဂိုလ်တွေကို အမျိုးမျိုး အနှောင့်အယှက်ပေး ဖိစီးနှိပ်ကွပ်နေတဲ့ ကျနော်တို့နိုင်ငံက ဗိုလ်ချုပ်ကြီးဆိုသူ လူတစုနဲ့ သူ့ရဲ့လက်ပါးစေလို လူမျိုးတွေလည်း အံ့သြစရာကောင်းလောက်အောင် ရှိနေကြပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လူလူချင်း ရိုင်းပင်းကူညီလိုစိတ် စာနာထောက်ထားစိတ်အပြည့်နဲ့ လူပီသတဲ့လူတွေကတော့ သူတို့လုပ်ရမယ့်အလုပ်တွေကို ဆက်ပြီး လုပ်ဆောင်နေကြတာပဲ ဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင် နေကြတာနဲ့ ပတ်သက်ပြီး မြန်မာပြည်သူပြည်သားတွေကို ကျနော်က ဖောက်သည်ချလိုစိတ်နဲ့ ဒီဆောင်းပါးကို ချရေးလိုက်ခြင်းဖြစ်ပါတယ်။

လိင်တံအရေပြားဖြတ်တောက်ခြင်း၊ Microbicides နဲ့ microfinance စတာတွေဟာ AIDS ရောဂါကာကွယ်ရေးအတွက် အလားအလာ အရှိဆုံးလို့ ယူဆစဉ်းစားရတဲ့ နည်းလမ်းတွေပါပဲ။ တချို့ လူထုကျန်းမာရေးပညာရှင်တွေကတော့ ဒီကနေ့ ဗဟိုပြု အာရုံစွဲနေကြတဲ့ အသက်ကယ် Antiretroviral ဆေးဝါးတွေဟာ မရည်ရွယ်တဲ့ သက်ရောက်မှုတခုကို ဖြစ်စေတယ်လို့ ဆိုကြပါတယ်။ ကာကွယ်ရေးကို လမ်းလွဲသွားစေတာပါပဲ။ တကမ္ဘာလုံးကို အန္တရာယ်ပေးနေတဲ့ ရောဂါဆိုးကြီးကို ထိန်းချုပ်နိုင်ရေးမှာ HIV ကူးစက်ပြန့်ပွားမှုကို ကာကွယ်ပေးတဲ့ ကာကွယ်ဆေး မရှိဘဲနဲ့လုပ်ဆောင်ခြင်းဟာ အဓိက ပါပဲ။

AIDS ကူးစက်ပြန့်ပွားခြင်းရဲ့ ဝန်းကျင်အခြေအနေကို ပြောင်းလဲပစ်ဖို့ ကြိုးစားအားထုတ်တဲ့ မဟာဗျူဟာအသစ်တွေကို အခုစဉ်းစား နေကြပါပြီ။ ဗြိတိန်ဆေးပညာဂျာနယ် Lancet က ထုတ်ပြန်လိုက်တဲ့ လေ့လာမှုတခုက တောင်အာဖရိက အသေးစား ငွေကြေးထောက်ပံ့မှုစီမံကိန်းဟာ အဲဒီက အမျိုးသမီးတွေ အိမ်တွင်းအကြမ်းဖက်ခံရနိုင်တဲ့ အလားအလာတွေကို တဝက်လောက် လျှော့ချပစ်နိုင်ခဲ့တယ်ဆိုတာကို ဖော်ပြထားပါတယ်။ HIV ကူးစက် ပြန့်ပွားမှုနဲ့ မတော်မတရား အကြမ်းဖက် ဆက်ဆံရေးတွေ ကြားမှာ အားကောင်းတဲ့ ဆက်စပ်မှုတခု ရှိနေပါတယ်။ မတော်မတရား အကြမ်းဖက် ဆက်ဆံတတ်တဲ့ ယောကျ်ားတွေဟာ တခြားအဖော်မျိုးစုံ ရှာနိုင်တဲ့ အလားအလာ ပိုရှိသလို သူတို့ကို ကွန်ဒုံးသုံးဖို့ ပြောမယ်ဆိုရင် အကြမ်းဖက်လာနိုင်ခြေ ပိုရှိတတ်ကြပါတယ်။ 'ပိုပြီးကျယ်ပြန့်တဲ့ အန္တရာယ်ဝန်းကျင် အခြေအနေကို ခင်ဗျားတို့ ပြောဆိုဆွေးနွေးမယ်ဆိုရင် အမျိုးသမီးတွေနဲ့ ဦးတည်ချက်တူ အုပ်စုတွေက အဖြေရှာတဲ့ နေရာမှာ အတော်ကြီး ကြံဆစိတ်ကူးနိုင်ကြပါတယ်' Lancet အုပ်စုက စာရေးဆရာတယောက်ဖြစ်တဲ့ ဒေါက်တာဂျူလီယာကင်မ် က ပြောခဲ့ပါတယ်။

သူတို့ရဲ့လေ့လာမှုအရ တောင်အာဖရိကကျေးလက်က အမျိုးသမီး (၄၃၀)ကို အသေးစား စီးပွားရေးလုပ်ငန်းကလေးတွေ စပြီးလုပ်ဖို့ ငွေထုတ်ချေးခဲ့ပါတယ်။ အမျိုးသမီးအများစုကတော့ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ အဝတ်အစားရောင်းချကြပြီး၊ တချို့ကတော့ စက်ချုပ်ကြပါတယ်။ စီးပွားရေးနဲ့ လူမှုအမှီအခို ကင်းမဲ့မှုရလာတဲ့အခါ၊ အမျိုးသမီးတွေ အကြမ်းဖက်ဆက်ဆံရေး နယ်ပယ်ထဲမှာ ဆက်ပြီး ရှိမနေခဲ့ကြတော့ပါဘူး။

HIV ကူးစက်မှုနှုန်းဟာ တကမ္ဘာလုံးမှာ နှစ်စဉ်နှစ်တိုင်း ရောဂါဖြစ်ပွားမှုအသစ် (၄,၀၀၀,၀၀၀) လောက်အထိ ဆက်လက်တိုးပွားလာခဲ့ပါတယ်။ အရင်က HIVရောဂါထိန်းချုပ်ရေးမှာ စံပြအဖြစ် ရှိခဲ့ကြတဲ့ နိုင်ငံတွေမှာလည်း တိုက်ဖျက်ရေး စီမံချက်တွေ ချမှတ်ပြီး ဆင်နွှဲနေကြတုန်းပါပဲ။

မမှန်ကန်တဲ့ ကွန်ဒုံးအသုံးပြုမှုတွေကြောင့် ဗိုင်းရပ်စ်ပိုးတွေဟာ အိမ်ထောင်သည်အမျိုးသမီးတွေလို လူပေါင်းများစွာဆီကို ပြန့်နှံ့သွားခဲ့တဲ့အတွက် ထိုင်းနိုင်ငံနဲ့ ယူဂန္ဓာနိုင်ငံလိုမျိုး နိုင်ငံတွေမှာတောင် စိုးရိမ်ပူပန်နေရမယ့် အခြေအနေကို ပြန်ရောက်လာခဲ့ပါတယ်။

ကမ္ဘာတဝှမ်း AIDS ရောဂါနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ဆောင်ရွက်နေတဲ့ အမေရိကန်ပြည်ထောင်စုအခြေစိုက် လွတ်လပ်တဲ့ ဖောင်ဒေးရှင်းတခုဖြစ်တဲ့ Kaiser family Foundation က HIVမူဝါဒရေးရာ ဒုတိယဥက္ကဋ္ဌနဲ့ ညွှန်ကြားရေးမှူးဖြစ်သူ ဂျနီဖာကိတ်စ်က 'ဗိုင်းရပ်စ်ကို အသာစီးရနိုင်ဖို့ ဒီထက်ပိုပြီး မြန်မြန်ပြေးဖို့ လိုအပ်ပါတယ်' လို့ ပြောကြားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ AIDS ဖြစ်ပွားမှုဟာ အရှိန်အဟုန် သိပ်မြန်နေပါတယ်။ ဒီလိုပဲ လူထုကျန်းမာရေး တုန့်ပြန်မှုတွေဟာလည်း လျှင်မြန်ဖို့ လိုအပ်ပါလိမ့်မယ်။

UNAIDSရဲ့ အကြီးတန်းတာဝန်ရှိပုဂ္ဂိုလ် ဒေါက်တာ ပါနီမာမိန်းကတော့ လူထုကျန်းမာရေး တာဝန်ရှိပုဂ္ဂိုလ်တွေအနေနဲ့ ဒီရောဂါ လောက်လောက်လားလား ကျဆင်းသွားတာကို မတွေ့မြင်ရခင် အနည်းဆုံး နောက်ထပ်ဆယ်စုနှစ် နှစ်စုလောက်တော့ စီမံကိန်းချထားဖို့ လိုလိမ့်မယ်လို့ ယူဆထားခဲ့ပါတယ်။ တကယ်တော့ ဘက်တဖက်တည်းနဲ့ အားလုံးပြေလည်သွားနိုင်တယ်ဆိုတာမျိုး မရှိပါဘူး။ Sub-saharan အာဖရိကဒေသတခုလုံးမှာပဲ AIDS ရောဂါက ပြည်သူလူထုအားလုံးကို ထိုးနှက်နိုင်စွမ်းရှိခဲ့တာပါ။ ကျန်တဲ့ ကမ္ဘာ့အစိတ်အပိုင်းတွေမှာတော့ အကြောဆေးသွင်းကြသူ မူးယစ်ဆေးသမားတွေ၊ ပြည့်တန်ဆာတွေနဲ့ မိန်းမလျှာတွေဟာပဲ အန္တရာယ်အများဆုံးသူတွေ ဖြစ်ကြတာပါ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO), HIV/ AIDS ဌာနရဲ့ ညွှန်ကြားရေးမှူး ဒေါက်တာ ကီဗင်ဒီကွတ်ခ်က 'ကူးစက်မှုတွေဟာဘယ်နေရာတွေမှာ အမှန်တကယ် ဖြစ်ပျက်နေတယ်ဆိုတာကို ဗဟိုပြုစဉ်းစားကြရပါမယ်' လို့ ပြောခဲ့ပါတယ်။ အံ့သြစရာကောင်းတာကတော့ HIV ဟာ ဘယ်လိုမျိုး အများဆုံး ပြောင်းလဲကူးစက်နေတယ်ဆိုတာနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက် မဆိုစလောက်ပဲ ရနိုင်တာပါပဲ။ အဲဒီသတင်းအချက်အလက် မရှိပဲနဲ့တော့ ဘယ်လိုတားဆီးဖြတ်တောက်မှုတွေဟာ အထိရောက်ဆုံးဖြစ်မယ်ဆိုတာ သိနိုင်ဖို့ ခက်ခဲလှပါတယ်။

နိုင်ငံတွေအနေနဲ့ AIDS ဟာ ဘယ်နေရာတွေမှာ အမြန်ဆုံး ပြန့်ပွားနေတယ်ဆိုတာ သိနေတာတောင်မှ သူတို့ဟာ အလယ်ဗဟိုချက်မကို အဓိကထားလို့ ရပြီလားဆိုတာ ဘယ်လိုမှ အာမမခံနိုင်သေးပါဘူး။ လက်တင်အမေရိကမှာဆိုရင် ရောဂါဟာ အခြေခံအားဖြင့် မိန်းမလျှာတွေမှာ ကူးစက်ဖြစ်ပွားပါတယ်။ ဒါပေမယ့် ဒေသနှစ်ခုလုံးမှာ ရင်းမြစ်အများစုဟာ အထွေထွေလူထုကြီးကို ပညာပေးရေးဆီ ဦးတည်ထားကြပါတယ်။

Brigham အမျိုးသမီးဆေးရုံနဲ့ Harvared တက္ကသိုလ်က AIDSရောဂါပညာရှင် ဒေါက်တာဂျင်မ်ယောင်ကင်မ် ကတော့ 'အစိုးရတွေအနေနဲ့ သူတို့ရဲ့ရွေးချယ်မှုတွေပေါ်မှာ သူတို့တာဝန်ယူရပါလိမ့်မယ်' လို့ပြောခဲ့ပါတယ်။ ကင်မ်က အစိုးရတွေကို သူတို့ဟာ သူတို့ရဲ့ AIDS အတွက် သုံးစွဲမယ့် ငွေကြေးကို ဘယ်လောက် မှန်မှန်ကန်ကန် သုံးစွဲခဲ့တယ်ဆိုတဲ့အပေါ်မှာ အဆင့် စံနှုန်းသတ်မှတ်ပေးမှာဖြစ်တဲ့ 'ကာကွယ်ရေးဆောင်ရွက်အောင်မြင်မှု'ကို အလေးပေး ပြောဆိုတာပါ။

အလားအလာအားကောင်းတဲ့ အဖြေတွေထဲမှာ microbicides မပေါ်မီ antiretroviral ဆေးဝါးအသုံးပြုမှုနဲ့ လိင်တံထိပ်အရေပြားဖြတ်တောက်မှုတွေ ပါဝင်ခဲ့ပါတယ်။ လေ့လာစူးစမ်းဆဲ ဖွံ့ဖြိုးတိုးတက်မှုမှာ ကွန်ဒုံး သုံးစွဲဖို့ အကြီးအကျယ်လက်တွန့်တဲ့ နိုင်ငံတွေမှာ အမျိုးသမီးတွေအနေနဲ့ သူတို့ကိုယ်သူတို့ HIV ကာကွယ်ရာမှာ အထောက်အပံ့ဖြစ်စေတဲ့ အင်္ဂါလမ်းကြောင်းသုံးဂျယ်လီနဲ့ ဗိုင်းရပ်ပိုးဆဲလ်ထဲကို ဝင်ရောက်ပြီးချိန်မှာ ပုံတူမျိုးပွားမှုကို ကာကွယ်ပေးနိုင်ရင် ဒါမှမဟုတ် သူတို့တွေရဲ့ အပေါ်ပိုင်းအကာကို ချွတ်ပစ်ပေးခြင်းအားဖြင့် ရောဂါဖြစ်စေနိုင်တဲ့ အရာတွေ သတ်ဖြတ်ပေးနေတဲ့စံကို ထိန်းသိမ်းနိုင်ရင် သဘာဝအင်္ဂါဇာတ်လမ်းကြောင်း ကာကွယ်ရေး စနစ်ကို အားပေးနိုင်တဲ့ ဝတ္ထုပစ္စည်းတွေ ထွက်ပေါ်လာနိုင်ပါတယ်။

လွန်ခဲ့တဲ့နှစ်က တောင်အာဖရိမှာ ပြုလုပ်ခဲ့တဲ့ ကနဦးစမ်းသပ်မှုတွေအရ လိင်တံထိပ်အရေပြား ဖြတ်ထားတဲ့ ယောကျ်ားတွဟာ လိင်တံထိပ်အရေပြား ဖြတ်တောက်မထားသူ ယောကျ်ားတွေထက် အဖော်အမျိုးသမီးတွေဆီက ရောဂါကူးစက်နိုင်မှု ၆၀% လျှော့နည်းတယ်ဆိုတာကို ပြသခဲ့ပါတယ်။ ဒါကိုယူဂန္ဓာနဲ့ ကင်ညာနိုင်ငံတွေက စမ်းသပ်အားထုတ်မှုတွေနဲ့ ကိန်းဂဏန်းအသစ်တွေကို ကြီးကြပ်စီစဉ်သူ အမေရိကန်နိုင်ငံ National Insitutes of Health က ဒီဇင်ဘာလလယ်မှာ ထုတ်ဝေခဲ့ပါတယ်။

ကျွမ်းကျင်သူပညာရှင်တွေကတော့ ခုထိဘာမှအားရလောက်စရာကောင်းတဲ့ အောင်မြင်မှု မရှိသေးဘူးလို့ ဆိုကြပါတယ်။ အောင်မြင်မှုဟာ အကောင်အထည်ဖော် ဆောင်ရွက်မှုနဲ့ ခွဲခြားလို့မရနိုင်အောင် တဆက်တစပ်တည်း ဖြစ်ပါတယ်။

ဒေါက်တာကင်မ်ကတော့ 'ကရိယာပစ္စည်းတခု လက်ထဲမှာ ရှိနေလျက်နဲ့ အဲဒါကို ပေးလို့မရနိုင်တာကတော့ စိတ်ပျက်စရာပါ' လို့ပြောပြီး တကယ်လို့ ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ကြမယ်ဆိုရင် ကျန်းမာရေးစောင့်ရှောက်မှုမှာ ရှိနေတဲ့ အတားအဆီး အကျပ်အတည်းတွေကို ပြောဆိုဆွေးနွေးဖို့ အခုလိုအပ်နေပါပြီလို့ သူ့သဘောထားကို ဖြည့်စွက်တင်ပြသွားပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ '3 by 5' ဆိုတဲ့ သက္ကရာဇ် ၂၀၀၅ ခုနှစ်မှာ လူ (၃)သန်းကို antiretrovirals စောင့်ရှောက်ကုသမှုပေးဖို့ စီမံချက်ကြီး မအောင်မမြင်ဖြစ်သွားတဲ့ အချိန်မှာ ဒီစီမံချက်ကနေ ဖြစ်ပေါ်လာစေတဲ့ အရေးပေါ်လိုအပ်ချက်ဟာ ကမ္ဘာ့လူမှုအဖွဲ့အစည်းတွေကို ထိတ်လန့်တုန်လှုပ်သွားစေခဲ့ပါတယ်။ အဲဒီမောင်းနှင်အားထုတ်မှုတွေ အများစုဟာ ဒီစီမံချက်ကြီး နိဂုံးချုပ်ပြီးကတည်းက ပြီးပြီးပျောက်ပျောက် ပျော်စေပျက်စေ ဖြစ်သွားခဲ့တော့ပါပဲ။

ဒေါက်တာကင်မ်ကတော့ လူထုကျန်းမာရေးပညာရှင်တွေဟာ လှုပ်ရှားဆောင်ရွက်မှုမလုပ်ခင် စည်းဝေးပြောဆိုမှုတွေမှာပဲ သူတို့ရဲ့အချိန်တွေကို သုံးစွဲဖို့ ကံအကြောင်းမလှစွာနဲ့ အားသန်နေခဲ့ကြတယ်လို့ ပြောကြားခဲ့ပါတယ်။ 'တာဝန်ရှိပုဂ္ဂိုလ်တွေက သဘောတူညီမှုရယူဖို့ လုပ်ငန်းစဉ်ထဲမှာ အလုပ်ရှုပ်နေတဲ့အချိန်မှာ ဘယ်သူမှ တာဝန်ရှိတယ်လို့ မခံယူခဲ့ကြပါဘူး။ မရှိဆင်းရဲတဲ့ ပြည်သူတွေပဲ သေဆုံးသွားခဲ့ကြပါတယ်' လို့ သူ့သဘောထားကို ဖော်ထုတ်ပြောပြသွားခဲ့ပါတယ်။

ကျနော်တို့တတွေ အတော်အတုယူဖို့ကောင်းပါတယ်။ HIV ကာကွယ်ရေးနဲ့ တခြားဘယ်လိုလုပ်ငန်းမျိုးမှာမဆိုပေါ့လေ။ ■

စိုးနေလင်း

Ref: Experts Plan Strategies to Prevent HIV (AP)

အကောင်းဆုံးကျောင်းနှင့်ဆေးဝါးကုသစောင့်ရှောက်မှု လိုအပ်နေသည့်ပလောင်ဒေသ

ခိုင်းခွန်သိန်း

❐ ပလောင်လူမျိုးများသည် ရိုးသားပွင့်လင်းပြီး အေးချမ်းသာယာသော တောင်ကုန်း၊ တောင်တန်းများပေါ်တွင် နေထိုင်လျက်ရှိပါသည်။ အေးချမ်းမှုကို အလွန်နှစ်သက်ပြီး ဘိုးဘွားတွေ တည်ထားပေးခဲ့သည့် လက်ဖက်၊ တောင်ယာလုပ်ငန်းများဖြင့် အဓိကအသက်မွေးဝမ်းကြောင်းပြုနေကြပါသည်။ ပလောင်ဒေသသည် နှစ်ပေါင်းများစွာ ကြာမြင့်သော်လည်း တိုးတက်ပြောင်းလဲမှု မရှိသလောက်ပင်ဖြစ်သည်။ ထိုသို့ မူလအတိုင်း မပြောင်းလဲဘဲ တည်ရှိနေခြင်းသည် နောင်လာနောက်သား မျိုးဆက်သစ်များ၏ အနာဂတ်တိုးတက်မှုအတွက် မတွေးရဲစရာဖြစ်နေပါသည်။ မြို့ပြတွေနှင့် အလှမ်းဝေးပြီး ဘာဆိုဘာမျှ မမြင်မသိနိုင်လောက်အောင် ဖြစ်နေပါသည်။ ခေတ်ကြီးက တိုးတက်ပြောင်းလဲနေသော်လည်းပလောင်ဒေသကတော့ ရပ်တန့်နေဆဲပင်။ တိုးတက်ပြောင်းလဲမှုတွေနှင့် အလှမ်းဝေးနေသည့် သူတို့ဘဝကို မည်သည့်အရာတွေက ပြောင်းလဲမှု ပေးနိုင်ပါမည်လဲ။

လွန်ခဲ့သည့်နှစ်က ကျနော်ကိုယ်တိုင် ပလောင်ဒေသသို့ သွားရောက်ကာ လေ့လာကောက်ခံခဲ့သည့် Survey-interview အတွေ့အကြုံအရ ပညာရေး၊ ကျန်းမာရေးနှင့် လူနေမှုအဆင့်အတန်း အလွန်းအမင်း နိမ့်ကျနေသည်ကို တွေ့မြင်နေရပါသည်။ ပညာမတတ်သည့်အတွက် စီးပွားရေးမအောင်မြင်၊ စီးပွားရေးမအောင်မြင်သည့်အတွက် စားဝတ်နေရေး အခက်အခဲပြဿနာများနှင့် ရင်ဆိုင်ဖြေရှင်းနေကြရပါသည်။ တဆက်တည်းမှာပင် အာဟာရပြည့်မီအောင် မစားနိုင်ခြင်းတို့ကြောင့် ကျန်းမာရေးအရ အဟာရချို့တဲ့မှုတွေဖြစ်ပေါ်လာသည်။ ထိုသို့သော အခြေအနေဆိုးများနှင့် သံသရာလည်ပြီး တိုးတက်ပြောင်းလဲရန်မှာ မလွယ်ကူတော့ဟုပင် ဆိုရမလို။

ယနေ့ခေတ်ကြီးသည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ကဏ္ဍအသီးသီးတွင် ဘက်စုံခေတ်မီ တိုးတက်နေသော်ငြား ပလောင်လူမျိုးများအဖို့မူ အဘက်ဘက်တွင် နိမ့်ကျနေပြီး ပြောင်းလဲမှု မရှိခြင်းသည် သူတို့၏ မသိနားမလည်ခြင်းကြောင့်လား၊ အသိအမြင်နှင့် ဗဟုသုတတွေ မရှိအောင် ပိတ်ဆို့ထားသည့် ယနေ့မြန်မာနိုင်ငံ၏ စစ်အုပ်ချုပ်မှု စနစ်ဆိုးကြောင့်လားဆိုသည့်မေးခွန်းများ ဖြစ်ပေါ်လာသည်။ ယနေ့အချိန်အခါတွင် နေရာတိုင်း၌ တိုးတက်ပြောင်းလဲမှုတွေ ရှိနေသော်လည်း ပလောင်လူမျိုးများမှာမူ Primary-school ခေါ် မူလတန်းကျောင်းလောက်သာရှိသည့်ဘဝတွင်သာ ကျေနပ်နှစ်သိမ့် နေကြရပါသည်။ ခေတ်ဆိုး၊ စနစ်ဆိုးကြီး၏ အောက်တွင်ပညာတတ်တယောက်ဖြစ်နိုင်ရန်အတွက် ငွေသိန်းနှင့်ချီပြီး ကုန်ကျနေခြင်းကြောင့် တနေ့လုပ်မှ တနေ့စားနေရသည့် ပလောင်လူထုတွေအတွက် ပညာတတ် ဖြစ်လာဖို့ဆိုသည်မှာ အိပ်မက်ပင် မမက်ရဲလောက်သည့် အခြေအနေ ဖြစ်နေပါသည်။

ပညာရေးနှင့် ကျန်းမာရေးဘက်တွင် ထူးချွန်ကောင်းမွန်ချင်သော်လည်း ဘဝဝမ်းစာအတွက် ရုန်းကန်လှုပ်ရှားနေရသည့် အနေအထားတွေကြောင့် အရာရာကို မျက်ကွယ်ပြုနေရပါသည်။ ရေရှည်ဘဝရပ်တည်နိုင်ရန်အတွက် ကြိုးစားရသည်ကတပိုင်း၊ကလေးသူငယ်များ၏ ပညာရေးအတွက် ကိုယ်ထူကိုယ်ထကျောင်းတွေ ဆောက်လုပ်နေရ သည်ကတပိုင်း တို့ကြောင့် မျိုးဆက်သစ်ပလောင်ပြည်သူလူထုများ၏ ပညာရေးစနစ် မြင့်မားလာရန်မှာ မလွယ်ကူတော့ပေ။ ဤအခြေအနေတွေကြောင့် အလယ်တန်းနှင့်အထက်တန်းကျောင်းများ တည်ထောင်နိုင်ရန်အတွက်ဆို အဘက်ဘက်မှ ကူညီပံ့ပိုးမှုတွေများစွာ လိုအပ်နေပါသည်။ စစ်အစိုးရထံမှ 'အကူညီပေးမယ်၊ ကျောင်းတွေဆောက်လုပ်ပေးမယ်၊ ဝန်ထမ်းတွေပို့ပေးမယ်' ဆိုသည့်သတင်းတွေသာ ကြားနေရသော်လည်း ယနေ့အထိ ဘာတခုမှ ဖြစ်မလာခဲ့ပေ။ ကျောင်းဆောက်လုပ်ရန်၊ဆေးပေးခန်းဆောက်လုပ်ရန်နှင့် ဆေးဝါးအကူအညီ ပေးရန်ဆိုပြီး ငွေကြေးလာရောက်ကောက်ခံသည့် အစိုးရဝန်ထမ်းများကတော့ အမြဲလိုလိုရှိနေပြီး တခါမှ အကောင်အထည်ပေါ်အောင် ဖော်ဆောင်ပေးခြင်း မရှိသည်မှာ ယနေ့အချိန်အထိပင်ဖြစ်ပါသည်။ အစိုးရ၏အမိန့်အရ ကလေးသူငယ်များကျောင်းတက်နိုင်ရန်ဆိုပြီး တအိမ်လျှင်၂၀၀၀ ကျပ်နှုန်းဖြင့် တနှစ်လျှင် ၅ကြိမ် ၆ကြိမ်လောက်လာရောက်ကောက်ခံသွားသည့် ဝန်ထမ်းတွေ ရှိပါသည်။ မပေးနိုင်သည့် အိမ်တွေဆိုလျှင် ရွှေဖီချိန်ရောက်လျှင် အတင်းအကျပ် လာတောင်းတော့သည်။ သဘောမှာ ရွှေဖီချိန်သည် လက်ဖက်အများဆုံးထွက်ပြီး ပလောင်လူမျိုးများအတွက် ဝင်ငွေအကောင်းဆုံးအချိန်ဖြစ်နေ၍ပင်။

မိဘအများစုသည် သူတို့၏ သားသမီးများကို ပညာတတ်ဖြစ်စေချင်သော်လည်း ငွေကြေးမတတ်နိုင်သည့်အတွက် အလုပ်ခွင်တွင်သာ နှစ်မြုပ်ခိုင်းစေခဲ့ရသည်။ ငွေကြေးအပြင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲတွေကြောင့် ပညာဆက်လက်ဆည်းပူးရန် အခွင့်အရေး မရခဲ့သည့်ကလေးတွေ အများကြီးရှိနေပါသည်။ မိဘတွေ ကိုယ်၌က ပညာမတတ်သည့်အတွက်ကြောင့် မိမိတို့၏ကလေးငယ်များကို ကျောင်းဆက်ထားရန် မလိုအပ်တော့ဟု ထင်ကြသည့်သူတွေလည်း ပလောင်ဒေသတွင် များစွာရှိနေပါသည်။

တိုးတက်ပြောင်းလဲနေသည့် ခေတ်ကြီးနှင့်နှိုင်းယှဥ်ကြည့်လိုက်ရင် အခုလိုအခြေနေမျိုးမှ ဘယ်တော့များ လွတ်မြောက်နိုင်ပါမည်လဲ ဆိုသည်ကို မတွေးရဲလောက်အောင်ဖြစ်နေပါသည်။လိမ်ညာမှု၏နောက်ကွယ်တွင် ယုံကြည်မှုများ ကင်းမဲ့လာကြပြီး ပူးပေါင်းလုပ်ဆောင်လိုသောစိတ်တွေ အလိုလို ပျောက်ကွယ်လာပါသည်။ နောက်ဆုံးတွင်သူတို့ဆောက်လုပ်ထားသော မူလတန်းကျောင်းမျှသာ အကောင်းဆုံးဖြစ်သည်ဟု ယူဆကြသော်လည်း လူထုအများစုမှာတော့ ကလေးသူငယ်များ၏ အနာဂါတ်အတွက် စိုးရိမ်ကြောင့်ကြနေရပါသည်။ သူတို့၏ဘဝသည် ထိုသို့ အဆိုးဆုံးနေရာတွင် ရှိနေသော်လည်း အကောင်းဆုံးဟုထင်နေကြပါသည်။အကြောင်းရင်းမှာ သူတို့သည် ရိုးသားဖြောင့်မတ်ပွင့်လင်းသည့်အတွက်ကြောင့် သူတို့ဘဝကို လိမ်ညာပြီး အလွဲသုံးစားလုပ်သွားသည့်လူတွေနှင့် ကင်းကင်းရှင်းရှင်း နေခွင့်ရသည်ကို ကျေနပ်နေခြင်းကြောင့်ပင်ဖြစ်သည်။ ပညာမတတ်ခြင်း၊ မြို့ပြတွေနှင့် အလှမ်းဝေးကွာသည့် တောတောင်များတွင် နေထိုင်ရခြင်းသည် သူတို့ဘဝအတွက် အကောင်းဆုံးဆိုသော်လည်း အဆိုးဆုံးနေရာကို ရောက်နေကြမှန်းလည်း သိနေကြပါသည်။ ခေတ်မီတိုးတက်နေသည့် ယနေ့ကမ္ဘာကြီးနှင့် အဆက်အသွယ် ဖြတ်တောက်ခံနေရခြင်း၊ ဘယ်အရာကိုမှမမြင်၊ မကြား၊ မသိရှိနိုင်အောင် ပြုလုပ်ထားခံရခြင်းတို့သည် ယနေ့ မြန်မာနိုင်ငံကို အုပ်ချုပ်နေသော နအဖစစ်အုပ်စု၏ မှားယွင်းသည့် စနစ်ဆိုးကြောင့် ဖြစ်သည်ကိုလည်း သိကြပါသည်။ ပညာရေးဘက်မှာ ဆုတ်ယုတ်လာခြင်းကြောင့် ကျန်းမာရေးနှင့် တခြားသောလူနေမှု အဆင့်အတန်းများလည်း နိမ့်ကျလာသည်ကို တွေ့မြင်နေရပါသည်။

၂၀၀၄ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်မှစတင်သည့် စစ်တမ်းကောက်ယူချက်အရ ရောဂါအခြေအနေမြင့်မားနေပြီးလူနေမှုအဆင့်အတန်း အလွန်အမင်း နိမ့်ကျနေသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် ရောဂါနှင့်ပတ်သက်လျှင် ငှက်ဖျားရောဂါ၊ အဟာရချို့တဲ့ခြင်း၊ဝမ်းလျှောရောဂါ၊သန်ကောင်ရောဂါ၊ သွေးအားနည်းခြင်း၊ လည်ပင်းကြီးရောဂါ၊ အရေပြားရောဂါနှင့်အသက်ရှူလမ်းကြောင်းတွင် ရုတ်တရက်ပိုးဝင်ခြင်း ARI, Pneumonia,TB ခေါ် အဆုတ်ရောင်ရောဂါများ၊ HIV,AIDS ရောဂါများ တရုတ်–မြန်မာနယ်စပ်တလျှောက်တွင် ပိုမိုဖြစ်ပွားနေသည်ကို တွေ့မြင်နေရပါသည်။ အဓိကကျသော အခြေခံကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်းကြောင့် လူနေမှုအဆင့်အတန်း လွန်စွာနိမ့်ကျနေပြီး ကူးစက်ရောဂါများ ပိုမိုပြန့်ပွားနေခြင်းဖြစ်ပါသည်။ ကျေးရွာတရွာချင်းစီသော်လည်းကောင်း၊ လူတဦးချင်းစီသော်လည်းကောင်း အလေ့အကျင့်နှင့် ပတ်သက်လျှင် ဖြစ်သလိုနေ၊ ဖြစ်သလို စားပြီး ဘဝဝမ်းစာရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသည့်အပြင် ရောဂါဖြစ်လာလျှင် ဆေးရုံ၊ ဆေးပေးခန်းသို့ သွားပြတတ်သည့် အလေ့အကျင့်လည်း မရှိခြင်းကြောင့် နာတာရှည်ရောဂါများ မဖြစ်သင့်ဘဲ ဖြစ်နေကြရပါသည်။ (ဥပမာ– ငှက်ဖျားရောဂါ နောက်ဆက်တွဲကြောင့် အသက်သေဆုံးခြင်း၊ ရူးခြင်း ...)

ဒေသအတော်များများတွင် ဆေးပေးခန်းများမရှိဘဲ ဗိန္ဒောဆေးဖြင့် ကုသနေရခြင်းကြောင့် ပျောက်သူပျောက်၊ သေသူသေဆိုသလိုဖြစ်နေပါသည်။ ရွေးချယ်စရာ အခြားနည်းလမ်း မရှိသည့်အတွက်ကြောင့်လည်း လူတော်တော်များများသည် ရောဂါဖြစ်လာလျှင် ဗိန္ဒောဆေးနှင့်သာ အရင်ကုသရခြင်းဖြစ်ပါသည်။ ရောဂါအခြေအနေ မထူးခြားခြင်းနှင့် ပြင်းထန်သော အခြေအနေရောက်လာသည့်အခါမှ ဆေးရုံ၊ဆေးပေးခန်းရှိရာသို့ သွားလေ့ရှိကြပါသည်။ ရိုးရာဓလေ့အပေါ် ယုံကြည်မှုလွန်ကဲခြင်း၊ ကျန်းမာရေးဗဟုသုတမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းနှင့် ငွေကြေးမတတ်နိုင်ခြင်းများအပေါ်တွင်လည်း များစွာမူတည်နေပါသည်။ တချို့သော ဗိန္ဒောဆေးများသာ ရောဂါပျောက်ကင်းစေပြီး တချို့မှာမူ ပိုဆိုးစေသည်ကို တွေ့မြင်နေရပါသည်။ ဥပမာအားဖြင့် နို့ကျိတ်ထဲသို့ ဖုတ်ထားသောနွားချေးများကို အမှုန့်ထောင်းပြီး ထည့်ခြင်းနည်းဖြင့် သက်သာသည်ဟု ယူဆကြပြီး နောက်ဆုံးတွင် ရောဂါပိုး ပြန့်ပွားကာ ဆေးရုံသို့ အရေးပေါ်ထမ်းပို့ရသည့် အနေအထားမျိုးလည်း ကြုံတွေ့ရပါသည်။

မိသားစုစီမံကိန်းနှင့်ပတ်သက်၍လည်း ရွေးချယ်ခွင့်မရှိသည့်အတွက် မိခင်များသည် သားဆက် မခြားနိုင်ဘဲ ကလေးခဏခဏမွေးခြင်း၊ အသေမွေးခြင်း၊ သွေးအားနည်းခြင်း၊ လမစေ့ဘဲမွေးခြင်းနှင့် ကလေးအဟာရ ချို့

စာမျက်နှာ (၁၁)သို့ ▶▶▶

ပလောင်ဒေသမှကလေးငယ်များ



အရက်သမား အမှားတခါ

သုည

❑ 'အရက်သမား အမှားတခါ' ဆိုတဲ့ခေါင်းစဉ်ဟာ ရုပ်ရှင်သရုပ်ဆောင် စာရေးဆရာဦးသုမောင်ရဲ့ ခေါင်းစဉ်ကို ဆွဲသုံးထားခြင်းဖြစ်ကြောင်း ဦးစွာ ဝန်ခံပါရစေ။ ဦးသုမောင်က သူကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့ အလွဲအမှားလေးတွေကို ရေးသားတင်ပြခဲ့ပေမယ့် ကျနော်ကတော့ ကိုယ်တိုင်မတွေ့ကြုံဖူးလေတော့(မူးပြီးရင် ဘာဖြစ်သွားမှန်းမသိတော့လို့ပါ)အခြားသူတဦးရဲ့အလွဲအမှားလေးကိုပဲ တင်ပြချင်ပါတယ်။ ကဲ ကျနော်ရဲ့ဇာတ်လိုက်အကြောင်းကို စပြောတော့မယ်။ ကျနော့်ဇာတ်လိုက်နာမည် ကိုပေါစံလို့ပဲ ဆိုကြပါစို့။ (မြန်မာအငြိမ့်သဘင် လူရွှင်တော် ဦးဇာတ်ခိုးရဲ့သား လူရွှင်တော် ကိုပေါစံမဟုတ်ပါ) ကြာတော့လည်းကြာခဲ့ပါပြီ။ ညီတယောက်နဲ့ညီမတယောက်ရှိတဲ့ ပေါစံက အကိုကြီးအဖရာပီပီ အရက်ကို တာဝန်ကျေကျေ အချိန်မှန်သောက်တတ်သူပါ။ မူးယစ်ဆေးပြား၊ ဆေးခြောက်တွေလည်း ကြုံရင် အမြဲတမ်း သုံးစွဲတတ်ပါတယ်။ အဲ မိဘတွေကလည်း ငွေကြေးအဆင်ပြေတော့ မဟုတ်တဲ့နေရာမှာ သုံးဖြုန်းဖို့အတွက် ပေါစံက ပါရမီရှင်ကြီးပေါ့ဗျာ။ အဲဒီလိုမဟုတ်မမှန်တာတွေလုပ်လို့ပဲ မဟုတ်တရုတ်တွေ ဖြစ်ခဲ့ရတာပေါ့။ ကဲဆက်ကြဦးစို့ …။ ပေါစံက အရက်သောက်မယ်ဆိုရင် ရပ်ကွက်နဲ့အတန်ဝေးတဲ့ အခြားနေရာမှာ ရွှေဘော်ဒါတွေနဲ့ သွားသောက်တာကိုး။ ည (၇)နာရီ (၈)နာရီလောက်ဆို သိုင်းကွက်နင်းပြီး အော်ပြီးလျှောက်ပြန်လာတတ်တယ်။ တနေ့တော့ ပုဂ္ဂိုလ်လေးက ဆေးပြားနဲ့အရက် နှစ်ပင်လိမ်ပြီး ကြောင်တောင်တောင် ဖြစ်နေသတဲ့ဗျ။ သူက ကြောင်တောင်တောင်နဲ့ပဲ ရုပ်ရှင်ရုံမှာ ရုပ်ရှင်ဝင်ကြည့်ရော။ ရုပ်ရှင်ရုံမှာပြတဲ့ ကားကလည်း ထိုစဉ်က နာမည်ကြီးတဲ့ (The Ghost) ဇာတ်ကားကိုး။ ဇာတ်ကားထဲမှာ မင်းသားသေပြီး ဝိညာဉ်ဘဝရောက်။ သူကတော့ ဝိညာဉ်ဘဝကနေ အခြားသူတွေကို မြင်တွေ့ရပေမယ့် အခြားသူတွေက သူ့ကို မမြင်နိုင် စသည်ဖြင့်ပေါ့ဗျာ။ အရမ်းကို ကြေကွဲစရာကောင်းတဲ့ ဇာတ်လမ်းကြောင်းတပုဒ်ပေါ့။

ထားပါတော့ ကြော်ငြာဝင်သလိုဖြစ်သွားတယ်။ အဲဒါနဲ့ ပေါစံက ဇာတ်ကားကိုကြည့်ပြီး မူးမူးနဲ့ကြွေနေတာဗျ။ ရုပ်ရှင်ပြပြီးလို့ ရုံပြင်ကို ပြန်ထွက်လာတဲ့အထိ ကြွေနေတာ။ အံမယ် သူကစဉ်းစားနေလိုက်သေးတယ်။ 'ငါသာ အဲဒီလို ဝိညာဉ်ဘဝရောက်သွားရင် ဘယ်လိုလုပ်မလဲ'တဲ့။ ဟဲဟဲ မူးနေတဲ့အရှိန်ကြောင့်လား၊ ဇာတ်လမ်းကပဲ သူ့ကို လွှမ်းမိုးသွားလို့လားမသိဘူး။ ဒါနဲ့ ပုဂ္ဂိုလ်လေးက ကွမ်းစားချင်လာတာနဲ့ ကွမ်းဝယ်စားပြီးအိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကွမ်းဆိုင်က ရုပ်ရှင်ရုံနဲ့ မျက်နှာချင်းဆိုင်တဖက်မှာ ရှိတာကိုး။ အသင့်ယာပြီးသားကွမ်းတွေကို ခြင်းတောင်းငယ်တွေထဲမှာ စုပုံပြီး ဒီဘက်က အာမွှေးစုံ၊ ဒါကထုံးဆေးဆိုပြီး အသင့်စားကွမ်းယာဆိုင်ပေါ့ဗျာ။ အဲဒီမှာ ပေါစံက ကိုယ့်အတွေးနဲ့ကိုယ် လမ်းကို ဖြတ်ကူးလေရော။ ဖြစ်ချင်တော့ ဂျစ်ကားအစုတ်တစီး မောင်းလာနေတဲ့အချိန်နဲ့ တိုက်ဆိုင်နေတယ်။ ဂျစ်ကားအစုတ်ကို မောင်းနေတဲ့လူက ခြေတဖက်ပြတ်နေတယ်ခင်ဗျ။ ချိုင်းထောက်ကို ကားပေါ်မှာ အရံသင့်ထားပြီး (ဘယ်လိုမောင်းသလဲမသိပါ) မောင်းလာတာပေါ့။

အဲဒီမှာ စတွေ့တာဗျာ…။ ကျနော့်ဇာတ်လိုက်ကလည်း ငိုက်စိုက်ငိုက်စိုက်နဲ့ လမ်းဖြတ်ကူးနေတာ သူ့အတွေးနဲ့သူပေါ့။ ကားမောင်းတဲ့ 'ကိုကိုမြတ်'ကလည်း သူ့အနားရောက်တော့ စိတ်မရှည်ဘဲ ကားဟွန်းတချက်တီးလိုက်တယ်။ သိတဲ့အတိုင်း ကားဟွန်းကလည်းအသံတိုးတာကိုး။ ပွမ် ဆိုတဲ့အသံနဲ့အတူ ကျနော့်ဇာတ်လိုက်ခင်များ ဝုန်းကနဲ ကတ္တရာလမ်းပေါ် ပစ်လဲသွားပါရော။ ဟာ ဘာပြောကောင်းမလဲဗျာ ကားတိုက်မိပြီဆိုပြီးတော့ အနီးအနားကလူတွေ ဝိုင်းအုံပြီး လာကြည့်ကြတာပေါ့။ အဲဒီအထဲမှာ ပေါစံရဲ့အသိတွေလည်းပါတယ်။ ကားမောင်းတဲ့ ကိုကိုမြတ် ခများလည်း ချိုင်းထောက်တကားကားနဲ့ ဆင်းကြည့်တာပေါ့။ အားပါးပါး ကားနဲ့ ကျနော့်ဇာတ်လိုက်နဲ့က ၃ပေလောက်ကွာနေတယ်။ ဩော် ကျနော့်ဇာတ်လိုက်ပေါစံခများ ကိုယ့်အတွေးနဲ့ကိုယ် လမ်းလျှောက်နေရင်း ကားဟွန်းသံကြောင့် လန့်ပြီး မေ့လဲသွားတာကိုးဗျ။ မပြောလိုက်ချင်ပါဘူးဗျာ။ ဒါနဲ့ပဲ ပေါစံတယောက် ကားတိုက်တာမဟုတ်ဘဲ မူးပြီးလမ်းပေါ်မှာ လဲသွားတယ်ဆိုပြီး အသိတွေက ကွမ်းယာဆိုင်ဘေးက ခုံတန်းရှည်လေးပေါ်မှာ နေရာချထားပေးလိုက်တယ်ပေါ့။ ဘယ်သူမှလည်း သတိပြန်ရလာအောင် မလုပ်ကြပါဘူး။ အမြဲတမ်းလဲ မူးလဲပြီး ပလက်ဖောင်းခေါင်းအုံးအိပ်တတ်နေကျပဲ။ ခဏကြာတော့ ဝုန်းခနဲ ဆိုပေါစံတယောက် ထထိုင်ပါလေရော။ သူကတွေးတယ်။ 'ငါခုနတုန်းက ကားတိုက်ခံရတယ်။ ဘာမှလည်းမနာပါလား။ ဘာမှလည်းမဖြစ်ဘူး။ ဟင်… ဒါဆို ငါဝိညာဉ်ဘဝများရောက်သွားသလားမသိ။ တကယ်လို့ ငါသာဝိညာဉ်မဟုတ်ဘူးဆိုရင်ကားတိုက်ခံရတဲ့အတွက် နာကျင်မှုရှိရမှာပေါ့။ ဘာမှမဖြစ်ဘူးဆိုတော့ ဝိညာဉ်ဘဝရောက်သွားပြီထင်တယ်'တဲ့။ သူခများ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ပြီးတော့ ထိုင်မှိုင်နေသဗျ။ အရမ်းလည်း ဝမ်းနည်းသွားတာကိုး။ အခုကြည့်တဲ့ ဇာတ်ကားလို ဘယ်သူမှသူ့ကိုမြင်တော့မှာမဟုတ်ဘူး။ ဘဝခြားသွားပြီပေါ့။ အဲ … ဝိညာဉ်သာဖြစ်သွားတယ်။ ကျနော့်ဇာတ်လိုက်က ကွမ်းတော့စားချင်သေးတယ်ခင်ဗျ။ ဒါကြောင့်မို့ ထုံးဆေးစာကပ်ထားတဲ့ ခြင်းထဲက ကွမ်းတထုတ်ကို နှိုက်ယူပြီး ခပ်တည်တည်နဲ့ လစ်ပါလေရော။ ကွမ်းယာပိုင်ရှင်ကလည်း လူချင်းရင်းနှီးနေတော့ ပိုက်ဆံတွေ ဘာတွေတော့မတောင်းတော့ဘဲ ကွမ်းတထုတ်ဖိုး စာအုပ်ထဲရေးမှတ်ထားလိုက်တာပေါ့ဗျာ။ ပေါစံက ကွမ်းတရာဝါးပြီးလမ်းတလျှောက်လုံးမှာ တွေးလာတယ်။ 'ဟင် ငါ့ကို ကွမ်းယာဆိုင်ကလူတောင်မမြင်တော့ဘူး။ ငါဝိညာဉ်ဖြစ်သွားပြီ'။ အာ ဟားဟား အပီအပြင်ကို ကြွေလာတာဗျ။ ဒါနဲ့ အိမ်ရောက်ရောဆိုပါစို့။ အိမ်မှာပေါစံရဲ့မိဘတွေနဲ့ ညီမဖြစ်သူက တီဗွီထိုင်ကြည့်နေကြတယ်။ ပေါစံအိမ်ထဲဝင်လာတာတွေ့ပေမယ့် ဘယ်သူမှလည်း သူ့ကို အဖက်လုပ်ပြီး နှုတ်ဆက်မနေကြပါဘူး။ အခန်းထဲရောက်တော့ ပေါစံတယောက် ထပ်ပြီး စဉ်းစားပါရော။ 'ဩော် ငါ့ရဲ့ အမိုး၊ အပါးနဲ့ ညီမလေးတောင် ငါ့ကိုမမြင်ကြတော့ဘူး။ ငါတကယ်ပဲ ဝိညာဉ်ဖြစ်တာသေချာသွားပြီ။ ငါဟာသေသွားပြီ'။ ပေါစံ ခများ စဉ်းစားရင်းနဲ့က မျက်ရည်တွေတောင် ကျလာသဗျို့။ အဲ … ဝိညာဉ်သာဖြစ်သွားတယ် ဗိုက်က ဆာတုန်း။ ဒီတော့ မီးဖိုချောင်ထဲဝင်ပြီး ထမင်းစားဖို့ လုပ်ပါလေရော။ ထမင်းတွေဟင်းတွေက အသင့်ပါပဲ။ ဒယ်အိုးထဲမှာ မနက်ဖြန်အတွက်ဆိုပြီး ဝက်သားတွေလုံးထားတာလည်းရှိတယ်။ ဒါနဲ့ ပေါစံက 'ဒီထမင်းဟာ ငါ့အတွက် နောက်ဆုံးစားရတဲ့ ထမင်းဖြစ်ချင်ဖြစ်လိမ့်မယ်။ ဒီတော့ ဝက်သားချည်းပဲ အဝတီးလိုက်မယ်ကွာ' ဆိုပြီး ဒယ်အိုးကို အောက်ချ၊ ကြမ်းပြင်ပေါ် အကျအနထိုင်ပြီး တတုံးပြီး တတုံးဝါးတော့တာပဲ။ အဲဒီအချိန်မှာ ပေါစံရဲ့အမိုးက သူ့သားပြန်လာတာ ထမင်းမှစားရသေးရဲ့လား။ ထမင်းစားလည်း အဆင်ပြေရဲ့လားဆိုပြီး လာကြည့်တယ်။ အဲဒီမှာ ဝက်သားတွေ ထိုင်တီးနေတဲ့ သူ့သားကို မြင်တော့ 'ဟဲ့ကောင် ပေါစံ နင်ဘာလုပ်နေတာလဲ'ဆိုပြီး အော်လိုက်တော့မှပဲ ပေါစံတယောက် လန့်ဖျတ်ပြီး ဒီလိုပြောလိုက်ပါသတဲ့။ 'ဟာ အမိုး ကျနော်မသေဘူးနော်'တဲ့။ အရက်သမား အမှားတခါပါဗျာ။ မှတ်သားထိုက်ပါတယ်။

သုည

နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားမှ ဆေးကုသပေးနေစဉ်

▶▶▶ စာမျက်နှာ(၁၀)မှအဆက်

တဲ့ခြင်းများ အမြဲမပြတ် ဖြစ်နေပါသည်။ ကလေးများများမွေးပြီး မကျွေးမွေး မပြုစုနိုင်ခြင်း၊ ကလေး မမွေးမီနှင့် မွေးပြီးနောက်ပိုင်း ကလေးငယ်အားမည်သို့ ပြုစုပျိုးထောင် ပေးရမည်၊ အဟာရရှိသော အစားအစာကို မည်သို့ ကျွေးရမည်ကို နားမလည်ခြင်း၊ မိခင်နို့ရည်တိုက်ကျွေးခြင်း၏ အရေးကြီးပုံကို မသိခြင်းတို့ကြောင့် အဟာရချို့တဲ့ပြီး ကလေးငယ်များ မသေသင့်ဘဲ သေဆုံးနေကြရပါသည်။ အချို့ ကျေးရွာများတွင် အရပ်လက်သည် မရှိသည့်အတွက်ကြောင့် မိမိ ကိုယ်ကိုယ် မိမိ မွေးဖွားခဲ့ရသည့် မိခင်များလည်း အများကြီး ရှိနေပါသည်။ စစ်တမ်းကောက်ယူမှု အချိန်အတိုင်းအတာဖြစ်သည့် တနှစ်အတွင်း မီးတွင်းထဲ၌ မိခင်သေဆုံးမှုနှုန်း မရှိသလောက် ဖြစ်သော်လည်း လွန်ခဲ့သော ၂၀၀၃ ခုနှစ် နှစ်ဦးပိုင်းကာလတွင် မီးတွင်းထဲ၌ မိခင်သေဆုံးမှုနှုန်း မြင့်မားသည်ကို လေ့လာမှုစစ်တမ်းဖြေဆိုသူများ၏ ပြောပြချက်အရ သိရှိရပါသည်။ အကြောင်းရင်းမှာ မီးဖွားနေစဉ်အတွင်း မွေးဖွားချိန်ကြာမြင့်ခြင်းနှင့် သွေးဆုံးရှုံးမှုများခြင်းတို့ကြောင့် မိခင်ရော ကလေးပါ သေဆုံးကြရခြင်း ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် ပြောရလျှင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ ကဏ္ဍအသီးသီး၌ မည်သည့်အရာကိုမျှ လေ့လာခွင့်မရဘဲ ပိတ်ဆို့ခံရသည့် အခြေအနေမျိုးသို့ ရောက်ရှိနေခြင်းသည် မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးအားလုံးအတွက် ဘဝမျှော်လင့်ချက်များကို မှေးမှိန်စေပါသည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ ဆုံးရှုံးနေရခြင်းသည် နိုင်ငံတနိုင်ငံအတွက်သာမကဘဲ ကမ္ဘာတခုလုံးအတွက်ပါ ဆုတ်ယုတ်မှုဖြစ်စေပါသည်။ စစ်အုပ်စုအနေနှင့် ထိုသို့ လူတဦးချင်းစီကိုသော်လည်းကောင်း၊ လူမျိုးတမျိုးချင်းစီကိုသော်လည်းကောင်း ဘယ်အရာမှ မသိ၊ မမြင်၊ မကြား၊ လေ့လာခွင့် မရရှိအောင် ပြုလုပ်ပိတ်ပင် တားဆီးနေသရွေ့ ခံရသူတွေအတွက် အကျိုးမရှိနိုင်သလို နိုင်ငံအတွက်လည်း ဆိုးကျိုးဖြစ်စေမည်ဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါသည်။ ■

မိုင်းခွန်သိန်း

▶▶▶ စာမျက်နှာ (၁၃)မှ အဆက်

၂၀၀၁–စက်တင်ဘာ (၂၅) ရက်နေ့။

'မေမေ ... လာကြည့်ပါအုံး၊ ဒါဘာလဲဟင်' ရေအိမ်ထဲက ပြေးထွက်လာတဲ့ သမီးကြီးက မေးတယ်။ ဖြူက နံနက်စောစောစားပြီးလို့ ပန်းကန်တွေဆေးနေရင်းက အထိတ်တလန့်နဲ့

'ဟဲ့ ... သမီး၊ ဘာလဲ အလန့်တကြား၊ ဘာတွေ့လို့လဲ' ပြောပြောဆိုဆိုနဲ့ သူ့အနားကပ်သွားလိုက်တယ်။ သူက ဖြူ့ကို ဦးဆောင်ပြီး ရေအိမ်ထဲခေါ်သွားတယ်။ ဖြူ ရေအိမ်ခွက်ထဲကြည့်လိုက်တော့ နီရဲနေတဲ့သွေးတွေ–

'အဲဒါ သမီးဆီကလား ... ဒါဆို သမီးမွေးတော့မှာပဲ၊ မွေးမဲ့ရက်လည်း လိုသေးတာကိုး၊ အခုမှ (၉)လထဲဝင်ပြီး (၂)ပတ်ပဲရှိသေးတယ်။ အေးလေ၊ ဒါပေမယ့် မိန်းကလေးဆိုတော့ ဒီလောက်တော့ စောမှာပေါ့။ မကြောက်နဲ့နော်သမီး ဆေးရုံသွားကြမယ်'

သိပ်ကြောက်တတ်တဲ့သမီးကြီးကို နှစ်သိမ့်ပြီးတာနဲ့ အထုပ်အပိုးပြင်၊ သူ့ခင်ပွန်းကိုခေါ်၊ ကိုယ်ဝန်အပ်ထားတဲ့ (O.G) ဆီ မြန်မြန်ပြေးသွားလိုက်တယ်။ သမီးက ဗိုက်မနာဘူး။ (O.G) ဆီရောက်တော့ မွေးတော့မယ်၊ ဆေးရုံတက်ပါတဲ့။ ဆေးရုံမှာ မှတ်ပုံတင်လုပ်၊ သားဖွားဆောင်မှာ နေရာယူ၊ နာရီကြည့်တော့ နေ့လယ် (၁၁)နာရီကျော်ပြီ။ သမီးကြီးက ဖြူ့မျက်နှာကို တကြည့်ကြည့်နဲ့။ သူစိုးရိမ်နေတဲ့ နေ့ကို ရောက်လာပြီလေ။

'သမီး ... ဘာမှမကြောက်နဲ့နော်၊ ဗိုက်နာလာရင်ပြော၊ ဘာထူးခြားလဲ ပြော၊ မေမေဘယ်မှ မသွားဘူး၊ တချိန်လုံးရှိနေမယ်။' သူ့ကို အားသာပေးရတယ်၊ ကိုယ်လည်း ဂဏှာမငြိမ်နိုင်ဘူး။ တိုတိုပြောရရင် ဗိုက်က (၁၅)မိနစ်မှ တခါလောက် ခဏလေးနာပြီး ပျောက်ပျောက်သွားတယ်။ တဖြည်းဖြည်း အချိန်က ညမိုးချုပ်လာရော။ ဆရာဝန်ကြီး စမ်းသပ်တာမှာလည်း သားအိမ်က လက်နှစ်လုံးပဲပွင့်တာက မတက်ဘူး။ ဖြူစိုးရိမ်စပြုလာပြီ။ ညနေ (၄)နာရီကတည်းက (O.G) ပြန်သွားတော့ ဘာညွှန်ကြားချက်ပေးသွားလဲတော့ မသိဘူး။ သူနာပြုတွေက ကလေးအသက်ရှူသံနားထောင်တာပဲ လုပ်နေတယ်။ အဲဒါနဲ့ စိတ်မရှည်တော့ဘူး။ ဖြူလည်း ဖြူ့ ခင်ပွန်းကိုခေါ်ပြီး (O.G)အိမ်ကိုလိုက်သွားတယ်။ (O.G) က–

'ကလေးအသက်ရှူသံကောင်းတယ်။ မွေးချိန်တန်ပါပြီ၊ ဒါပေမယ့် မိခင်က ဗိုက်သိပ်မနာတော့ ဒီအတိုင်း ရိုးရိုးမွေးလို့ မရဘူး ထင်တယ်။ ဘယ်လိုသဘောရလဲ'

'ဆရာကောင်းသလို ကြည့်လုပ်ပါဆရာ၊ ခွဲဖို့သင့်ရင်လည်း သဘောတူပါတယ်။ မြန်မြန်မွေးစေချင်ပါပြီ၊ သမီးက သတ္တိမကောင်းတော့ စိုးရိမ်တာတခုပါပဲ'

(O.G) ရဲ့ဆုံးဖြတ်ချက်၊ ဖြူတို့သဘောတူညီချက်နဲ့ ခွဲမွေးဖို့ ပြင်ကြပါတယ်။ (O.G) က ညွှန်ကြားရာမှာ မေ့ဆေးဆရာဝန်ကြီးဆီသွားပါ၊ ချက်ချင်းလာခဲ့ဖို့ ပြောပါတဲ့။ သိတာပေါ့ ထုံးစံဘာလဲဆိုတာ၊ မေ့ဆေးဆရာဝန်ကြီးက ဆေးရုံဝင်းထဲမှာပဲနေတာမို့။ သမီးခင်ပွန်းကို ပြောရတယ်။

'ကိုမျိုးရေ ... ပိုက်ဆံအိတ်ယူပြီး မေမေနဲ့လိုက်ခဲ့၊ မေ့ဆေးဆရာဝန်ဆီသွားကြစို့၊ခပ်မြန်မြန်လာ'။ သူလည်း ပိုက်ဆံအိတ်ဆွဲပြီး မျက်နှာပျက်ပျက်နဲ့ ပြေးလိုက်လာတယ်။ ဒီလိုမျိုး ခွဲမယ်၊ စိတ်မယ်ဆိုရင် သူတို့ဆရာဝန်အချင်းချင်းက အဆက်အသွယ်လုပ်ပြီးပြီလေ ဘယ်လောက်ယူလိုက်ပါပေ့။ ဖြူ သိတဲ့ ထုံးစံကတော့ (O.G)ကို ပေးရတဲ့ငွေရဲ့ သုံးပုံတပုံ မေ့ဆေးဆရာဝန်ကို ပေးရတယ်။ (O.G) ကိုပေးရမှာက သုံးသောင်းဆိုတော့ မေ့ဆေးကို တသောင်းပေါ့။

'ကိုမိုးရေ ... ငွေတသောင်း ပြည့်ရဲ့လား၊ တသောင်းထက် မကျော်လောက်ပါဘူး။'

'ပါပါတယ်အမေ၊ တသောင်းကျော်လောက် ပါပါတယ်။'

ဖြူလည်း မေ့ဆေးဆရာဝန်ကြီးနေတဲ့ တိုက်ခန်းကို မေးပြီး လာခဲ့တယ်။ ဆရာဝန်ကြီးနဲ့ တွေ့ပါတယ်။ သူက အမျိုးသမီးပါ။ သူ့မိခင်ကြီးနဲ့ နှစ်ယောက်တည်း နေတယ်။ သူကတော့ ဖြောင့်ပဲ။

'(O.G) ဖုံးဆက်ပါတယ်။ အခုလာခဲ့မယ်။ ငွေတသောင်းခွဲ ထားခဲ့ပါတဲ့' အဲဒီမှာ ဖြူက–

'ကိုမိုးရေ ...တသောင်းခွဲတဲ့ ပြည့်ရဲ့လား။ မေမေ့မှာတော့ ပိုက်ဆံအိတ်တောင် ပါမလာဘူး။' သားမက်လုပ်တဲ့သူက ပိုက်ဆံအိတ်ဖွင့်ပြီး ကမန်းကတန်း ရေတယ်။

'အမေ ... တသောင်းလေးထောင်ကို နည်းနည်းပဲစွန်းတော့တယ်။ နောက်မှ ကျန်တာပေးမယ်လို့ ပြောပေးပါအမေ'

'ဆရာမ တသောင်းလေးထောင်ပဲပါလို့ ဒါပဲ ယူထားပါအုံးနော်၊ ကျန်တာကို အိမ်ပြန်ယူပြီး ပေးပါ့မယ်။'

ဆရာဝန်မကြီးက

'ရပါတယ်၊ ပါတာပဲထားခဲ့၊ လူနာဘာစားထားလဲ၊ နောက်ထပ်ရေတောင် မတိုက်နဲ့တော့နော်၊ ခွဲခန်းဝတ်စုံဝတ်ပြီး စောင့်နေပါ။' ကိုမိုးနဲ့ဖြူလည်း ပေးစရာရှိတာပေး၊ ပြောစရာရှိတာပြောပြီး တချိုးတည်းပြေးကြတာပေါ့။ သမီးဆီရောက်တော့ အကျိုးအကြောင်းပြောပြ၊ နှာခေါင်းပိုက်ထည့်တာ၊ ဝမ်းချူတာ၊ ဝတ်စုံဝတ်တာတွေကို စိတ်ပူပူနဲ့ပဲ ကူညီလုပ်ကိုင်ပေးရတာပေါ့။ စိတ်ထဲမှာတော့ ကလေးအင်္ကျီစုံပါ့မလားဆိုတဲ့ အတွေးတောင် မတွေးနိုင်ပါဘူး။ ကြောက်တတ်တဲ့သမီးမှ ဖြစ်ရလေခြင်းလို့ သနားမိတယ်။

အဲဒီလိုနဲ့ ခွဲခန်းထဲ သမီးကြီး ဝင်သွားရော။ ခွဲခန်းအပြင်မှာတော့ ဖြူရယ်၊ ဖြူ့ခင်ပွန်းရယ်၊ ကိုမိုးရယ်၊ ဖြူ့သားငယ်ရယ် စိုးရိမ်စိတ်ကိုယ်စီနဲ့ တစောင့်စောင့်ပေါ့။ တနာရီလောက်ရှိတော့ ခွဲခန်းထဲကနေ အလယ်ခန်းမထဲကို လက်တွန်းလှည်းဝင်လာတယ်။ အနီးဖြူဖြူလေးနဲ့ ထွေးထားတဲ့ ကလေးလေးကိုတင်လို့။ အားလုံးပဲ ခွဲခန်းအပြင်ကနေ ကြည့်နေကြတယ်။ အလယ်ခန်းထဲကို ဝင်ခွင့်မရှိတော့ မြင်နိုင်တဲ့နေရာကကြည့်၊ သူနာပြုဆရာမကို အကဲခတ်ကြည့်လို့ပေါ့။ သူနာပြုဆရာမက ခန်းမဘေးခန်းထဲ ဝင်သွားတယ်၊ ကလေးလေးက လက်တွန်းလှည်းပေါ်မှာ။ (၅)မိနစ်လောက်ရှိတော့ သူနာပြုဆရာမ ထွက်လာတယ်။ ဖြူတို့ဆီကို တည့်တည့် –

'မွေးလူနာရဲ့ခင်ပွန်း ဘယ်သူလဲ၊ ဆရာဝန်ကြီးက တွေ့ချင်တယ်တဲ့'

'ဟာ သွားပြီ' ဖြူ့မြေးလေး တခုခုဖြစ်ပြီပေါ့။ ကလေးကိုလည်း ချီခွင့်မပေးသေးဘူး။ ကလေးအဖေကိုလည်း ခေါ်ခိုင်းတယ်ဆိုတော့၊ အသိပေးစရာ၊ ဆွေးနွေးစရာရှိလို့ဖြစ်မယ်။' သားမက်လုပ်သူမှာလည်း ဇောချွေးပြန်လို့။ ဆရာဝန်အခန်းထဲ အပြေးကလေးဝင်သွားတယ်။ သူ့ကလေးနားက ဖြတ်သွားရပေမယ့် ကလေးကို မကြည့်ရဲရှာဘူး ထင်ပါ ရဲ့။ ဖြူကတော့ ဘုရားပဲ အမှတ် ရလိုက်တယ်။

'အရှင်ဘုရား ... တပည့်တော် မြေးမလေး ဘာမှမဖြစ်ပါစေနဲ့'လို့ပဲ မျက်စိမှိတ်ပြီး ဆုတောင်းနေရတယ်။ ရင်တွေကလည်း တုန်လိုက်တာ။ လူတွေအားလုံး စကား မပြောနိုင်ကြဘူး။ ကိုမိုး ဝင်သွားတာ ဆယ်မိနစ်တောင် မကြာပေမယ့် ဖြူစိတ်ထဲတော့ အရမ်းကြာ နေသလိုပဲ။

'ဟော ... ကိုမိုးပြန်ထွက်လာပြီ။' ဖြူ့မျက်လုံးက ကိုမိုးမျက်နှာဆီမှာ –

'တော်တော် မိုက်ရိုင်းတဲ့ ဆရာဝန်၊ လူစိတ်မရှိဘူး'

'ဟယ် .. ကိုမိုး ဘာပြောလိုက်လို့လဲ၊ ကလေး ဘယ်လိုတဲ့လဲ၊ ပြောစမ်းပါ ကိုမိုးရယ်။' အဲဒီမှာ ဖြူ့သမက်ပြောလိုက်တဲ့ စကားက–

'အလကားပါ အမေရယ်၊ သူ့ကို ပေးဖို့ကျန်တဲ့ ပိုက်ဆံ တထောင်တောင်းတာ။ ဒါလား ဆရာဝန်၊ ဒီမှာဖြင့် ကလေးများ ဘာဖြစ်လို့လဲလို့ ပြာသွားတာပဲ' ဆိုပြီး အရမ်းစိတ်တိုဒေါသထွက်နေလို့ ဖြူလည်း တအံ့တသြနဲ့။

'အံမယ်လေးတော် ဒီငွေတထောင်က သူ့အတွက် ဒီလောက်တောင် သူ့အတွက် အရေးကြီးသတဲ့လား၊ ဖြစ်မှဖြစ်ရလေ၊ ပေးလိုက်ပါလား ကိုမိုးရယ်၊ ဒီမှာ ကြိုက်သလောက်ယူလို့။' မြေးကို စိတ်ပူနေရာက ဒေါသစိတ်၊ အထင်သေးစိတ်က ကြီးစိုးသွားတယ်။ ပြီးတော့မှ –

'သား ... ကိုးမိုး၊ ဘာမှမပြောနဲ့တော့၊ တို့ကလေး ဘာမှမဖြစ်ဘူးမဟုတ်လား။ ကျန်တာ သူ့သိက္ခာနဲ့သူပဲ။ တို့နယ်ကလူတွေမှာ အထူးကုဆိုတာ ရွေးချယ်စရာ မရှိပါဘူး။ တိုင်းဆေးရုံကြီးမှာ တယောက်စီပဲရှိတာကိုး။ ဘာတတ်နိုင်မှာလဲ'လို့ နှစ်သိမ့်လိုက်ရတယ်။ အဲဒီနေ့အဖြစ်အပျက်က မြေးလေးအတွက် စိတ်တော့ ချမ်းသာပါရဲ့၊ ဒါပေမယ့် စိတ်မကောင်းဘူး။ တို့တိုင်းပြည်က ကျန်းမာရေးဝန်ထမ်းတော်တော်များများ လူစိတ်ပျောက်ကုန်ကြပါလားလို့ပေါ့။

ဒီကိစ္စဟာ အရေးကြီးပါတယ်။ သိပ်ကိုအရေးကြီးပါတယ်။ ပြည်သူလူထုရဲ့ ယုံကြည်ကိုးစားမှု၊ လေးစားမှု၊ ဒါတွေမလိုပါဘူး၊ ငါတို့သင်ထားတဲ့ ပညာအတွက် ကုန်ကျစရိတ် ကာမိဖို့ပဲ လိုတယ် ဆိုရင်လည်း လုပ်ကြပါ။ ဆက်သာလုပ်ကြပါ။ ပြည်သူတွေရဲ့ ကျိန်စာကို မယုံကြည်ရင်လည်း ကြိုက်သလိုသာ အသက်မွေးကြပါ။ သဘာဝတရားက ဒဏ်ခတ်တာသာ မခံကြရပါစေနဲ့လို့ အားလုံးကိုယ်စား ဆုတောင်းရင်းနဲ့ပဲ ...။ ■

ကြယ်ဖြူ

▶▶▶ မျက်နှာဖုံးမှ အဆက်

ခေါင်းအုန်းရိုက်ပြိုင်ပွဲ၊ ချောတိုင်တက်ပွဲ၊ ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲတွေကို ကျောင်းပေါင်းစုံမှ ဆရာ/မများက စီစဉ်ထားတာကို တွေ့ရပါတယ်။ အခမ်းအနားအစမှာ စီဒီစီကျောင်းမှ ကလေးသူငယ်များရဲ့ We are the World ဆိုတဲ့ သီချင်းကို ကြားလိုက်ရတဲ့အခါမှာ ကလေးတွေရဲ့ မျှော်လင့်ချက်၊ ရည်မှန်းချက်တွေ ရှင်သန်ထက်မြက်လာစေဖို့အတွက် ယုံယုံကြည်ကြည်နဲ့ လုပ်ဆောင်ပေးဖို့ ခွန်အားတွေရရှိလာစေခဲ့ပါတယ်။ အခမ်းအနားမှာ ထူးထူးခြားခြား တွေ့မိခဲ့တာက ထိုင်းပညာရေးကော်မတီဥက္ကဌနဲ့ မဲဆောက်မြို့တော်ဝန်တို့ တက်ရောက်လာတာပဲဖြစ်ပါတယ်။ ကလေးသူငယ်လေးတွေအတွက် ထိုင်းတာဝန်ရှိပုဂ္ဂိုလ်တွေက အခုလို အင်တိုက်အားတိုက်ပူးပေါင်း ဆောင်ရွက်မှုရှိတာဟာ အင်မတန်မှ ဝမ်းသာဖွယ်ရာ ကောင်းလှပါတယ်။

'ဒီနှစ်အခမ်းအနားမှာ ထိုင်းနိုင်ငံမှာ ကျောင်းတက်နေတဲ့ ကလေးတွေ စုစုစည်းစည်း တွေ့မြင်ရတာ အရမ်းဝမ်းသာပါတယ်။ ထိုင်းနိုင်ငံထဲမှာ 'ကမ္ဘာ့ကလေးများနေ့'ကို ကျင်းပခွင့်ရတဲ့အတွက်လည်း ထိုင်းကတာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး အကျပ်အတည်းတွေရဲ့ အကျိုးဆက်တွေကို ကလေးတွေက အများဆုံးနဲ့ အခါးသီးဆုံးခံစားရသူတွေပါ။ အချို့ကလေးတွေက ကူးစက်ရောဂါတွေ၊ လူကုန်ကူးမှုတွေမှာ အသုံးချခံနေရပြီး အချို့ ကလေးတွေက အကြမ်းဖက်မှုနဲ့ ရင်ဆိုင်နေရသလို အချို့က မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေမှာ အသုံးချခံ နေရပါတယ်။ မြန်မာပြည်တွင်းမှာရှိတဲ့ ကလေးငယ်တွေရဲ့ဘဝဟာ အိမ်နီးချင်း နိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် အဖက်ဖက်က နိမ့်ကျနေတာကို တွေ့ရပါတယ်။ ကလေးတွေရဲ့ဘဝကို မြှင့်တင်ဖို့အတွက် အားလုံးက ပူးပေါင်း ဆောင်ရွက်ကြရမယ်' ဟု ယခုနှစ်ရဲ့ "ကလေးအခွင့်အရေးများဆိုင်ရာ ကမ္ဘာ့ကလေးများဆု" WCPRC ချီးမြှင့်ရန် နောက်ဆုံးလျာထားသည့် (၃)ဦးထဲမှာ ပါဝင်တဲ့ ဒေါက်တာ စင်သီယာမောင်က အဖွင့်အမှာစကားမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ထို့နောက် ဖျော်ဖြေရေးအစီစဉ်ကို ဆက်လက်ပြုလုပ်ရာမှာ ဘီအိပ်ချ်အက်စ်အိုအိပ်ချ်၊ စော၊ ဆာမူထော်၊ ဘီအယ်လ်အက်စ်အို၊ မိုးမခ၊ ရောင်ခြည်ဦး၊ ဆာသူးလေ၊ သွေးသစ်ကျောင်းများမှ ကျောင်းသား/သူ လူငယ်မောင်မယ်များမှ အကများ၊ ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ဖြေဆိုခြင်းနဲ့ အားကစားပွဲများ ယှဉ်ပြိုင်ကစားခြင်းတို့နဲ့ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။ ■

▶▶▶ နောက်ကျောဖုံးမှ အဆက်

ထိုင်သူဖြစ်ပြီး ကိုယ်ဝန်ဆောင်ချိန်မှာ အိတ်ချ်အိုင်ဗွီပိုးရှိကြောင်း သိခဲ့ရတယ်လို့ ပြောပါတယ်။ ဒါပေမယ့် ဘဝကို အရှုံးမပေးဘဲ သူမရဲ့ ရင်သွေးငယ်ကို မွေးဖွားခဲ့ပြီး အေအိုင်ဒီအက်စ်ဝေဒနာရှင်ဘဝတူများအတွက် အားပေးနှစ်သိမ့်ပေးနေတဲ့ မွန်မြတ်တဲ့ နှလုံးသားပိုင်ရှင်တဦး ဖြစ်ပါတယ်။ အဲဒီနောက် Peer Counselor ဖြစ်သူ ကိုဇော်ကြီးက 'ကျနော် အရင်က မိန်းမအရမ်းလိုက်စားတယ်။ဒါကြောင့်ရောဂါကူးတယ်။ အေအိုင်ဒီအက်စ်ရောဂါ ဖြစ်တဲ့အဆင့်အထိရောက်ခဲ့ပါတယ်။ အိပ်ရာထဲ လဲတဲ့အချိန်မှာ ကျနော်စိတ်ဓာတ် ကျခဲ့ပါတယ်။ ဒါပေမယ့် ဒီက ဆရာ/ဆရာမတွေ ပြုစုအားပေးတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ပြန်လည်ပျိုးထောင်ပြီး စိတ်ဓာတ်ကို မြှင့်တင်ခဲ့ပါတယ်။ ကျနော့်လို အေအိုင်ဒီအက်စ်ရောဂါဖြစ်နေတဲ့ သူတွေ အိတ်ချ်အိုင်ဗွီပိုးရှိနေတဲ့ သူတွေလည်း စိတ်ဓာတ်မကျဖို့ သူတို့ကိုလည်း ပစ်ပယ်မထားကြဖို့ ပြောချင်ပါတယ်'လို့ပြောကြားခဲ့ပါတယ်။ ဇော်ကြီးဟာ အေအိုင်ဒီအက်စ်ရောဂါသည်ဘဝ ရောက်ပြီး အိပ်ရာထဲလဲနေတဲ့ အချိန်အထိ ဘဝကို အရှုံးမပေးဘဲ မိမိကိုယ်မိမိ ပြုစုပျိုးထောင်ခဲ့တဲ့ သတ္တိခဲ တဦးဖြစ်ပါတယ်။

နေ့ပိုင်းအစီအစဉ်ကို မွန်းလွဲ (၁)နာရီမှာ ရပ်နားပြီး ညနေ(၆)နာရီမှာ စာပေပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများမှာ ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ အဲဒီနောက် ကျပန်း စကားပြောပြိုင်ပွဲ၊ ပြဇာတ်တိုပြိုင်ပွဲများကို ကျင်းပပြုလုပ်ပြီး ဖျော်ဖြေရေးအစီအစဉ်အနေနဲ့ World Vision မှတီးဝိုင်းနဲ့ မယ်တော်ဆေးခန်းတီးဝိုင်းတို့ တေးသီချင်းများနဲ့ ဖျော်ဖြေခဲ့ ကြပါတယ်။ ညပိုင်းအစီအစဉ်သို့ ကျောင်းသူ/သားများ၊ ကျန်းမာရေး၊ လူမှုရေးအဖွဲ့အစည်းများနဲ့ မယ်တော်ဆေးခန်းဝန်ထမ်းများ၊ အလုပ်သမားများ၊ စုစုပေါင်း (၅၀၀)ခန့် တက်ရောက်ခဲ့ကြပါတယ်။ ■

NIGHTINGALE နိုက်တင်ဂေးလ်
ကျန်းမာရေးဂျာနယ်သို့ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်...
အယ်ဒီတာအဖွဲ့၊
နိုက်တင်ဂေးလ်ကျန်းမာရေးဂျာနယ်
စာကြည့်တိုက်၊ မယ်တော်ဆေးခန်း
မဲဆောက်မြို့။

P.O.Box (21) , Mae Sot , 63110
Tak Province , Thailand
E-mail : ntg05journal@yahoo.com
doctorlunswe@yahoo.com
sorpdb@yahoo.com
Ph : BMA Office - 055544495
Dr Lun Swe - 0812841418
Nai Aye Lwin - 0895626248

ကြယ်ဖြူ

ဝင်လိုက်တတ်ပါတယ်

❐ ၂၀၀၁၊ ဖေဖော်ဝါရီလ (၁၃)ရက်။

ဒီနေ့ကို မြန်မာပြည်မှာ ကလေးများနေ့လို့ သိထားကြတယ်။ အကြောင်းကတော့ မြန်မာပြည်ရဲ့ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ မွေးနေ့ဖြစ်လို့လေ။ ဖြူတို့မြန်မာပြည်မှာ အရင်တုန်းက သိုက်သိုက်မြိုက်မြိုက် ကျင်းပခဲ့ကြဖူးပါတယ်။ အခုတော့ သိကြတဲ့အတိုင်းပဲ။ နအဖလက်ထက်မှာ ကျေးဇူးရှင်ကို ပြစ်မှားစော်ကား၊ ကျွေးတဲ့လက် ပြန်ကိုက်နေကြတာ ဝမ်းနည်းစိတ်မကောင်းစရာကြီးပါ။ ဖြူကတော့ ဘယ်သူအားပါပါ မပါပါ ကိုယ့်ခေါင်းဆောင်ရဲ့ မွေးနေ့ကို ဘယ်တော့မှမမေ့ဘူး။ မေ့စရာလည်း မဟုတ်ဘူးလို့ ခံယူထားပါတယ်။ ဒါကြောင့်လည်း ဖေဖော်ဝါရီလ (၁၃)ရက်နေ့ရောက်တိုင်း မနက်မိုးလင်းတာနဲ့ 'ဖေဖော်ဝါရီ (၁၃)မှာ ဗိုလ်ချုပ်မွေးနေ့ပါ၊ ၁၉၁၅ ရှေ့နေ ဦးဖါသား'အစရှိတဲ့ ချစ်စရာကဗျာလေးကို ရွတ်ဆိုမိတယ်။ ဒါက သမိုင်းကြောင်းသိဖို့ ပြောပြနေတာပါ။ အဓိကပြောချင်တာက ဒါမဟုတ်ပါဘူး။ ဒီနေ့လေးကို မှတ်မှတ်ရရရှိလွန်းလို့ တဆက်တည်း ပြောနေတာပါ။ အဓိကအကြောင်းက ဖြူတို့တွေ့ကြုံလိုက်ရတဲ့ စိတ်မကောင်းစရာအဖြစ်အပျက်ကလေးပေါ့။ အဲဒီနေ့ နေ့လယ်လောက်မှာ ဖြူ့တူမလေး ဖြူတို့အိမ်ကို ပြာရိပြာယာ ရောက်လာတယ်။

'အန်တီဖြူရေ သမီးယောင်းမ မွေးပြီ'

'ဟယ်.. ဟုတ်လား ဘာလေးလဲ၊ ဘယ်အချိန်လဲ'လို့ ဖြူ ဝမ်းသာအယ်လဲ မေးမိတယ်။ သိပ်ဝမ်းသာသွားတာက ဖြူတို့အသိုင်းအဝိုင်းထဲမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့မွေးနေ့၊ မွေးရက်နဲ့ တထပ်တည်းကျတဲ့ ကလေးရှိပြီဖြစ်လို့ပေါ့။

'သမီးရယ်၊ အန်တီဖြူဝမ်းသာလိုက်တာ၊ ဒီနေ့ ဘာနေ့လဲ သမီးသတိထားမိလား'

'အင်္ဂါနေ့လေ အန်တီဖြူရဲ့၊ ယောကျ်ားလေးဆိုတော့ အင်္ဂါသားလေးပေါ့။'

'အယ် .. ဒါကိုပြောတာမဟုတ်ဘူး။ ဒီနေ့က ဗိုလ်ချုပ်အောင်ဆန်းရဲ့မွေးနေ့လေ။ ဒါကြောင့် အန်တီဖြူဝမ်းသာသွားတာ။ အန်တီဖြူ မြေးလေးကို ဂုဏ်ပြုရအုံးမယ်။ လူကြီးရော နေကောင်းတယ်မဟုတ်လား'အဲဒီအချိန်မှာပဲ တူမလေးရဲ့မျက်နှာ တော်တော်ပျက်သွားတယ်။

'လူကြီးက နေကောင်းပါတယ် အန်တီဖြူ၊ ဒါပေမယ့်'

'ဘာ ဒါပေမယ့်လဲ၊ ပြောစမ်းပါအုံး၊ သမီးဟာကလည်း အထိတ်တလန့် ကလေးနေမကောင်းလို့လား၊ ရိုးရိုးမွေးတာ မဟုတ်လား၊ လေစုပ်မွေးရတာတို့၊ ညှပ်ဆွဲမွေးရတာတို့ မဟုတ်ရင် ကလေးနေကောင်းမှာပါ။ တချို့အသားဝါကြတာတော့ ရှိတာပဲ။ ဒါ ဆိုရင်တော့ စိတ်မပူပါနဲ့။ အလွယ်လေး ကုနိုင်ပါတယ်'

ဖြူလည်း တတ်သလောက် မှတ်သလောက် လက်ချာရိုက်လိုက်တာမှာ တူမလေးက ...

'မဟုတ်ဘူး အန်တီဖြူ၊ ကလေးက ရိုးရိုးပဲမွေးပြီး ကျန်းမာပါတယ်။ (၈)ပေါင်ကျော်တောင်ရှိတယ်။ အခုသမီးလာတာ မမေကလွှတ်လိုက်လို့၊ အန်တီဖြူဆီသွားပြောပါတဲ့။ မမေလည်း အရမ်းစိတ်မကောင်းဖြစ်နေတယ်။'

'ဟယ် ... မြန်မြန်ပြောစမ်းပါ နင်ကလည်း ရုပ်ရှင်ထဲကအတိုင်းလုပ်မနေပါနဲ့ ပြောစမ်း ပြောစမ်း'

'ကလေးကလေ ဘယ်ဘက်ခြေထောက်ကလေးက ကောက်နေတယ်'

'ဟင် ... ဒါဆို ဘယ်လိုလုပ်မလဲ၊ ဘယ်လောက်တောင် အခြေအနေဆိုးလို့လဲသမီးရယ်၊ အန်တီဖြူ စိတ်မကောင်းလိုက်တာ၊ အခု မမေအိမ်မှာရှိလား၊ ဘယ်မှာရှိနေလဲ၊ အန်တီဖြူလိုက်ခဲ့မယ်'

တူမလေးပြောတဲ့ မမေဆိုတာက ဖြူ့အစ်မ အလတ်လေ၊ စိတ်ပူစရာရှိရင် အရမ်းပူ၊ ပျော်စရာရှိရင်အရမ်းပျော်နဲ့ အလွန်စိတ်ပျော့ပြီး ဆုံးဖြတ်ချက်ချရာမှာ နှေးကွေးသူပါ။ ဒါကြောင့်လည်း သူ့ကို နှစ်သိမ့်ဖို့ ဖြူတို့အိမ်နဲ့ တလမ်းကျော်မှာရှိတဲ့ အစ်မလတ်အိမ်ကို ချက်ချင်းလိုက်သွားလိုက်တယ်။ သူ့အိမ်လည်းရောက်ရော အစ်မလတ်ရဲ့သား အခုမွေးတဲ့ ကလေးရဲ့ဖခင် တူလေးက

'အန်တီဖြူ၊ မေမေဆေးရုံမှာ၊ အန်တီဖြူမအားရင် ညနေလူနာတွေ့ချိန်မှသွားလေ၊ သားဆိုင်ကယ်နဲ့ လိုက်ပို့ပေးမယ်'

'ပို့မယ်ဆိုရင် အခုပို့သားရေ၊ ညို့ကို စိတ်မချဘူး၊ သူအားငယ်နေတော့မှာ၊ လာ သွားမယ်သား'

အစ်မလတ်ညိုတို့အိမ်ကနေ တိုင်းဆေးရုံကြီး၊ သားဖွားဆောင်ရှိရာကို အမြန်ဆုံးနှုန်းနဲ့ အရောက်သွားခဲ့ရတယ်။ ဆေးရုံကြီး သားဖွားဆောင်ရဲ့ စပါယ်ရှယ်ဆောင်ကို တူလေးက ဦးဆောင်ခေါ်သွားတယ်။ အခန်းထဲမှာတော့ ကလေးအမေက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေရဲ့။ ဖြူ့အစ်မမျာတော့ ခြေသံကြားရာ လှည့်ကြည့်လို့ သူ့မျက်နှာမျက်ရည်တွေနဲ့။

'ဖြူရေ ... ဒီမှာကြည့်ပါအုံး ညို့မြေးလေးလေ၊ သနားပါတယ် ခြေထောက်ကလေးက'

'ညို ... ဖြူသိပြီးပြီ၊ စိတ်ပူလို့ သိသိချင်းပြေးလာတာ။ ကြည့်မယ်နော် ညို'

ညိုက ကလေးရဲ့ အနီးဖြူဖြူလေးကို ခွာပြတယ်။ ကလေးလေးက ဖြူဖြူကစ်ကစ်ကလေး၊ တကိုယ်လုံး အသားပြည့် ဖောင်းဖောင်းလေးနဲ့၊ သူလည်း သူ့အမေလိုပဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လို့ ဘာမှမသိရှာတဲ့ အပြစ်မဲ့လေ၊ ဘာကြောင့် အပြစ်အနာအဆာပါလာရတာလဲရှင်။

ဖြူ ကလေးလေးမနိုးအောင် ဂရုစိုက်ပြီး သူ့ခြေထောက်ကလေးကို ကိုင်ကြည့်လိုက်တယ်။ ခြေဖဝါးလေးက အတွင်းထဲကောက်ဝင်လို့၊ ဖြစ်တဲ့ ဘယ်ဘက်ခြေထောက်ကလေးတခုလုံးလည်း ညိုမဲနေတာပဲ။ ကောက်နေတဲ့ ခြေဖမိုးပေါ်က အနာရွတ်သဏ္ဌာန် နီညိုညိုကြီးက စိတ်မချမ်းသာစရာ။ ညိုက –

'ဖြူရေ ... ညိုတော့ ငိုပဲငိုနေရတာပဲ။ မီးနေသည် စိတ်ဆင်းရဲမှာပူရတာတမျိုးနဲ့ တယောက်တည်း ကြိတ်မခံစားနိုင်လို့ ဖြူကိုပြောခိုင်းလိုက်ရတာ။ တခြားဘယ်သူ့ကိုမှလည်း မပြောရဲဘူး'

'ဟာ .. ညိုကလည်း ဘာမပြောရဲဘူးလဲ၊ ဒီလိုဖြစ်တာ ဘာမှားလို့လဲ၊ မွေးတဲ့အမေမှာလည်း အမှားမရှိဘူး၊ အဖေမှာလည်း အမှားမရှိဘူး။ ညို့ချွေးမ ကိုယ်ဝန်ဆောင်ကတည်းက ဆရာဝန် (O.G) ညွှန်ကြားသမျှ အကုန်လိုက်နာခဲ့တာပဲ။ ဘယ်သူမှ ကဲ့ရဲ့စရာမလိုဘူး။ ဖြူအဓိက သိချင်တာက ဆရာဝန်က ဘာပြောလဲ'

အဲဒီတော့ ညို့မျက်နှာနည်းနည်းကြည်လာတယ်။

'(O.G) က အရိုးအကြော ဆရာဝန်ကြီးနဲ့ ပြပေးပြီးပြီ။ ဆရာက သဘက်ခါ ခွဲခန်းခေါ်ပြီး ကျောက်ပတ်တီးစည်းပေးမယ်တဲ့။အနည်းဆုံး (၄၅)ရက်ကျော် ကျောက်ပတ်တီးစည်းထားရမယ်၊ နတုန်းမလုပ်ရင် ကောင်းဖို့ တာဝန်မယူဘူးတဲ့။'

'အေး ... ညို ကိုယ် ဘာမှ နားမလည်တာ။ ဆရာဝန်ညွှန်ကြားသလို လုပ်လိုက်ပေါ့။ ကောင်းဖို့လုပ်တာပဲ။ ဘာမှစိတ်မပူပါနဲ့၊ ဖြူလည်း လိုတာအကုန်လိုက်လုပ်ပေးမယ်။'

'ဒါဆို သဘက်ခါခွဲခန်းဝင်ရင် ဖြူလာနေပေးပါနော်၊ ညို အားငယ်တယ်'

'မခေါ်လည်း လာနေပေးမှာ၊ ဘာမှမပူနဲ့၊ မနက်အစောကြီးကတည်းက လာခဲ့မယ်။ လိုအပ်ရင် တညကြိုအိပ်ပေးမယ်လေ'

'ရပါတယ်ဖြူ၊ ညမအိပ်ပါနဲ့၊ ဖြူမှာလည်း မိသားစုတာဝန်နဲ့ အလုပ်တဘက်နဲ့၊ သဘက်ခါမနက် (၈)နာရီလောက်လာရင် ရပါပြီ၊ ကျေးဇူးတင်ပါတယ်ဖြူရယ်'

'အယ် .. ကျေးဇူးတွေ ဘာတွေလုပ်မနေနဲ့၊ ကဲ ကလေးကို အနီးပြန်ပတ်လိုက်အုံး၊ လာသမျှလူတွေကိုလည်း ပြမနေနဲ့အုံး၊ ကလေးအမေ သိပြီးပြီလား'

သိတယ်ဖြူ၊ သူကတောင် ညို့ကို နှစ်သိမ့်နေသေးတယ်။ သူ့သူငယ်ချင်းရဲ့ကလေးလည်း ဖြစ်ဖူးတယ်။ ကျောက်ပတ်တီးစည်းလိုက်တာ အခုကောင်းလို့ကျောင်းတောင်တက်တဲ့ အရွယ် ရောက်နေပြီတဲ့'

'ကောင်းပါလေ့ ညိုရယ်၊ ဖြူဆက်ဆက်လာခဲ့မယ်၊ ဟော့ ..ညို နင့်ကလေးက ထူးခြားမယ်နော်၊ ဖြူတို့ ဗိုလ်ချုပ်မွေးနေ့နဲ့ တရက်တည်း ။ စနေနဲ့ အင်္ဂါပဲကွာတယ်။ ဗိုလ်ချုပ်ကစနေသား။ အဲဒီတော့ ဘာမှမပူနဲ့ လက်မကောင်းကောင်းထောင်ထား၊ သိလား၊ တို့တော့ ဂုဏ်ယူတယ်'

'အေးဟယ် ... ဟုတ်သားပဲ။ ညို့ဖြင့် အမှတ်တောင် မရဘူး။ ဖြူလာမှပဲ စိတ်ချမ်းသာသွားတော့တယ်။ စိတ်ချဖြူ၊ ညို့မြေးလေးကို ဗိုလ်ချုပ်နံမည်ပါအောင် နာမည်ပေးမယ်။'

တကယ်ပါပဲ၊ ညို့မြေးလေးကို ညိုကနာမည်ပေးတယ်။ နေ့နဲ့နံနဲ့လည်းကိုက်အောင် (ညီတေဇ) တဲ့၊ အခုဆိုရင် 'ညီတေဇ'လေး (၅)နှစ် ကျော်ပြီပေါ့။ ဖြူဖြင့် တွေ့ချင်လိုက်တာ။ ရှိပါစေတော့လေ၊ တနေ့နေ့ တချိန်ချိန်ပေါ့။

အချုပ်ပြောရရင် ခွဲခန်းကို (၁၅.၂.၂၀၀၁)မနက် (၁၀)နာရီ ခွဲလောက်မှာ ဝင်တယ်။ မကြာပါဘူး နာရီဝက်နဲ့ ကိစ္စပြီးသွားတယ်။ ကလေးလေးက ကျောက်ပတ်တီးလေးနဲ့ဆိုတော့ အနေရခက်ရှာမှာပေါ့။ အဖွားနဲ့အမေကလည်း ဂရုစိုက်လိုက်တာ။ ဒဏ်ရာခြေထောက်ကလေးကို တမမနဲ့ပေါ့။ ကြာတော့လည်း ညို့အတွက် မထူးဆန်းတော့ပါဘူး။ သူတို့စိတ်ထဲမှာတော့ ကျောက်ပတ်တီးဖြည်မဲ့နေဟာ စိတ်လှုပ်ရှားစရာအကောင်းဆုံးနေ့ပဲ ဖြစ်မှာပေါ့။ တလခွဲကြာတော့ ကျောက်ပတ်တီးဖြည်တယ်။ အားလုံးကောင်းတယ်။ ခြေထောက်ကို မထောက်ခိုင်းဖို့ ဆရာဝန်ကြီးက မှာတယ်။ ခြေဖမိုးပေါ်က နီညိုညို ကြီးကတော့ ကြီးကြီးလာတယ်။ ဒါက ကိစ္စမရှိပါဘူး။ လမ်းလျှောက်တတ်တဲ့အရွယ်ရောက်ရင် ခြေထောက်ကောင်းကောင်းနဲ့ ပုံမှန်ထောက်နိုင်ဖို့က အရေးကြီးတာပါ။ ညို့အတွက်ကတော့ စိတ်ချမ်းသာသွားရပြီ။ တကယ့်အဖြစ်အပျက်က ဖြူ့ကိစ္စရောက်လာပြီ။ ဖြူ့မှာလည်း သမီးကြီးက ကိုယ်ဝန်ကြီးနဲ့၊ ရန်ကုန်မှာနေတာလေ။ ဖြူ့ဆီလာမွေးမယ်ဆိုပြီး ကိုယ်ဝန် (၅)လကတည်းကရောက်နေတာ။ သူ့အတွက် ဖြူပူရပြီ၊ ဖြူကိုယ်ဝန်ဆောင်တိုင်း ပူရတဲ့အပူမျိုးပါပဲ။ ဖြူမှာ သားသမီးသုံးယောက်ရှိတယ်။ သုံးခါစလုံးပဲ ပူရတယ်။ ယောကျ်ားလေး၊ မိန်းကလေး ကြိုက်တာမွေး ဘယ်တော့မှမပူဘူး။ ဖြူတို့ခေတ်တုန်းက အာလ်ထရာဆောင်းဆိုတာလည်း မပေါ်သေးဘူး။ သိလည်းမသိချင်ဘူး။ မိခင်တိုင်းလိုပါပဲ။ ကိုယ်အင်္ဂါစုံပါ့မလားပေါ့။ ဖြူ့ကလေးသုံးယောက်စလုံး ဘာမှမဖြစ်ဘူး။ အကုန်ပြည့်စုံကြတယ်။ အခုသမီးကိုယ်ဝန်ဆောင်တော့ ယောကျ်ား၊ မိန်းမတော့ သိရပါရဲ့။ အဲဒီအသိက ကိုယ့်ကို အထောက်အကူမပြုဘူး။ ကိုယ်အင်္ဂါစုံပါစေ၊ ညိုစိတ်ဆင်းရဲရသလို မဆင်းရဲပါစေနဲ့ပေါ့။ နေ့တိုင်း ဆုတောင်းနေရတယ်။ ကိုယ့်ရှေ့က နမူနာက ရှိထားတော့ ပိုစိုးရိမ်တယ်။ ဖြူ့သမီးကြီးကလည်း ညို့လိုပဲ။ သိပ်စိတ်ပူတတ်တယ်။ ညို့အဖြစ်ကို သိပြီးကတည်းက တပြောတည်းပြောနေတာက –

'မေမေ သမီးကလေး ဘာမှဖြစ်မှာမဟုတ်ပါဘူးနော်။ မေမေ သမီးအတွက် ဆုတောင်းပေးနော်'

လို့ နေ့တိုင်းပါပဲ။ တခါတလေတော့လည်း စိတ်လှုပ်ရှားလို့။

'နေစမ်းပါသမီးရယ်၊ နေ့တိုင်းမပြောနဲ့၊ နားငြီးလာပြီ။ ဒီအကြောင်းက လွဲလို့ မပြောတတ်ဘူးလား' ဆိုပြီး ဖြစ်ညှစ်အော်လိုက်ရတယ်။ မိခင်သောကကို သူတို့ အခုမှသိပေမယ့် ကိုယ်ချင်းစာပါတယ်။ သူ့စိတ်ပေါ့ပါးစေတော့လို့ တမင်စိတ်ဆိုးပြလိုက်တာပါ။ ဖြူလည်း ဘာထူးလို့လဲ၊ မွေးခါနီးလေ စိုးရိမ်စိတ်များပြီး အိပ်မက်တွေ လျှောက်မက်လေပဲ။ ရက်တွေ၊ လတွေ၊ အချိန်တွေဆိုတာက ကိုယ်မမျှော်လည်းရောက်၊ ကိုယ်မျှော်လည်းရောက်ဆိုတော့လေ၊ ရောက်လာပါပြီ။

ကြက်ငှက်တုပ်ကွေးကာကွယ်ဆေးမှောင်ခိုကုန်ကူးသူ(၃)ဦးကို ထိုင်းရဲက လက်ရဖမ်းဆီး

တရုတ်ပြည်လုပ် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေး ပုလင်း(၁၈၀၀)ကို ဟောင်ကောင်မှ ထိုင်းနိုင်ငံသို့ ဆာမွီကျွန်း လေဆိပ်မှတဆင့် မှောင်ခိုတင်သွင်းရန် ကြိုးစားသည်ဟူသော စွဲချက်ဖြင့် ဘန်ကောက်နေ လူ(၃)ဦးကို ထိုင်းရဲက ဖမ်းဆီးခဲ့ကြောင်း တနင်္ဂနွေနေ့တွင် မီဒီယာများက ရေးသားဖော်ပြခဲ့သည်။ ခန့်မှန်းခြေ ဘတ်သန်း(၂၀)ခန့် တန်ကြေးရှိ ကာကွယ်ဆေးများပါဝင်သည့် ပါဆယ်ထုပ်များကို သယ်ယူရန် ရောက်ရှိလာသော သံသယရှိသူ ဘန်ကောက်နေ လူ(၃)ဦးစလုံးကို ထိုင်းပင်လယ်ကွေ့ရှိ ကမ္ဘာလှည့်ခရီးသွားအများစု အဓိက ကျက်စားရာ ဆာမွီကျွန်း၌ စနေနေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

မှောင်ခိုတင်သွင်းလာသည့် ကာကွယ်ဆေးများသည် ဘန်ကောက် လေကြောင်းလိုင်း ပီဂျီ ၈၀၄ ဖြင့် ဆာမွီလေဆိပ်သို့ ဆိုက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ဘန်ကောက်ပို့စ်က ရေးသားဖော်ပြခဲ့သည်။ 'မှောင်ခိုသမားတွေအနေနဲ့ သုဝဏ္ဏဘူမိလေဆိပ်က အကောက်ခွန်အရာရှိတွေရဲ့ စစ်ဆေးမှုကို ရှောင်တိမ်းပြီး ဘန်ကောက်ကို ဘတ်စ်ကားနဲ့သယ်ဖို့ ဟောင်ကောင်-ကိုဆာမွီ တိုက်ရိုက် လေကြောင်းလိုင်းကို အသုံးပြုခဲ့တာလို့ ကျနော်တို့ ယူဆပါတယ်'ဟု ရဲဒုဗိုလ်မှူးကြီး ကိုဆောလ်ကေးန်ကရောက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအနေနှင့် နိုင်ငံခြားသို့ ကြက်သားတင်ပို့ခြင်း၌ ဆန့်ကျင်ဘက် အကျိုးသက်ရောက်မည်ကို စိုးရိမ်ထိတ်လန့်သည့်အတွက် ဒေသဆိုင်ရာ ကြက်ဘဲမွေးမြူသူများအကြား H5N1 ကာကွယ်ဆေးများ အသုံးပြုခြင်းကို တားဆီးပိတ်ပင်ထားခဲ့သည်။ ယခင်က ထိုင်းနိုင်ငံ၏ ကြက်တင်ပို့ရာ အဓိကဈေးကွက်ဖြစ်သည့် ဥရောပသမဂ္ဂသည် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု ဖြစ်ပေါ်နေပြီး ကာကွယ်ဆေး အသုံးပြုနေရသည့် နိုင်ငံများမှ ကြက်တင်ပို့ခြင်းကို ကာလ ပိုမိုကြာရှည်စွာ ပိတ်ပင်တားဆီးမှု ပြုလုပ်ထားသည်။ ■

dpa German Press Agency / 6.1.2007

သားအိမ်ခေါင်းကင်ဆာဆေးသည် အမျိုးသားများအတွက်လည်း အကျိုးရှိနိုင်

သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားမှု ထောင်ပေါင်းများစွာကို တားဆီးကာကွယ်နိုင်သည့် human papillomavirus ကို တိုက်ဖျက်သည့် ကာကွယ်ဆေးသစ်သည် စအိုကင်ဆာကို ကုသရာတွင်လည်း အသုံးပြုနိုင်သည်ဟု အမေရိကန် ဆေးပညာရှင်များက ပြောကြားသည်။ အိပ်ချ်ပီဗွီ ကာကွယ်ဆေးကို သားအိမ်ခေါင်းကင်ဆာရောဂါကုသရန်အတွက် အစားအစာနှင့် ဆေးဝါးဌာနမှ ပြီးခဲ့သည့်နှစ်က ထောက်ခံချက်ပေးခဲ့သည်။ ဆန်ဖရန်စစ္စကို၊ ကယ်လီဖိုးနီးယား တက္ကသိုလ်မှ ဒေါက်တာ ဂျိုးလ်ပါလက်ဖ်စကီးက အဆိုပါ ကာကွယ်ဆေးကို စအိုကင်ဆာဖြစ်ပွားစေသည့် အိပ်ချ်ပီဗွီမျိုးစိတ်အတွက်လည်း အသုံးပြုနိုင်ကြောင်း နယူးယောက်တိုင်းမ် သတင်းစာသို့ ပြောကြားခဲ့သည်။

'သားအိမ်ခေါင်းဟာ ဇီဝဗေဒအရ စအိုနဲ့တူတယ်။ အဲဒါကြောင့်မို့ ဒီဆေးဟာ စအိုကင်ဆာကုသဖို့အတွက်လည်း မျှော်လင့်ချက် အများကြီးရှိတယ်'ဟု သူကပြောကြားခဲ့သည်။ အမျိုးသားများ၌ သားအိမ်ခေါင်းကင်ဆာ ပျံ့နှံ့မှုသည် အမျိုးသမီးများတွင် သားအိမ်ခေါင်းကင်ဆာ ပျံ့နှံ့သည့်နှုန်းနှင့် တခါက ဆတူဖြစ်ခဲ့သည်။ အမျိုးသားများတွင် ထိရောက်မှုရှိသည်ဆိုသည်ကို အရင်သက်သေပြရဦးမည်ဟု ဆေးပညာရှင်များက သတိပေး ပြောကြားနေစဉ်မှာပင် စမ်းသပ်မှုရလဒ်များက မျှော်လင့်ချက်ပေးစွမ်းနိုင်ခဲ့သည်ဟု သတင်းစာက ရေးသားဖော်ပြခဲ့သည်။ ရောဂါပိုးကူးစက်မှုကို တားဆီးရန်အတွက် ရည်ရွယ်လုပ်ဆောင်သည့် အခြားစမ်းသပ်မှုများ မရေမရာဖြစ်နေချိန်တွင် အိပ်ချ်ပီဗွီကာကွယ်ဆေးသစ်သည် ယောကျ်ားကလေးများတွင် ခုခံအားတုံ့ပြန်မှု တိုးတက်စေသည်ကို ယခင်စမ်းသပ်ချက်များ၌ တွေ့ရှိခဲ့သည်။

အနာဂတ်တွင် အသုံးပြုနိုင်ရန်အတွက် ကုသရေးဆိုင်ရာ စမ်းသပ်မှုများ စတင်လုပ်ဆောင်နေစဉ်မှာပင် အချို့သော ပုဂ္ဂိုလ်များက အက်ဖ်ဒီအေ၏ ခွင့်ပြုချက်မရဘဲ ကာကွယ်ဆေးကို စတင်အသုံးပြုနေကြပြီဟု သတင်းစာက ရေးသားဖော်ပြခဲ့သည်။ ■

United Press International / 31.1.2007

ကြက်ငှက်တုပ်ကွေးရောဂါနှင့်နောက်ထပ်သေဆုံးမှုကို အင်ဒိုနီးရှားသတင်းထုတ်ပြန်

အင်ဒိုနီးရှားနိုင်ငံသည် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားပြီး နောက်ထပ် လူသေဆုံးခဲ့မှုကို သတင်း ထုတ်ပြန်ခဲ့သည်။ အလယ် ဂျာဗားကျွန်း မာဂီလန်ခရိုင်မှ အသက်(၆)နှစ်အရွယ် မိန်းကလေးတဦး ဇန်နဝါရီလ (၁၉)ရက်နေ့က ကွယ်လွန်ခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။ ကနဦး စုံစမ်းစစ်ဆေးမှု၌ ကြက်သေကို ကိုင်တွယ်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ပြစ်တင်ပြောကြားခဲ့သည်။ တနင်္လာနေ့၌ပင် ရုရှားအာဏာပိုင်များကလည်း တောင်ပိုင်း ခရက်စ်နိုဒါဒေသရှိ မွေးမြူရေးခြံ(၃)ခုတွင် တွေ့ရှိသည့် ငှက်သေများသည် ရုရှားနိုင်ငံ၏ ပထမဆုံး ကြက်ငှက်တုပ်ကွေး ဖြစ်ပွားမှုများ ဖြစ်ကြောင်းသတင်းထုတ်ပြန်သည်။

ဟန်ဂေရီအရာရှိများကလည်း လွန်ခဲ့သည့်အပတ်က ကြက်ငှက်တုပ်ကွေးရောဂါ တွေ့ရှိခဲ့သည့် တောင်ပိုင်းရွာတရွာမှ ဥဝပ်နေသည့် ဘဲငန်းအကောင် ၉၀၀၀ ကျော်ကို သုတ်သင်ခဲ့ကြောင်း ပြောကြားသည်။ ကြက်ငှက်တုပ်ကွေးရောဂါ သံသယရှိသူ နိုင်ဂျီးရီးယားနိုင်ငံသား (၁၄)ဦးကို စမ်းသပ် စစ်ဆေးရာတွင် ဗိုင်းရပ်စ်ပိုးမတွေ့ရှိဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားနေချိန်အတွင်း ငှက်တုပ်ကွေးကဲ့သို့သော လက္ခဏာများနှင့် သေဆုံးခဲ့သည့် အမျိုးသမီးများကို စမ်းသပ်စစ်ဆေးရာ၌ သုံးဦးတွင် အိပ်ချ်ဖိုက်အဲန်ဝမ်းဗိုင်းရပ်စ် တွေ့ရှိခဲ့သည်ဟု ဆိုသည်။ အိပ်ချ်ဖိုက်အဲန်ဝမ်း ကြက်ငှက်တုပ်ကွေး မျိုးစိတ်ကြောင့် ၂၀၀၃ ခုနှစ်မှစ၍ လူ(၁၆၄)ဦး သေဆုံးခဲ့ပြီး ဖြစ်သည်။ သေဆုံးသူများကို စစ်ဆေးကြည့်ရာတွင် ကြက်ငှက်အသေများကို ကိုင်တွယ်ထိတွေ့ခြင်းကြောင့် အသက်ဆုံးရှုံးကြရခြင်းဖြစ်သည် ဆိုသည်ကိုသာ ဖမ်းဆုပ်နိုင်သည်။ သို့သော် အချို့သော ဆေးပညာရှင်များက အိပ်ချ်ဖိုက်အဲန် ဝမ်းဗိုင်းရပ်စ်သည် လူလူချင်း အလွယ်တကူ ကူးစက်ပြီး သန်းပေါင်းများစွာ သေစေနိုင်သည့် မျိုးစိတ်တခုအဖြစ်သို့ သန္ဓေပြောင်းသွားမည်ကို အထူးစိုးရိမ်နေကြသည်။ ■

VOA News / 29.1.2007

သန့်ရှင်းသောဆေး

တတိယအကြိမ်မြောက်ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားဟု ဂျပန်နိုင်ငံအတည်ပြုပြောကြား

ဂျပန်အစိုးရ အရာရှိများက ယခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ တတိယမြောက် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို အတည်ပြုကြေညာခဲ့သည်။ အိုကာရားမားအနောက်ပိုင်းစီရင်စုရှိ မွေးမြူရေးခြံ(၃)ခုတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ် အိပ်ချ်ဖိုက်မျိုးစိတ်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း အစိုးရအရာရှိများက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။ စီရင်စုမှ ထုတ်ပြန်ကြေညာချက်အရ တာကာဟာရှိမြို့ရှိ ကြက်ခြံတခုတွင် ဗိုင်းရပ်စ်ပိုးကူးစက်မှုကြောင့် ကြက်ကောင်ရေ(၄၀)ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

ဂျပန်စိုက်ပျိုးရေးဌာနသည် ယခုနှစ်အတွင်း နိုင်ငံ၏ ဒုတိယမြောက် ကြက်ငှက်တုပ်ကွေး ရောဂါ ကူးစက်မှုကို ကျူရှူးကျွန်း တောင်ပိုင်း မီယာဇာကီစီရင်စုရှိ ကြက်ကောင်ရေ (၅၀၀၀၀)မွေးမြူထားသည့် ကြက်ခြံတွင် တွေ့ရှိခဲ့ကြောင်း ဇန်နဝါရီလ (၂၅)ရက်နေ့က ကြေညာခဲ့သည်။

အဆိုပါ ကြက်ခြံမှ ကြက်များတွင် အိပ်ချ်ဖိုက်အဲန်ဝမ်းမျိုးစိတ် ကူးစက်မှုကို တွေ့ရှိခဲ့သည်။ ဇန်နဝါရီလ အစောပိုင်းက တိုကျိုမြို့ အနောက်တောင်ဘက် ကီလိုမီတာ(၉၀၀) အကွာရှိ အဆိုပါစီရင်စုထဲမှ အခြား မြို့တမြို့တွင် အိပ်ချ်ဖိုက်အဲန် ဝမ်းကူးစက်မှုကြောင့် ကြက်ကောင်ရေ(၄၀၀၀)ကျော် သေဆုံးခဲ့သည်။

ဂျပန်နိုင်ငံအတွင်း ပထမဆုံးသော ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို ၂၀၀၄ခုနှစ်တွင် ဟွန်ချူးကျွန်း အနောက်တောင်ဘက်စွန်း ယာမာဂူချီစီရင်စုရှိ စီးပွားဖြစ်ကြက်ခြံတွင် တွေ့ရှိခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ ထိုနှစ်အတွင်း အိပ်ချ်ဖိုက်အဲန်ဝမ်း ကူးစက်မှု (၄)ကြိမ်ဖြစ်ပွားခဲ့သည့် အတွက် ကြက်ကောင်ရေ(၂၄၀,၀၀၀) သုတ်သင်ပြီး ကြက်ဥသန်း(၂၀)ကို ဖျက်ဆီးပစ်ခဲ့သည်။ ■

Earthtimes.org / 30.1.2007

အပြာရုပ်ပုံကြည့်ရှုခြင်းအတွက်ဖုန်းခဒေါ်လာ(၄၀၀၀)တောင်းခံလွှာ ရောက်ရှိလာမှုကြောင့်ကိုယ့်ကိုယ်ကိုယ်သတ်သေမှုဖြစ်ပွား

ကိုးရီးယားဆယ်ကျော်သက်တဦးသည် သူ၏လက်ကိုင်ဖုန်းဖြင့် အပြာရုပ်ပုံများ ကြည့်ရှုခဲ့ခြင်းအတွက် ဖုန်းခကျသင့်ငွေ ဒေါ်လာ(၄၀၀၀) တောင်းခံလွှာကို လက်ခံရရှိပြီးနောက် ကိုယ့်ကိုယ်ကိုယ် သတ်သေမှု ကျူးလွန်ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာ သတင်းများတွင် ရေးသားဖော်ပြခဲ့သည်။ အဆိုပါသေကြောင်းကြံမှု ဖြစ်ပွားပြီးနောက် လက်ကိုင်ဖုန်း ရှုးသွပ်သည့်နိုင်ငံ၌ ဖုန်းစွဲလမ်းမှု အပေါ် စိုးရိမ်မှုများ တိုးပွားလာသည့်အတွက် တောင်ကိုးရီးယားနိုင်ငံတွင် ဆယ်ကျော်သက်များနှင့် ကလေးသူငယ်များ လက်ကိုင်ဖုန်း သုံးစွဲမှုကို ကန့်သတ်ကောင်း ကန့်သတ်နိုင်သည်ဟု ဆိုသည်။

အစိုးရကော်မတီတရပ်သည် သောကြာနေ့က ကျင်းပသည့် အစည်းအဝေးတခု၌ တလလျှင် မိနစ် အကန့်အသတ်ဖြင့် လူငယ်လက်ကိုင်ဖုန်း အသုံးပြုသူများကို ထိန်းချုပ်ရန် ဆွေးနွေးခဲ့ကြသည်။ ပြီးခဲ့သည့်နှစ် အစောပိုင်း တလတွင် ဖုန်းခကျသင့်ငွေ ဒေါ်လာ(၄၀၀၀)တောင်းခံလွှာကို လက်ခံရရှိပြီးနောက် အသက်(၁၆)နှစ်အရွယ် ကျောင်းသားတဦး ကိုယ့်ကိုယ်ကိုယ်သတ်သေမှုတခု ဖြစ်ပွားအပြီးတွင် အစိုးရက ကနဦး ဆောင်ရွက်မှု စတင်ခဲ့ခြင်းဖြစ်ကြောင်း ဂျွန်ဂန်နေ့စဉ်ထုတ် သတင်းစာက ရေးသားဖော်ပြသည်။

သေကြောင်းကြံမှုအပေါ် အမှုဖွင့် တရားစွဲဆိုမှုအရ အဆိုပါကျောင်းသားသည် အပြာပုံများဖော်ပြသည့် ဝက်ဘ်ဆိုက်များနှင့် လူကြီးတွေအတွက် ရည်ရွယ်သည့် အခြားအပြာဝန်ဆောင်မှုများကို အလွန်အကျွံကြည့်ရှုပြီး ပိုက်ဆံအမြောက်အမြား ကျသင့်ခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ရသည်။ တောင်ကိုးရီးယား ဘဏ္ဍာရေး ဝန်ကြီး ဦးဆောင်သည့် ကော်မတီသည် ဖုန်းသုံးစွဲသူများ၏ အခြားအမှုကိစ္စ အမြောက်အမြားအနက် လူငယ်များ လက်ကိုင်ဖုန်း အသုံးပြုမှု ကန့်သတ်ရေးဆိုင်ရာ ကိစ္စများကို အဓိကထားဆွေးနွေးခဲ့ကြသည်။ အစိုးရမှ လက်ခံ အတည်ပြုခဲ့ပါက ဆယ်ကျော်သက်များနှင့် ကလေးငယ်များကို တလလျှင် မိနစ်အနည်းငယ်သာ အသုံးပြုခွင့် ကန့်သတ်မည့် လက်ကိုင်ဖုန်း 'ကာဖျူး'အမိန့် (သတ်မှတ်ချိန်အတွင်းသာ သုံးစွဲရမည့် အမိန့်)ကို နွေရာသီတွင် စတင်ထုတ်ပြန်နိုင်မည်ဖြစ်သည်။

အစိုးရအရာရှိများအနေနှင့် လက်ကိုင်ဖုန်းများတွင် လူငယ်များ အပြာပုံကြည့်ရှုနိုင်မှုကို တားဆီးသည့် တရားဝင်ကန့်သတ်မှုများ ထိရောက်စေမည့် နည်းလမ်းများကိုလည်း ဆွေးနွေးခဲ့ကြသည်။ သေဆုံးသူ ဆယ်ကျော်သက်ကျောင်းသား၏ မိဘများက ယခင်က ကိုးရီးယားတယ်လီကွန်းဟု လူသိများသည့် ကိုးရီးယားတယ်လီကွန်း ဖရီးတယ်လ် (ကေတီအက်ဖ်)နှင့် ကေတီကော်ပိုးရေးရှင်း လက်ကိုင်ဖုန်းကုမ္ပဏီကို တရားစွဲဆို အမှုဖွင့်ခဲ့သည်။ ဥပဒေအရ လုပ်ဆောင်ရန်လိုအပ်သည့် လူကြီးကိစ္စဝိစ္စများကို သူတို့၏သား ကြည့်ရှုခြင်းအား ပိတ်ပင်ရန် ပျက်ကွက်ခဲ့ခြင်းအတွက် လက်ကိုင်ဖုန်းကုမ္ပဏီကို ကလေးမိဘများက တရားစွဲခဲ့ခြင်း ဖြစ်သည်။

ကနဦး သတင်းဖော်ပြမှုများတွင် အဆိုပါ ဆယ်ကျော်သက်သည် သူ၏လက်ကိုင်ဖုန်းတွင် ဂိမ်းများကို ကစားသည့်အတွက် ဖုန်းခအမြောက်အမြား ကျသင့်ခဲ့ခြင်းဖြစ်သည်ဟု ရေးသားခဲ့ကြသည်။

ကေတီအက်ဖ်သည် တောင်ကိုးရီးယားနိုင်ငံ၏ ဒုတိယ အကြီးဆုံးသော လက်ကိုင်ဖုန်းကွန်ရက်ကုမ္ပဏီကြီးဖြစ်ပြီး ဈေးကွက်၏ ၃၂.၁ရာခိုင်နှုန်းကို ကြီးစိုးထားသည်။ တောင်ကိုးရီးယားနိုင်ငံတွင် လူဦးရေ ၄၉သန်းနီးပါးရှိသည့်အနက် လက်ကိုင်ဖုန်းအသုံးပြုသူ ၄၀.၂သန်းရှိသည်။ ■

PC Authority News / 30.1.2007

အစ္စရေးတရားရေးဝန်ကြီးဟောင်းလိင်ကိစ္စကျူးလွန်မှုအတွက် အပြစ်ရှိကြောင်းတွေ့ရှိ

အစ္စရေးတရားရုံးတခုက တရားရေးဝန်ကြီးဟောင်းဖြစ်သည့် ဟိုင်းမ်ရေမွန်အား လိင်ကိစ္စ ကျူးလွန်မှုအတွက် ပြစ်မှုထင်ရှားကြောင်း တွေ့ရှိခဲ့သည်ဟု စီရင်ချက်ချခဲ့သည်။ သူသည် အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုလ်မတ်၏ အနီးကပ်မိတ်ဆွေတဦးဖြစ်သည်။ ရေမွန်သည် လွန်ခဲ့သည့် နွေရာသီတွင် ဖြစ်ပွားခဲ့သည့် လက်ဘနွန်စစ်ပွဲ ပထမနေ့က အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနတွင် ပြုလုပ်သည့် ပါတီပွဲတခု၌ အမျိုးသမီးစစ်သမီးတဦးကို အတင်းအဓမ္မ နမ်းရှုပ်ခဲ့မှုအတွက် တရားစွဲခံရခြင်းဖြစ်သည်။

ထိုသို့ တရားစွဲဆိုခံရပြီးနောက်တလတွင် သူသည် တရားရေး ဝန်ကြီးရာထူးမှ နုတ်ထွက်ခဲ့သည်။ ယခုအခါတွင် သူ့ကို မဖွယ်မရာပြုမှု အက်ဥပဒေနှင့် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ သူသည် ထိုအမှုအတွက် ထောင်ဒဏ်(၃)နှစ် ကျခံရမည်ဖြစ်သည်။ လေ့လာသူများက တရားသူကြီးအဖွဲ့၏ အပြစ်ရှိကြောင်း စီရင်ချက်ချမှုသည် မစ္စတာအိုလ်မတ်၏ နိုင်ငံရေး ကံကြမ္မာအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိမည်မဟုတ်ကြောင်း သုံးသပ်ပြောဆိုသည်။ သို့သော် အစိုးရအရာရှိများက ရေမွန်ပြန်လာနိုင်တော့မည် မဟုတ်သည့်အတွက် အိုလ်မတ်အနေနှင့် အစိုးရအဖွဲ့ကို အပြောင်းအလဲလုပ်မည်ဟု မျှော်လင့်ရကြောင်း ပြောဆိုသည်။ ■

ABC Online News / 1.2.2007

ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးအတွက် ထိုင်းနိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှုကို ဒဗလျူအိပ်ချ်အို ချီးကျူး

အလည်အပတ် ရောက်ရှိနေသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရာရှိချုပ်သစ်က ကြက်ငှက်တုပ်ကွေးရောဂါသည် အရှေ့တောင်အာရှနိုင်ငံများအတွက် ပြည်သူ့ကျန်းမာရေးဆိုင်ရာ စိုးရိမ်ဖွယ် ပြဿနာကြီးတရပ်အဖြစ် ရောက်ရှိနေပြီး ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် နှစ်ပေါင်းများစွာ အချိန်ယူရဦးမည်ဖြစ်ကြောင်း သတိပေးပြောကြားလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်သစ် ဒေါက်တာမာဂရက်ချန်းက လူတွင်ဖြစ်ပွားသည့် အိပ်ချ်ဖိုက်အဲန်ဝမ်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများကို ဖော်ထုတ်နိုင်ရန်အတွက် ထိုင်းနိုင်ငံ၏ တုံ့ပြန်ဆောင်ရွက်မှုများကို ကြိုဆိုပြီး ရောဂါဖြစ်ပွားမှုအခြေအနေကို စောင့်ကြည့်စစ်ဆေးရန် ဒေသဆိုင်ရာ စေတနာ့ဝန်ထမ်း ၈၀၀,၀၀၀ ၏ အကူအညီနှင့် လုပ်ဆောင်ခဲ့သည့် တိုးတက်မှုများအတွက် ထိုင်းအစိုးရအား ချီးကျူးဂုဏ်ပြုခဲ့ကြောင်း ထိုင်းအစိုးရ ပြောရေးဆိုခွင့်ရှိသူ ယောင်ယုမာရာလက်ပ်က ပြောကြားသည်။

ဒေါက်တာချန်းသည် ဗုဒ္ဓဟူးနေ့က ထိုင်းဝန်ကြီးချုပ် ဆူရာရတ်ချူလာနွတ်အား အစိုးရအိမ်တော်သို့ သွားရောက်တွေ့ဆုံခဲ့သည်။ 'ဒဗလျူအိပ်ချ်အို ညွှန်ကြားရေးမှူးချုပ်က ၂၀၀၃ခုနှစ်မှာ အိပ်ချ်ဖိုက်အဲန်ဝမ်း ပြန်လည်ဖြစ်ပွားကတည်းက အရှေ့တောင်နဲ့ အရှေ့မြောက်အာရှနိုင်ငံတွေ လုပ်ဆောင်ခဲ့ကြတဲ့ ကြိုးပမ်းမှုတွေအတွက် ဂုဏ်ပြုစကား ပြောကြားခဲ့ပါတယ်။ ဒါပေမယ့်ရောဂါကို ထိန်းချုပ်နိုင်ဖို့အတွက် နှစ်ပေါင်းများစွာ အချိန်ယူလုပ်ဆောင်ရဦးမှာဖြစ်တယ်လို့လည်း သတိပေး ပြောကြားခဲ့တယ်'ဟု သူက ပြောကြားသည်။

အဆိုပါ ပြောခွင့်ရပုဂ္ဂိုလ်၏ ပြောကြားချက်အရ ထိုင်းဝန်ကြီးချုပ်သည် ကြက်ငှက်များနှင့် လူများတွင် ဖြစ်ပွားသည့် ကြက်ငှက်တုပ်ကွေးရောဂါကို တိုက်ဖျက်ရန် ထိုင်းနိုင်ငံ၏ ကတိကဝတ်ပြုထားမှုကို အလေးထား ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက ရောဂါဖြစ်ပွားမှု ရပ်စဲသွားခဲ့သည့် အရှေ့အာရှတခွင်၌ ထပ်မံပေါ်ပေါက်လာသည့် လူ(သို့မဟုတ်) ကြက်ငှက်များကို သတ်ဖြတ်သည့် သေစေတတ်သော အိပ်ချ်ဖိုက်အဲန်ဝမ်း ကြက်ငှက်တုပ်ကွေးရောဂါမျိုးစိတ်ကို ပြဿနာတရပ်အနေနှင့် ကိုင်တွယ် ဖြေရှင်းရန် ထပ်လောင်းကတိပြု ပြောကြားခဲ့ကြသည်။

ထိုင်းအာဏာပိုင်များက လုပ်ငန်းခွင်များတွင် လောလောလတ်လတ် ဖြစ်ပွားနေသည့် ကြက်ငှက်တုပ်ကွေးရောဂါကို တိုက်ဖျက်ချေမှုန်းနိုင်ရန် မူဝါဒပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်မှုများ ဆောင်ရွက်နေကြောင်း၊ စီမံကိန်းအနေနှင့် ၃ နှစ်မှ ၅နှစ်အထိ ကြာမြင့်မည်ဟု ခန့်မှန်းပြီး ကြိုတင်တားဆီးမှု တရပ်အဖြစ် မွေးမြူထားသည့် ကြက်ငှက်များကို ကာကွယ်ဆေးထိုးပေးခြင်းများ ပါဝင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ဇန်နဝါရီလက ထိုင်းနိုင်ငံ ခရိုင်(၂)ခုအတွင်း၌ ကြက်ငှက် အသေများတွင် အိပ်ချ်ဖိုက်အဲန်ဝမ်း ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးတွေ့ရှိမှု (၂)ကြိမ်ဖြစ်ပွားခဲ့ကြောင်း ဆက်တိုက်ကြေညာခဲ့သည်။ ယခုနှစ်အတွင်း လူတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကိုမူ မတွေ့ရှိရပေ။ ထိုင်းနိုင်ငံ၌ နောက်ဆုံးအတည်ပြုခဲ့သည့် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူ(၂၅)ဦးတွင် (၁၇)ဦး သေဆုံးခဲ့ပြီး ဖြစ်သည်။ ■

mcot.org / 1.2.2007

အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကိုတားဆီးရန် အကျဉ်းထောင်များတွင်ကွန်ဒုံးများလိုအပ်

ကီရာလာမှ ကျန်းမာရေးလုပ်သားတဦးက အကျဉ်းသားများအား ကွန်ဒုံးများဖြန့်ဝေပေးခြင်းဖြင့် လိင်တူဆက်ဆံမှု ဖြစ်ပွားနေသည့် သူတို့အကြား အေအိုင်ဒီအက်စ်ရောဂါ ပျံ့နှံ့မှုကို ကာကွယ်တားဆီးနိုင်သည်ဟု အကြံပြုပြောကြားခဲ့သည်။ ကီရာလာပြည်နယ် အေအိုင်ဒီအက်စ်ရောဂါ ထိန်းချုပ်ရေး အဖွဲ့အစည်းနှင့် ဆက်စပ်ဆောင်ရွက်နေသည့် အက်စ်ကေဟာရီကူးမာ၏ ပြောကြားချက်အရ ထောင်ထဲ၌ အတူနေသူများသည် တားဆီးရန်ခက်ခဲသည့် လိင်တူချင်းဆက်ဆံမှုများကို ပုံမှန်ကျူးလွန်နေကြသည်ဟုသိရသည်။

'ထောင်ထဲမှာ နီးနီးကပ်ကပ် အတူနေကြတဲ့ အကျဉ်းသား ၃၆ ဦးမှာ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုရှိနေတာကို ကျနော်တို့တွေ့ရပါတယ်။ ဘယ်သူတွေ လိင်တူဆက်ဆံမှု ကျူးလွန်ကြတယ်ဆိုတာကို အတူတူနေသူ အကျဉ်းသား အချင်းချင်း ဖြောင့်ချက်ပေးတာမျိုး မရှိပေမယ့် အဲဒီလို လုပ်ကြတယ်ဆိုတာကိုတော့ ပွင့်ပွင့်လင်းလင်း ပြောပြကြပါတယ်'ဟု အေအိုင်ဒီအက်စ် ဝေဒနာသည်များအကြား အလုပ်လုပ်နေသည့် စီမံကိန်း ထောက်ပံ့ရေးယူနစ်(ပီအက်စ်ယူ) ညွှန်ကြားရေးမှူး ဟာရီကူးမားက ပြောကြားသည်။ ပီအက်စ်ယူသည် ကီရာလာပြည်နယ်ရှိ အကျဉ်းထောင်(၂၂)ခုတွင် လိင်ပိုင်းဆိုင်ရာကျန်းမာရေး အစီအစဉ်တခုကို ဆောင်ရွက်နေသည့် အဖွဲ့ဖြစ်သည်။

ဟာရီကူးမာက အာဏာပိုင်များ အနေနှင့် အကျဉ်းသားများကို ကွန်ဒုံးဝေငှရန် အချိန်ရောက်ပြီဟု ခံစားရကြောင်း ပြောဆိုသည်။ 'အေအိုင်ဒီအက်စ် ပျံ့နှံ့မှုကို တားဆီးဖို့အတွက် ကွန်ဒုံးဝေဖို့ နည်းတနည်းပဲရှိတယ်'ဟု သူက ပြောကြားခဲ့သည်။ သို့သော် အကျဉ်းထောင်အုပ်ချုပ်ရေး ရဲအရာရှိချုပ် ဂျီဘာဘူရာ့ဂျ်က အကျဉ်းသားများကို ကွန်ဒုံးဝေငှရန်အတွက် ဥပဒေက ခွင့်ပြုထားခြင်း မရှိဟု ပြောကြားသည်။ ■

Earthtimes.org / 30.1.2007

ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အထိမ်းအမှတ် အခမ်းအနား မယ်တော်ဆေးခန်းတွင် ကျင်းပ

❐ နှစ်စဉ် လူ့အသက်ပေါင်းများစွာကို ဆုံးရှုံးစေပြီး အမျိုးသမီးများနဲ့ ကလေးသူငယ်များရဲ့ ဘဝတွေကို နစ်မွန်းစေတဲ့ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါကို တကမ္ဘာလုံးက ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းတိုက်ဖျက်နေကြပါတယ်။ ရောဂါကူးစက်မှုနှုန်း ကျဆင်းလာတဲ့ ဒေသတွေရှိသလို ကူးစက်မှုနှုန်းထား တိုးပွားလာတဲ့ ဒေသတွေလည်း ရှိနေပါတယ်။ လူသားအားလုံးအနေနဲ့ အေအိုင်ဒီအက်စ်ရောဂါကို ကာကွယ်တိုက်ဖျက်ရေးတာဝန်ကို မမေ့လျော့စေဖို့အတွက် ဒီဇင်ဘာ (၁)ရက်နေ့ကို ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့အဖြစ် သတ်မှတ်ပြီး ဟောပြောပွဲတွေ၊ အခြားအထိမ်းအမှတ် ပြိုင်ပွဲတွေကို ကမ္ဘာအနှံ့မှာ ပြုလုပ်ခဲ့ကြပါတယ်။ မယ်တော်ဆေးခန်းမှာ နှစ်စဉ် ဒီဇင်ဘာလ(၁)ရက်နေ့ ကျရောက်တိုင်း ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့ အခမ်းအနားကို ပြုလုပ်ခဲ့ရာ ယခုနှစ်မှာတော့ ယခင်နှစ်များကထက် ပိုမိုစည်ကားခမ်းနားစွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ အဆိုပါ အခမ်းအနားကို မဲဆောက်မြို့မှာရှိတဲ့ MAP, SAW, World Vision စတဲ့ အဖွဲ့အစည်းပေါင်းစုံက မယ်တော်ဆေးခန်းနဲ့ ပူးပေါင်း ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။ ကမ္ဘာ့အေအိုင်ဒီအက်စ် တိုက်ဖျက်ရေး အထိမ်းအမှတ်အနေနဲ့ အားကစားပြိုင်ပွဲများ၊ စာပေပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ပြဇာတ်တို ပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ မနက်ပိုင်းအစီအစဉ်အနေနဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအဖွဲ့အစည်းများစုပေါင်းပြီးမဲဆောက်ဆေးရုံမှာ စတင်ပြီး အုပ်စုလိုက်ချီတက်ပွဲကိုပြုလုပ်ခဲ့ကြပါတယ်။ အုပ်စုလိုက်ချီတက်ရာ လမ်းတလျှောက်မှာပညာပေးလက်ကမ်းစာစောင်များ၊ ကွန်ဒုံများကို ဖြန့်ဝေခဲ့ပါတယ်။ အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးအတွက် ၂၀၀၆ ခုနှစ် ဆောင်ပုဒ်ဖြစ်တဲ့ 'အေအိုင်ဒီအက်စ်ရပ်တန့်ရန် ဖြောင့်မှန်ကတိ တာဝန်သိ'ဆိုတဲ့ စာတန်းတွေကို ကိုင်ဆောင်ချီတက်ပြီး မယ်တော်ဆေးခန်းမှာ ပြန်လည်စုစည်းကာ ဟောပြောပွဲ အခမ်းအနားကို စတင်ခဲ့ပါတယ်။ 'ရောဂါ တိုက်ဖျက်ရေး ထိထိရောက်ရောက် မလုပ်နိုင်ရင် ရောဂါကူးစက်နှုန်း ပိုတိုးလာမှာ ဖြစ်ပါတယ်။ အခုထိလည်း ရောဂါဖြစ်နှုန်း ကူးစက်နှုန်းတွေ မကျဆင်းသေးပါဘူး။ ဒါကလည်း မျိုးဆက်ပွား ကျန်းမာရေးနဲ့ ပတ်သက်ပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ ဘဝလုံခြုံမှုမရှိတာတွေ ဆင်းရဲနေတာတွေ အသိပညာနည်းပါးတဲ့နေရာတွေ ရွှေ့ပြောင်းလူထုတွေကြားမှာ ပညာပေးလုပ်ငန်းတွေကို ချမှတ်ထားတဲ့ လမ်းစဉ်ကတိတွေအတိုင်း လက်တွေ့မားမားမတ်မတ်ရပ်တည်ပြီး လုပ်ဆောင်သွားရင် ရောဂါကူးစက်နှုန်း၊ ဖြစ်ပွားနှုန်းတွေ ကျဆင်းသွားနိုင်ပါတယ်။ ကျောင်းသူကျောင်းသား၊ဆရာ/ဆရာမ၊ ကျန်းမာရေးအဖွဲ့တွေ၊ အန်ဂျီအိုနှင့် လူ့အခွင့်အရေး အဖွဲ့တွေက ပူးပေါင်းပြီး လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ အေအိုင်ဒီအက်စ် ရောဂါဟာ လူတဦးချင်းစီနှင့် မပတ်သက်ပေမယ့်လည်း ဝိုင်းဝန်း တိုက်ဖျက်ကြရမှာဖြစ်ပါတယ်'လို့ ဒေါက်တာစင်သီယာမောင်က ပြောကြားသွားခဲ့ပါတယ်။

ထို့နောက် Peer Counselor ဖြစ်သူ မခင်လေးသွယ်မှ 'ကျမမှာ အိတ်ချ်အိုင်ဗွီပိုး ရှိတယ်လို့ စသိရတဲ့အချိန်မှာ ကိုယ်ဝန်နဲ့ပါ။ အားပေးမယ့်သူလည်း မရှိဘူး။ ကျမ အရမ်းအားငယ်ခဲ့ပါတယ်။ ဒါပေမယ့် ကျမစိတ်ကို ပြန်မြှင့်တင်ပြီး ကလေးကို ရအောင်မွေးခဲ့ပါတယ်။ အခုချိန်မှာ ကျမအားမငယ်တော့ပါဘူး။ ကျန်းမာရေး စေတနာ့ဝန်ထမ်းတွေနဲ့အတူ ရောဂါတိုက်ဖျက်ရေးအတွက် ပညာပေးလုပ်ငန်းတွေ လုပ်ဆောင်နေရတာ အရမ်းကို ကျေနပ်မိပါတယ်ရှင်'လို့ ပြောကြားခဲ့ပါတယ်။ သူမဟာ မြဝတီမြို့မှာ နေ စာမျက်နှာ(၁၂)သို့ ---▶

ဒေါက်တာစင်သီယာမောင် အဖွင့်မိန့်ခွန်းပြောကြားစဉ်

ကမ္ဘာ့အေအိုင်ဒီအက်စ်နေ့အထိမ်းအမှတ် ချီတက်လာကြစဉ်

မြန်မာနိုင်ငံဆေးပညာရှင်များအသင်းမှ ချီတက်လာစဉ်